mgyoe.com

SAMPLE BOOK

ဝင်းဝင်းမြင့်
၊နန်းတော်ရှေ့၊

# မိုးလင်းတော့မှာလား



mgyoe.com

mgyoe.com SAMPLE BOOK

လူ့ဘဝ ဆိုတာ
ဘယ်နေရာ၊ ဘယ်သူမဆို
ကိုယ့်တန်ဖိုးနဲ့ ကိုယ် ရှိကြစမြဲပါပဲ။
အကြောင်းကြောင်းကြောင့်
မူလတန်ဖိုးစစ်ကို မေ့ကြရတာပါ။

ဝင်းဝင်းမြင့်
၊နန်းတော်ရှေ့၊

# မိုး လင်း တော့ မှာ လား



မိုးလင်းတော့မှာလား ● ဝင်းဝင်းမြင့်
1883719850824
8,000 Ks

designedbyzanyehtut

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသည့် အကြိမ် | - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | - ဦးမင်းထက်ဟန်၊<br>တောင်ဇလပ်နီ စာပေ (၀၂၇၇၄) |
| ပုံနှိပ်သူ | - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)<br>အမှတ် (၈)၊ အိမ်ကြီးလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | - ဈာန်ရဲထွန်း |
| အတွင်းအပြင်အဆင် | - ပုံရိပ်ရှင် |
| စာစစ် | - ဇလပ်နီ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၈၀၀၀ ကျပ် |

၈၀၈.၈၄

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

မိုးလင်းတော့မှာလား၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊

- ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၂။


စာ-၂၅၂၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) မိုးလင်းတော့မှာလား


mgyoe.com


mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၁)

ကဲ... ဘာပြောကြမလဲ။ ဒါ... ချိုမြအေး စစ်စစ်ပါနော်။ ဘယ်သောအခါမှ ငြိမ်ခံမနေဘူး ဆိုတာ သိကြပြီလား။ ဒီလိုပဲ မေးလိုက်ချင်တယ်။ အထူးသဖြင့် ဖွားဖွား...။ စိတ် မလိုရင် မလိုသလို 'ချဉ်ခါးပူ' လို့ ခေါ်လေ့ရှိတဲ့ ဖွားဖွားကို သင်ခန်းစာ ပေးချင်တာ။ ဖွားဖွားရေ...၊ နည်းနည်းလေး ချဉ်ကြည့်ပါလား။ ဟင်း... ဟင်း...။ နောက် နည်းနည်းလေး ခါးကြည့်ပါလား။ ဒါဆိုရင် ဖွားဖွားရဲ့ ရင်တွေ ပူလာမယ်လေ။ ဟင်း... ဟင်း...။ ဒါ အမြည်းလေးပါ ဖွားဖွားရဲ့။ ရင်ပူတယ် ဆိုတာ ဘယ်လိုမျိုးလဲလို့ သိစေ ချင်ရုံ သက်သက်ပါနော်၊ ဟင်း... ဟင်း...။

"ငါ ကိုင်ပြစမ်းပါ့မယ်"

လို့ မျက်နှာတင်းကြီးနဲ့ ပြောလေ့ရှိတိုင်း -

"ဩော်... ချိုမြအေးတို့က အကိုင်ခံနေပါဦးမယ်"

လို့ စိတ်နဲ့ ပြောဖြစ်ခဲ့တာ အခါခါ။ ဒါပေမဲ့ ချိုမြအေးလေးတယောက် အကိုင် ခံခဲ့ရပါရောလား။ မမေ့ဘူးနော်။ ရင်ထဲ အသည်းထဲက သဲသဲမဲမဲကြီးကို မှတ်ထားတာ။ မမေ့ဘူး။

ဒီလို မဖြစ်ချင်လို့ မေမေ့ကို ပြောပါတယ်။

'မေမေ၊ ချိုမြကတော့ ဖွားဖွားနဲ့ နေနိုင်မှာ မဟုတ်ဘူးနော်' လို့ အတန်တန် ပြောခဲ့ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

မရဘူးလေ။ ဘယ်ရမလဲ။ မေမေက ဖေဖေ့ကို မပြောရဲ၊ ဖေဖေက ဖွားဖွားကို မပြောရဲ။ နည်းမျိုးစုံနဲ့ ငြင်းနေတဲ့ကြားက အချိန်တန်တော့လည်း အထုပ်အပိုး ပြင်ပြီး ဖွားဖွား ရှိတဲ့ဆီကို မဖြစ်မနေ ရောက်ခဲ့ရတာပဲ။ မေမေကတော့ ပြောတယ်။

"ချို့မြလေး၊ နှစ်နှစ်တော့ သည်းခံလိုက်ပါကွယ် နော်။ ဒါကလည်း သမီးရဲ့ ရှေ့ရေး ပညာရေးမို့ပါ။ မေမေ့လို ပညာမတတ်ရင် သမီးတို့ခေတ်က မဖြစ်ဘူးလေ နော်။ မေမေ့တောင် ပညာအရည်အချင်း မတူတဲ့ ဖေဖေ့ကို ယူခဲ့မိတော့ ဖွားဖွားက ဘယ်လောက် နှိမ်ခဲ့သလဲ။ သမီး ပညာတတ်ကြီး ဖြစ်မှ ဖွားဖွားတို့ အမျိုးတွေပေါ်မှာ ခေါင်းမော့နိုင်မှာ ချို့မြရယ်" တဲ့။

ရယ်ချင်စရာ ဘယ်လောက် ကောင်းလိုက်ပါသလဲလို့ မေမေတို့များ။ သူ့ ရင်ထဲမှာ စွဲနေတဲ့ အနာ အကြီးကြီး ဖြစ်တဲ့ ပညာမတတ်လို့ ဖွားဖွားတို့က နှိမ်တယ် ဆိုတာကြီးကို ဟိုးထိပ်ဆုံးမှာ ထားပြီး နောက်ဆုံးမှာတော့ သူကိုယ်တိုင် မတည့်တဲ့ ဖွားဖွားဆီကို သူ့အချစ်တုံးလို့ ခဏတိုင်း ပြောတဲ့ သူ့သမီးကို ပို့သတဲ့။ အံ့သြပ့ါ။ မေမေရေ... အဲဒီကတည်းက စမှားတာ။

'ဒါဆိုလည်း ချို့မြကို အဆောင်ထားပါလား မေမေရယ်' ပြောကြည့်ပြန်တော့ 'အင်း မဆိုးဘူး နော်' လို့တော့ ပြောဖော်ရပါရဲ့။ ဒါလည်း သူ့အဆင့်နဲ့ မပြီးပါဘူး။ ဖေဖေ့ကို ပြောရဦးမယ် ထင်တာပါပဲ။

ထင်တဲ့အတိုင်းလည်း ပြောတာပါပဲ။ ဖေဖေကလား။ သူ့အဆင့်နဲ့လည်း ပြီးနေပါဦးမယ်။ ဟင်း ဟင်း၊ သူ့မယ်တော်ကြီးကို လျှောက်ထားရဦးမှာလေ။ ဖွားဖွားနဲ့ မလွတ်နိုင်တာ ပြောပါတယ်။ ထင်တဲ့အတိုင်းပါပဲ။

"အောင်မယ်...။ ကိုးတန်းတက်မယ့် သမီးကိုများ မင်းတို့က ဘာများ အောက်မေ့လို့ပါလိမ့်။ မိချို့မြတို့ နေချင်တိုင်း နေဖို့ လွတ်လပ်ခွင့် ပေးလိုက်တယ်လို့များ အမိန့်စာ ထုတ်ပေးသလား မှတ်နေပါဦးမယ်" တဲ့။

ကဲ... လူတယောက်ကို ဘာမှန်းညာမှန်း မသိသေးဘဲ တန်းပြီး အပြစ်က တင်တော့တာ။ ချို့မြဖြင့် မခံချင်တာလေ...။ ပြန်မပြောသာလို့သာ ငြိမ်နေရတယ်။ ရင်ထဲမှာ ဒေါသတွေက အလိပ်လိုက်။ ချို့မြစိတ်က မျက်နှာပြင်ပေါ်မှာ ထင်နေမှာပေ့ါ။ ဖွားဖွားက ချို့မြကို ကြည့်ပြီး -

"ညည်း... မငယ်တော့ဘူးနော် ချို့မြ။ နာမည်ကသာ ချို့မြ၊ မျက်နှာထားက ထောင့်မကျိုးဘူး။ ခုပြောနေတာ ညည်းဖို့လေ။ ညည်းကို လူဖြစ်ဖို့ ပြောနေကြတာ။ နားလည်ရဲ့လား"

လို့ လှည့်ပဟာက်လိုက်သေးရဲ့။


mgyoe.com

နောက်ဆုံးမှာတော့ ချိုမြရဲ့ အားကိုး အားထားပြုရာ အဖေနဲ့ အမေတောင် သူတို့ရဲ့ ဘုရင်မကြီးကို မလွန်ဆန်နိုင်ကြတာလေ။ ချိုမြက ဘာမို့ ကလန်ကဆန် လုပ်လို့ ရမှာတဲ့လဲ။ နေနှင့်ဦးပေါ့ ဖွားဖွားရယ်...။

"ချိုမြရေ... ငါ့မြေးကို အကောင်းဆုံး ဆိုတဲ့ ပရိုက်ဗိတ်ကျောင်းမှာ ထားဖို့ ငါ့မှာ ဖတ်ဖတ်ကို မောလို့ပဲ"

ဆိုတဲ့စကား စပြီး အဲဒီကျောင်း ဘယ်လောက် ကောင်းကြောင်းတွေ ပြောမဆုံး ပေါင် တောသုံးထောင် လုပ်နေပြန်ရော။ ချိုမြ သိပြီးသားတွေ။ ချိုမြတို့က နယ်မြို့ ကလေးမှာ နေကြတယ် ဆိုပေမဲ့ သိတယ် မဟုတ်လား။ မြို့ မျက်နှာဖုံးလို့ လူတကာ ပြောကြသလိုပဲ၊ ဘာမဆို ထိပ်ဆုံးကပါနော်။ မေမေ့စတိုးဆိုင်ကြီးဆိုလည်း မြို့ ကလေးမှာ အကြီးဆုံး။ ဖေဖေ့ဆောက်လုပ်ရေး လုပ်ငန်းဆိုလည်း ဘယ်နေရာ ဘာ ဆောက်ဆောက် ဖေဖေ့ဆောက်လုပ်ရေးပါပဲ။

ချိုမြတို့ မိသားစုရဲ့ အလှူဆိုတာ နေရာတကာမှာ မမြင်ချင့် အဆုံးပါနော်။ ချိုမြတို့ နေတဲ့ ကျောင်းမှာလည်း မေမေ့အလှူချည်းပါပဲ။ ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ၊ ကိုးတန်းရောက်တော့ ဘာဖြစ်သလဲ။ ကိုယ့်မြို့မှာ ကိုယ်နေတော့ ဘာဖြစ်ရမှာလဲ။

တဦးတည်းသောသမီး ချိုမြအတွက် တော်ရုံတန်ရုံ ဘွဲ့ရရုံနဲ့ ပြီးရင်ရော မဖြစ်နိုင်ဘူးတဲ့လား။ သူဟာသူ အချိန်တန်တော့ ယောကျ်ားလေး ဘာလေး ယူပြီး မေမေ့လိုပဲ အိမ်ရှင်မ ဖြစ်မှာပဲလေ နော်။

'ငါတို့မြို့ပေါ်မှာ လာကြည့်စမ်း၊ ပညာကို ဘယ်လောက်များ အငမ်းမရ သင်ယူ နေကြသလဲ ဆိုတာ။ မင်းတို့မယ် ငွေကြေးလည်း ပူစရာရှိတာ မဟုတ်ဘူး။ ကလေးကို ပညာအမွေ ပေးဖို့ ခေါင်းထဲမှာ ထည့်ထားကြ' ဆိုတာ တမျိုး။ 'ပညာတတ်နဲ့ ပညာမဲ့ ကွာတယ်ဟဲ့။ စီးပွားရေးလုပ်လုပ်၊ ဘာလုပ်လုပ် ပညာ မပါလို့ မဖြစ်ဘူး။ အေး... အလယ်တန်းဆင့်တော့ နေလိုက်ကြဦး။ အထက်တန်း တက်ရင်တော့ ငါ့ဆီ ပို့လိုက် ကြတော့။ ဘယ့်နှယ်တော်... တတ်နိုင်တဲ့ အသိုင်းအဝိုင်းမှာ နေပြီး တော်ရုံနဲ့ ပြီးလို့ ဖြစ်မလား။ ကိုးတန်းရောက်ရင် သူ့ပညာရေးကို ငါ ဦးဆောင်မယ်' ... တဲ့။

တချက်လွှတ် အမိန့်ကြီး ထင်ပါရဲ့။ မေမေ့မှာ ကလေး ကိုယ်ဝန်ဆောင် ထားပြီးပြီလို့ သိကတည်းကများ ဖွားဖွားတို့က စီမံကိန်း ချထားလေရော့သလား မသိပါဘူး။

သူကတော့ ဟုတ်မယ်လေ။ တသက်လုံး ဆရာမ လုပ်လာတာကိုး။ ကျောင်း ဆရာမ အလုပ်နဲ့ ပင်စင်ယူပြီးခါစကတောင် ဘယ်ပရိုက်ဗိတ်ကျောင်းမှာ ဆိုလား၊ အုပ်ချုပ်ရေးလား၊ စာသင်လား မသိပါဘူး။ လုပ်လိုက်သေးတာ။ နောက်တော့



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ကယ်မှောက်ပြီး ခြေမသန်တော့မှ အိမ်မှာ ငြိမ်သွားတာ။ ခြေမကောင်းလို့ ငြိမ်သွားပေမဲ့ ပါးစပ်ကတော့ အကောင်းကြီးပဲမို့ ဟောင်ဖွာဟောင်ဖွာ လုပ်နေတုန်း ပေါ့လေ။ ဘယ်အရာမဆို ပါးစပ်နဲ့ ပြောရတာ လွယ်တာကိုးလို့။ လုပ်စရာ အလုပ်ကို သေချာ လုပ်ကြည့်ပါလား။ မလွယ်ဘူး။ ဘာမှ လွယ်လွယ်လုပ်လို့ မရဘူး။ အထူးသဖြင့် ဖွားဖွား ပြောတဲ့ ပညာရေး ဆိုတဲ့ အလုပ်လေ။ စာကျက်ရတာများ လွယ်တယ် မှတ်သလား။ ကျက်ကျက်ဆို ကျက်တာပဲ။ ကျက်ပြီး မေ့သွားတာ ဘာပြောမလဲ။

'ချိုမြက မေ့တတ်တယ်။ စာကျက်ပြီးရင် မေ့သွားတာ ဖွားဖွားရဲ့' လို့ ပြောမိပါတယ်။

"မေ့မှာပေါ့... ညည်း စာမှ စိတ်မဝင်စားပဲကို။ စာ ဆိုတာ အော်ကျက်ရုံနဲ့ ရတာမျိုးမှ မဟုတ်ဘဲ။ စိတ်ကို ငြိမ်ငြိမ်ထားရမယ်။ သင်တဲ့အချိန်မှာ စိတ်အာရုံကို စူးစိုက်ထားရမယ်။ နားလည်အောင် သေသေချာချာ မှတ်ရမယ်။ သိပြီဆိုမှ မှတ်ကျက် ကလေး ကျက်၊ ဘယ်တော့မှ မမေ့ဘူး" ... တဲ့။

ဟူး... မောပဲ့။ ဖွားဖွား ပြောတဲ့ အဆင့်တွေကို လိုက်လုပ်ဖို့ နေနေသာသာ နားထောင်ရုံနဲ့ မောပါတယ်ဆို။ ချိုမြဖြင့် ရှစ်တန်းသာ အောင်လာတာ၊ ဖွားဖွား ပြောသလို အဆင့်တွေနဲ့ဖြင့် လုပ်ဖူးပေါင်။ မလုပ်လည်း အောင်လာခဲ့တာပဲလေ။ ဒီလို ပြောပြန်တော့ ဖွားဖွားက ဆူပြန်တယ်။ ဆင်ခြေတွေ များသတဲ့။ ချိုမြတင် မကဘူး၊ ဖေဖေနဲ့ မေမေပါ ရောဆူတာ။

"မင်းတို့က ကလေးကို တရားလွန် တရားမဲ့ အလိုလိုက်ထားကြ။ သိပ်ကောင်း တယ် မှတ်မနေနဲ့။ မွေးထားတာက သမီး၊ ကလေးက ဒီအရွယ်အတိုင်း ငြိမ်နေမှာ မဟုတ်ဘူး။ အပျိုဖြစ်လာမှ ထိန်းမနိုင်သိမ်းမရဖြစ်လို့ ငါ မပြောလိုက်ချင်ဘူး" တဲ့လေ။

မေမေ့ဘက်က အဖေကြီး အမေကြီးတို့နဲ့များ ကွာတယ်။ ချိုမြကို ဘယ်သူမှ မထိနဲ့ ဆိုတဲ့ထဲက။ အမေကြီးကလည်း စွာပါတယ်။ ဖွားဖွား ထက်သလို အမေကြီး လည်း ထက်တာပဲရယ်။

"ဟော့... ငါ့မြေး ချိုမြကိုနော် ဘယ်သူမှ အငိုမရှာနဲ့။ ငါတို့မှာ မျိုးဆက်ဆိုလို့ ဒါလေးပဲ ရှိတာ။ နေပလေ့စေ။ ကလေးစိတ်ကြိုက် ဘာမဆို အကုန်သာ လုပ်ပေးလိုက်" တဲ့။

အဲဒီလို အမေကြီးနဲ့ ကြီးခဲ့ရတာပါဆို။ မေမေတောင် တခါတလေမှာ သူ့ အမေကို စိတ်ညစ်ယူရတဲ့ အထိ။

"အင်း... မေမေ အလိုလိုက်ပုံနဲ့တော့ ခက်တယ်။ မိချိုမြတော့ ထိန်းမနိုင်ဘူး" ... တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

ချိုမြကလည်း အမေကြီးမှ အမေကြီး။ ချိုမြ အဲ့ခနဲဆို အမေကြီးက မောင်းတင်ပြီးသား။ လွမ်းရပါတယ် အမေကြီးရယ်။ ခုချိန်မှာ အမေကြီး မရှိတော့လို့ ချိုမြမှာ မလုပ်ချင်တာတွေ လုပ်နေရတာပါ။ အမေကြီးသာ ရှိလို့ကတော့ ဖွားဖွား နေခဲ့တော့ ပါပဲ။ အမေကြီး အသေစောတယ်။ ခုတော့ ချိုမြမှာလေ...။

ဒါပေမဲ့ ချိုမြက အမေကြီးသွေး စစ်ပါတယ်နော်။ မဟုတ်ရင် မခံတတ်ပါဘူး။ ကိုယ်မနိုင်ရင် ခဏာပေါ့ ဆိုတဲ့ အမေကြီးမြေးပါ။ ဒါ့ကြောင့်လည်း ဉာဏ်နီ ဉာဏ်နက် ဉာဏ်ဖြူ ဉာဏ်ဝါ ရှိသမျှဉာဏ် အကုန်ထုတ်ပြီး သုံးလိုက်တာ တထစ်တော့ဖြင့် အောင်မြင်ပါတယ်။ ဟင်း... ဟင်း...။

ဖွားဖွားက ပြောတယ်။ သူ ထားမယ် ဆိုတဲ့ ကျောင်းက ဝင်ခွင့်ဖြေရမယ်တဲ့။

"အမယ်လေး... ဘယ်လို ကျောင်းမျိုးမို့ ဝင်ခွင့်တောင် ဖြေရမှာလဲ ဖွားဖွားရယ်"

လို့ မေးတော့ စိတ်ရှည်လက်ရှည်တော့ ဖြေပါတယ်။

"ငါ့မြေးရဲ့... အဲဒီ ပရိုက်ဗိတ်ကျောင်းကို ထူထောင်ထားတာက ဖွားရဲ့ညီမလေးလို ချစ်တဲ့ လုပ်ဖော်ကိုင်ဖက် ဆရာမကြီးပေါ့အေ။ တို့ အတူတူ အလုပ်လုပ်ခဲ့ကြတုန်းကလည်း သူက တော်တာပဲ။ ခုလည်း နှစ်စဉ်နှစ်တိုင်း ဂုဏ်ထူးရှင်တွေ အများကြီး မွေးထုတ်ပေးနေတာပေါ့။ သူ့ကျောင်းက တနှစ်တနှစ်ဆို ဘာသာစုံဂုဏ်ထူးနဲ့ အောင်တဲ့ ကလေးတွေ နည်းရော့လား။ ဆေးတက္ကသိုလ် ရောက်တာတွေလည်း အများကြီးပဲ။ ကြာတော့လေ သူ့ကျောင်းကို နေချင်တဲ့သူတွေ များလာတာပေါ့အေ။ လူကိုလည်း သတ်မှတ်ချက် စည်းကမ်းနဲ့ လက်ခံတာ။ ဒါကြောင့် ဝင်ခွင့် ဖြေရတာတော့။ ငါ့မြေးကို ဖွားက အဲဒီကျောင်းမှာ အမြင့်ဆုံး အောင်စေချင်တာ" ... တဲ့။

မမောတမ်းကို ပြောနေတော့တာ။

အင်း... ခက်ပြီ။ စည်းကမ်းနဲ့တဲ့။ အဲဒါ ခက်တာပဲ။ ချိုမြကလေ ဘယ်လို အချုပ်အချယ်မှ မကြိုက်တာ။

လူဆိုတာ တယောက်နဲ့ တယောက် တူတာ မှတ်လို့။ ကိုယ် ငယ်ကတည်းက ကျင်လည်ခဲ့တဲ့ အနေအထားနဲ့သာ နေလို့ အဆင်ပြေတာလေ။ ကျောင်းကိုတောင် မရောက်သေးဘူး။ ဟိုလို မနေရဘူး။ ဒီလို မနေရဘူးနဲ့ စရင် ဘယ်လို နေရမလဲ။

"အဆောင် နေတော့ရော ကိုယ် စားချင်တာ မစားရဘူးပေါ့နော် ဖွားဖွား"

လို့ စကားစလိုက်ပါသေး။

"ထားပါဘူးအေ၊ မြေး မိန်းကလေးကို ထိန်းသိမ်းစောင့်ရှောက်မယ့် အဖွားတယောက်လုံး ရှိနေတာ။ အိမ်ကပဲ တက်ပေါ့။ ငါ့မြေး စားချင်တာ ပြော၊ ဖွားက ပုပုကို ချက်ခိုင်းပေးမှာပေါ့။ စားတာကတော့ ညည်းအကြိုက် စားစမ်းအေ၊ သဘောရှိ" တဲ့။


mgyoe.com

အင်း... မဆိုးဘူး။ ဒါလေးတော့ ချိုမြ အကြိုက်။ အိမ်မှာထက် ဖွားဖွားဆီမှာက ဖွယ်ဖွယ်ရာရာ စားရတာလေ။ မေမေက ဆိုင်ရှိနေတော့ ဟင်းကို ကောင်းကောင်း ချက်တယ် မရှိဘူး။ အိမ်မှာ ခေါ်ထားတဲ့ ကောင်မလေးတွေကလည်း မေမေ့ဆိုင် ကူနေရတာ။ ဝယ်စားမယ် ဆိုလည်း တောစာပဲ ဆိုပါတော့။ ဖွားဖွားကတော့ သူ ကိုယ်တိုင်လည်း ကောင်းကောင်းစား ကောင်းကောင်းနေ။ အကောင်းကြိုက်။ ဒါတခုတော့ ချိုမြနဲ့ ဖွားဖွား တူတူပါပဲ။

တနေ့မှာတော့ ဖွားဖွားက ချိုမြ နေရမယ့်ကျောင်း ဆိုတဲ့ နေရာကြီးကို ခေါ်သွားပါလေရော။ ကျောင်းကလည်း မဖွင့်သေးပါဘူး။ မြင်ဖူးအောင်လို့ ပြောတာပဲ။ ချိုမြလည်း ဖွားဖွားဆီ ရောက်ကတည်းက ဘယ်မှ မသွားရတော့ အပြင်ထွက်ရ နည်းလားဆိုပြီး လိုက်သွားတာ။ တည်ထောင်သူ ဆရာမကြီး ဆိုတာနဲ့တော့ ဖွားဖွားနဲ့က အလွန်ကို လေပေးလေယူ ဖြောင့်တာရယ်။

"ညီမရေ၊ ဒါ မမ ပြောထားတဲ့ မမရဲ့ မြေးဦးလေ။ သူ့ပေ့ါ နောက်နှစ် ကိုးတန်း တက်မှာ။ ပြောထားတယ်။ ဝင်ခွင့် ဖြေရမှာလို့။ သူက နယ်မှာကတော့ လိုက်နိုင်ပါတယ်။ ညီမကျောင်းမှာတော့ ဘယ်လိုနေမယ် မပြောတတ်ဘူး။ ညီမ လက်ကို အပ်ရမှာပဲ" တဲ့။

ဆရာမကြီး ဆိုတဲ့သူက ပြုံးပြီး "ကြိုးစားမှာလား" လို့ မေးလိုက်သေးတယ်။

အင်း... ပြီးတော့ သူတို့ကျောင်းမှာ ဘာတွေ ဘယ်လို ကြိုးစားနေတယ်၊ ဘယ်သူမှ နားရတယ် မရှိပါဘူး စသည်ဖြင့်ပေ့ါလေ၊ အလုပ် လုပ်ရတာကို ဂုဏ်ယူတဲ့ သူတွေရဲ့ ထုံးစံအတိုင်း အလုပ်အကြောင်းတွေကို မနားတမ်း ပြောတော့တာပဲ။ သိလိုက်ပါပြီ၊ အဲဒီကတည်းက ချိုမြနဲ့ လုံးဝ မဖြစ်ဘူးဆိုတာ။

စစဦးချင်းတုန်းက ဖွားဖွားနဲ့အတူ မနေရရေးဟာ အဓိက ဖြစ်ခဲ့သေးတယ်။ ကျောင်းကိုလည်း အလည်ရောက်ရရော ပြောစကားတွေကို နားထောင်ပြီးတဲ့ အခါ မှာတော့ အဲဒီကျောင်းကို မနေရရေးဟာ အဓိက ဖြစ်သွားတော့တယ်။ ကျောင်းကို မနေချင်တာ လိုက်လိုက်လဲလဲကြီးကို မနေချင်တာ။ ချိုမြ မလုပ်နိုင်ဘူး။ သူတို့ တန်ဖိုးထားပါတယ် ဆိုတာတွေကို ချိုမြ ရှင်းရှင်းပြောရရင် လှမ်းမမီဘူး။ ပြီး မီအောင် လှမ်းဖို့လည်း လုံးဝ စိတ်ကူးမရှိဘူး။

ဘယ်လို လုပ်ရမလဲ...။ ဘယ်လို လုပ်ရမလဲ...။ မေမေနဲ့ ဖေဖေက ချိုမြကို ကူပြီး ဘာမှ ပြောပေးနိုင်မှာ မဟုတ်တာ သေချာပြီ။ အကြံထုတ်ရမယ်။ အမေကြီး မြေးလေးကို ဘယ်သူမှ မကယ်နိုင်ဘူး အမေကြီးရေ...။ အိုး... ဟုတ်ပြီ။ ကြည့်စမ်း...။ နီးရက်နဲ့ ဝေးနေတာ။ လွယ်တာကို ခက်နေတာ။ ဟိုဆရာမကြီးက အထပ်ထပ် မှာလိုက်တာလေ။



mgyoe.com

mgyoe.com
SAMPLE BOOK


"ကလေး ရှစ်တန်းစာတွေ ပြန်လုပ်ထား နော်" တဲ့။

"ဝင်ခွင့်အောင်ရင် ဆရာမကြီး တာဝန်ယူမှာ။ ဘယ်လောက်ပဲ မလိုက်နိုင်နိုင် ဘာမှ မပူနဲ့တဲ့။ ရအောင် ဝိုင်းလုပ်လို့ ရတယ်။ သူများတွေလည်း ဝင်ခွင့်ဖြေရင် တအား ကြိုးစားကြတာပါပဲ။ ကလေးလည်း ကြိုးစားဖြေနော်။ မအောင်ရင်တော့ ဆရာမကြီး လည်း ဘာမှ လုပ်ပေးလို့ ရနိုင်မှာ မဟုတ်ဘူး" တဲ့။

အမယ်လေးတော်... ဒုက္ခကို အကြီးကြီးပါလား။ တအား ကြိုးစားကြတာတဲ့။ ဘယ်လိုမှ မဖြစ်နိုင်တာ။ မွေးကတည်းက ချိုမြ မလုပ်ချင်ဆုံး အလုပ်က အဲဒီ ကြိုးစား တယ် ဆိုတာကြီးကိုပဲလေ။ ခုမှ ကိုးတန်းတက်မှာ၊ တက္ကသိုလ်ဝင်တန်းကြီးတောင် မရောက်သေးဘူး။ မဖြစ်ပါဘူးရှင်၊ တာတာ့ပါနော်။

အိုခေ ဆရာမကြီး။ ချိုမြ ထွက်ပေါက် ရသွားခဲ့ပါပြီ။ ဘယ်လိုများ ဖြစ်လေမလဲ။ ဝင်ခွင့်ကို ရှုံးအောင် ဖြေတဲ့နည်းနဲ့ပေါ့။ ဟင်း... ဟင်း...။

ချိုမြ ဝင်ခွင့် မအောင်တာဟာ ချိုမြအတွက် မဟာအောင်မြင်မှုကြီးဖြစ်ပြီး ဖွားဖွားအတွက်ကတော့ အကြီးအကျယ် ဆုံးရှုံးမှုကြီး ဖြစ်သွားခဲ့တယ်။ တောက် တခေါက်ခေါက်နဲ့ ပူတော့ ပူလောင်နေရှာပြီ။ ဝွတ်...။ စိတ်ထဲမှာ ရှုပိုးထိုးအောင် ပျော်နေပေမဲ့ အပြင်မှာတော့ ငူတူတူလေးပေါ့။ အပြစ်ရှိသူလေးပေါ့။ အိမ်မှာကတော့ ဖုန်း တဝွမ်ဝွမ်။ ဖွားဖွားက သတိရတိုင်း ဖုန်းဆက်ပြီး ဖေဖေနဲ့ တိုင်ပင်နေကြတာ။

ချိုမြအတွက်ကတော့ တလမ်းပဲ ရှိတာပါ။ အိမ်ပြန်ဖို့ပါပဲ။ အိမ်ရောက်ရင် ဇာတ်လမ်းက ပြတ်ပြီ။ ကြိုက်သလို နေပေတော့ပဲ။ ဖွားဖွားရေ တာတာ့လို့ ပြော တော့မလို့လေ။ အင်း... တခါတလေတော့လည်း ဆင်ထားသလို မဖြစ်၊ ထင်ထားသလို မဖြစ်တာတွေနဲ့ ကြုံရပါလေရော။

ထားပါတော့လေ...။ သူတို့မွေးမှ လူဖြစ်ရတဲ့သူ ဆိုတော့ ပွဲတိုင်းမှာ အနိုင် ချည်းတော့ ရနေပ့ါမလား။ ချိုမြ စိတ်ကို တထစ် လျှော့လိုက်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဖွားဖွားကို နည်းနည်း သနားသွားလို့။

"ငါ့မြေးလေးရယ် စိတ်မကောင်းလိုက်တာ၊ ညည်းလည်း စိတ်ဓာတ်တွေကျ။ ဖွားလည်း စိတ်ညစ်။ ဒါ ငါ့အပြစ်ပါအေ။ အမှန်ဆို ရက်တွေ အများကြီးရတာ၊ ငါလည်း သင်ပေးနိုင်ရဲ့နဲ့ စာတွေကို ပြန်မနွှေးမိခဲ့တာ။ ညည်းက ရပြီ ဆိုတော့ ယုံမိ တာလည်း ပါတာပေါ့လေ။ ညည်း မြို့မှာတော့ ညည်းက ဂရိတ်ဆိုအေ့၊ ညည်းရော ညည်းအမေပါ ပြောကြတာလေ"

အဲဒီလိုတွေ မချင့်မရဲ ပြောပြီး သုံးလေးရက် ငြိမ်နေတာ။ အစားတောင် ကောင်းကောင်း မစားဘူး။


mgyoe.com

ချိုမြက အိမ်ပြန်ရမယ် ဆိုတာ သေချာသလောက် ဖြစ်နေတော့ အေးအေး ပဲပေါ့။ ကျောင်းတွေကလည်း ဖွင့်ဖို့ လိုနေသေးတာကို။ ဖွာဖွားတယောက်ဟာ သုံးလေးရက် ငြိမ်နေပြီးတဲ့နောက် သူ့မိတ်ဆွေ ဆရာမကြီးဆီ ရောက်သွားပြန်ရော။ ဟိုမှာ သွားပြီး အသနားခံသလား ဘာလား မသိပါဘူး။ ဒါပေမဲ့ မရနိုင်ဘူး ဆိုတာ ချိုမြက ကြိုသိနေနှင့်ပြီးသားပါ။ အဲဒီကျောင်းမှာ နေခွင့်မရအောင် သေသေချာချာ စီစဉ်ခဲ့တယ်လေ။

အဲဒီတနေ့တော့ ချိုမြ မေ့နိုင်စရာ မရှိခဲ့ဘူး။ ဖွားဖွားရဲ့ ဒေါသကိုပေါ့။ ပြန်လာပြီး ကားပေါ်က သူ့ဟာသူ ဆင်းနိုင်တာမှ မဟုတ်တာလေ။ ထော့နဲ့ထော့နဲ့ ဆင်းနေတာကို ချိုမြက အလိုက်တသိ (ကိုယ့်ဟာကိုယ်တော့ အလိုက်တသိ) လို့ ထင်ပေမဲ့ တကယ် တော့ ကံဆိုးလို့ သွားကြိုမိတယ် ပြောရမလား။ ချိုမြကိုလည်း မြင်ရော -

"ကောင်မ... ကောင်မ ခွေးလို ကောင်မ လာခဲ့စမ်း"

ဆိုပြီး ချိုမြကို ရိုက်တော့မလို့ ရွယ်ပါလေရော။

ဘာရမလဲ၊ ချိုမြပဲလေ။ ပြေးတာပေါ့။ ကားမောင်းသမားရယ်၊ အိမ်က ပုပုရယ် တွဲပြီး အိမ်ပေါ် ရောက်အောင် တင်ပေးရတယ်။ မျက်လုံးကြီး ဆိုတာ ဒေါသတွေ လျှံပြီး ဝင်းဝင်းကို တောက်နေတာပဲ။

"အရိုင်းမ ခွေးမ။ နင့်အဖြေလွှာကို ငါ ကြည့်ခဲ့ပြီ" တဲ့။

ဩော်... ဖြစ်သင့်ပါတယ်လေ...။ ချိုမြကလည်း ချိုမြပဲ မဟုတ်လား။ အဲဒီ ကျောင်းကို မနေရဖို့ ဆိုတာက ကိုယ့်သိက္ခာကို အကျခံပြီး အရှုံးဖြေမှ ရမှာ မဟုတ်လား။ ဒါတောင် သိပ်သေချာတာ မှတ်လို့။ မတော်လို့ ဖွားဖွား မိတ်ဆွေ ဆရာမကြီးက သဘောကောင်းပြီး အမှတ်နည်းတာကို အအောင်ပေးလိုက်ရင် တနှစ်လုံး ဒုက္ခရောက် နေမှာစိုးလို့။ နောက်ဆုံးဖြေတဲ့ ဘာသာကို ဘာအဖြေမှ မရေးဘဲ 'ကျွန်ုပ်သည် မည့်သော်လည်း အလွန်ကောင်းသော ကျောင်းကြီးကို မနေလိုသောသူ ဖြစ်ပါသည်' လို့ ရေးပြီး ဆိုင်းတောင် လှလှလေး ထိုးထားခဲ့သေး။

ကဲ... မှတ်ပြီလား။

ဟုတ်ကဲ့။ မှတ်ပါပြီ။ မှတ်ရသူက မိချိုမြပါလေ။

တကယ်တော့ ရင်ထဲမှာ ကျိတ်ပြီး ရယ်ရမလား လုပ်တာ။ ကျိတ်ငိုရတော့မလို့။ ဖွားဖွားက စိတ်တွေ ဆိုးပြီး ဖေဖေနဲ့ မေမေကို ချက်ချင်း လိုက်လာခဲ့ဖို့ လှမ်းခေါ်တယ်။ ကားကို သုံးနာရီလောက်သာ မောင်းရတဲ့ခရီး ဆိုတော့ မကြာခင်အချိန်မှာ ဖေဖေနဲ့ မေမေက ရောက်လာကြလိမ့်မယ်။ အင်း... မဆိုးဘူး၊ နားနည်းနည်းလောက် အညည်း ခံပြီးရင် အိမ်ပြန်ရုံပဲလို့တောင် တွေးထားလိုက်သေး။ ဟင်... ဘယ်ဟုတ်လိမ့်မလဲ



mgyoe.com

mgyoe.com SAMPLE BOOK

လေ။ ဖေဖေနဲ့ မေမေလည်း ရောက်လာရော ဖွားဖွားက ရာဇဝင် တုတ်ထမ်းပြီး ပွဲကြမ်းပါလေရော။

"မင်းတို့ သမီးကို လျှော့မတွက်ကြနဲ့။ မှန်၏ မမှန်၏၊ တော်၏ မတော်၏ ဘာမှ မစဉ်းစားဘူး။ သူထင်ရာ သူ လုပ်တဲ့ မိန်းမ။ မင်းတို့ သူ့ကို ဒီအတိုင်းသာ လွှတ်ထား လို့ကတော့ ဟင်း ငါ မပြောလိုက်ချင်ဘူး"

က အစချီလို့ နေတာ ထိုင်တာ၊ သွားတာ လာတာ၊ စားတာ သောက်တာ ဘာဆို ဘာမှ မကျန်အောင် ချိုမြကို အပုပ်ချတော့တယ်လို့ပဲ ဆိုကြပါစို့။ ဘာတခုမှ ရစရာ မရှိအောင်ကို သူ့မှာ မကြိုက်တာတွေက များနေတော့တာ။

ထုံးစံအတိုင်းပေါ့။ ဖေဖေနဲ့ မေမေက မျက်နှာငယ်လေးတွေနဲ့ ငြိမ်ငြိမ်ကုပ်ကုပ် လေးတွေ ထိုင်ပြီး ဩဝါဒကို ခံယူနေကြလေရဲ့။ ချိုမြကတော့လား။ ထုံးစံအတိုင်းပါပဲ၊ အသံတိတ် ရန်ထောင်နေလိုက်တာပေါ့။ စိတ်အဝင်စားဆုံးကတော့ 'မင်းတို့ သမီးကို ငါ မနိုင်ဘူး။ ပြန်ခေါ်သွားကြတော့' ဆိုတဲ့ အသံလေးများ ကြားရလေမလား။

နားကသာ စွင့်နေမိတယ်။ နောက်ဆုံး ရလဒ်က ချိုမြ လိုချင်တဲ့ အဖြေ မဟုတ် ခဲ့ဘူး။

"ငါ့ဘဝမှာလေ ဘာမဆို ဖြစ်သင့်တယ် ထင်ရင် ဖြစ်အောင် လုပ်ခဲ့တာ၊ လုပ်နိုင် တာချည်းပဲ။ မိချိုမြကျမှ လက်မြှောက်အရှုံးပေးပြီး ရာဇဝင်ရိုင်း မခံဘူး။ သူ့ကို ငါ ဆက်ပြီး..."

ဟာ... သွားပါပြီ။ အဲဒီစကားတခွန်းနဲ့ မိချိုမြတို့ အားစမ်းပွဲ အမျိုးမျိုးကို ဆက်နွှဲခဲ့ရတော့တာပါပဲ။ အဲဒီနေ့ညက မေမေက အိမ်ပြန် လိုက်မသွားဘဲ ချိုမြနဲ့ အတူတူ တည အိပ်နေခဲ့တယ်။ ဖေဖေကတော့ လေပြေအေးနဲ့ -

"သမီးချိုမြလေး ပြန်စဉ်းစားကြည့်နော်။ သမီး လုပ်သင့်တာ လုပ်တာလား။ မလုပ်သင့်တာ လုပ်ခဲ့မိတာလားလို့။ သမီး မဆင်မခြင် လုပ်ခဲ့တဲ့အတွက် ဟိုဘက်က ဆရာမကြီးကိုလည်း အားနာရပြီ။ ဖွားဖွားလည်း သမီးကြောင့် ရှက်စရာ ဖြစ်ရပြီ။ ကောင်းလား။ လူဆိုတာကတော့ မသိနားမလည်တဲ့အခါ မှားတတ်ပါတယ်။ ဖေဖေက သမီးကို ခွင့်လွှတ်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးတော့ ထပ်မမှားဖို့ လိုတယ်" တဲ့။

အင်း... မဆိုးပါဘူး၊ ဖေဖေ ပြောတာ သဘာဝကျပါတယ်လို့ တွေးနေတုန်းမှာ ပဲ -

"မေမေကလည်း သူ့ဆိုင်နဲ့။ ဖေဖေကလည်း အလုပ်က များတော့ သမီးကို အချိန်ပြည့် မစောင့်ရှောက်နိုင်ဘူး။ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေပြီးသည်အထိ နှစ်နှစ်တော့ ဖွားဖွားနဲ့ပဲ နေရမှာ။ ဒါ ဖေဖေ့ရဲ့ ဆုံးဖြတ်ချက်ပဲ။ မေမေက ဒီည သမီးနဲ့


mgyoe.com

mgyoe.com SAMPLE BOOK
နေပေးလိမ့်မယ်။ နောက်နေ့ သမီး လိုချင်တာတွေ လိုက်ဝယ်ပေးလိမ့်မယ်။ နောက်လည်း ဖေဖေတလှည့် မေမေတလှည့် ခဏခဏ လာမှာပေါ့"

အဲဒါ ဖေဖေ့ဆီက ရတဲ့ အကောင်းဆုံး စကားတခွန်း။ ဖေဖေဟာ ဖွားဖွားရဲ့သားဖြစ်နေလို့လား မသိဘူး။ အမိန့်ပေးတာပဲ လုပ်တတ်ပုံ ရပါရဲ့... လို့ပဲ ချိုမြကတော့ နားလည်လိုက်တာ။ မေမေ့ကိုတော့ သနားမိတယ်။ ညကျ သားအမိ နှစ်ယောက် ဘာမပြော ညာမပြော ဖက်ငိုကြတာ တဝကြီးပဲ။

"မီးလေး မေမေ့ကို ချစ်ရင် ဖွားဖွားကို အရွဲ့ မတိုက်ပါနဲ့နော်။ ဆယ်တန်းလေးတော့ အောင်အောင် သည်းခံနေလိုက်ပါ သမီးရယ်။ ဖွားဖွားကလည်း သမီးကို မချစ်လို့မှ မဟုတ်တာ။ ကြည့်စမ်း၊ သမီးကို ဆင်ထားတာ အပြည့်ပဲ"

လို့ မေမေက ချိုမြရဲ့ နားဆွဲလှလှ လှုပ်လှုပ်လေးကို ကိုင်ကြည့်ရင်း ပြောတယ်။

ဟုတ်တော့ ဟုတ်ပါရဲ့။ ရောက်ပြီး ဘယ်လောက်မှ မကြာခင် ဖွားဖွားရဲ့ တပည့်မ စိန်ကုန်သည်တွေ လာရောင်းလို့ စိန်ကောင်းကောင်းနဲ့ လုပ်ထားတဲ့ နားဆွဲလှလှ ဆန်းဆန်းလေးရော။ ဟန်းချိန်းရော။

ချိုမြ သဘောကျပြီး ရယ်မိပြန်ရော။ ဖွားဖွားကိုလည်း ပြန်ချစ်သွားမိပြန်ရော။

"ဟုတ်တယ်နော် မေမေ။ အဲဒီနေ့က ဖွားဖွား တော်တော်လေးကို ဘတ်ဂျက် ထိသွားပုံရတယ်။ ဒါပေမဲ့ အပြုံးမပျက်ဘူး။ ချိုမြကို ကြည့်ကြည့်ပြီး မိန်းကလေး ဆိုတာ စိန်နဲ့ အလိုက်ဆုံးပဲလို့က ပြောလိုက်သေး။ မီးဖြင့် ယုံတောင် မယုံဘူး။ တကယ် ဝယ်ပေးတာတော်"

လို့ ပြောပြီး မေမေ့ကို ဖက်နမ်းမိပြန်ရော။

ဒီလိုနဲ့ ချိုမြနဲ့ ဖွားဖွားဟာ ရေစက်သံသရာ ရှည်ခဲ့ကြတယ်။ မေမေ ပြောခဲ့သလိုပဲ ဖွားဖွားက သမီးကို မချစ်လို့မှ မဟုတ်တာ ဆိုတာကိုလည်း ယုံပါတယ်။ ဖွားဖွားမှာ အကောင်းဆုံးစိတ်က စိတ်မကောက်တတ်တာပါပဲ။ သူ ပြောစရာရှိရင် ဒိုင်းဒိုင်း ပါအောင် ပြောပစ်လိုက်ပြီးရင် နောက် ဆယ်မိနစ်လောက်မှာ ပေးစရာရှိတာ ပေး၊ ကျွေးစရာရှိတာ ကျွေး ပုံမှန်အတိုင်း လုပ်လေ့ရှိတဲ့သူ။ အဲဒီနောက်ပိုင်းမှာ ဖွားဖွားနဲ့ တော်တော်လေး တည့်လိုက်သေးတယ်။

ချိုမြဘက်ကတော့ ထုံးစံအတိုင်း ကိုယ့်ဆန္ဒလေးက ရှေ့တန်းမှာတော့ ရှိသေးတာပေါ့။ ဘာလဲဆိုတော့ အဲဒါလည်း မေမေ့ဆီက ရတဲ့ သတင်းအစအနနဲ့ ဆိုင်ပြန်သေးတယ်။ ချိုမြတို့ မြို့က ချိုမြနဲ့ အတန်းတူ သူငယ်ချင်း ဖူးငုံကလည်း ဒီမှာလာပြီး ကျောင်းတက်မယ် ဆိုတဲ့သတင်း။ နောက်ပြီး သူက အဆောင်နေမှာ ဆိုလား။ ချိုမြ စာမေးပွဲ ကျခဲ့တဲ့ကျောင်း မဟုတ်တာက သေချာတယ်လေ။ ဖူးငုံ


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာက ချိုမြတို့ အတန်းထဲမှာ ခပ်ညှဲ့ညှဲ့ထဲက။ ပဲများများ။ စာက လွဲရင် အကုန် တတ်တဲ့သူ။

သူက ပိုက်ဆံတော့ တတ်နိုင်တယ်။ နယ်မြို့လေးကို မနေချင်ဘူး ခဏခဏ ပြောတဲ့သူပေါ့။ သူနဲ့ အတူတူ နေချင်တဲ့စိတ်တွေ ချိုမြမှာ တဖွားဖွား ပေါ်နေတာရယ်။ ဘာလို့လဲ ဆိုတော့ သူနဲ့သာ အတူနေရင် ချိုမြပဲ အမြဲတော်နေမှာ။ အဲဒါ နံပါတ်တစ် အချက်။

နောက်တချက်က သူက သဘောကောင်းတယ်။ ဘယ်သူ့ကိုမှ စိတ်ဆိုးတတ်တာ မဟုတ်ဘူး။ ခိုင်းသမျှ အကုန်လုပ်ပေးတတ်တဲ့သူ။ ရည်းစား များတာတော့ ခြွင်းချက်ပေါ့နော်။ သူနဲ့ အဆောင်နေရရင် ဟာ... မိုက်မှ မိုက်။ ဖွားဖွားကို ခေါင်းခွေ့ရမယ်လေ။ သူ ဘယ်အဆောင်မှာ နေမှာလဲ မသိမှာများ ပူစရာကျလို့။ ဖုန်းဆက်တာပေါ့။ ဖုန်း ဆက်တဲ့အခါ -

"ငါ ဘယ်မှာ နေရမှန်း မသိသေးပါဘူးဟယ်။ နင် ဘယ်မှာ နေမှာလဲ၊ ငါ နင်နဲ့ အတူတူ နေချင်တာ။ နင် နေမယ့် ကျောင်းကို ငါ့ပြောလေ။ ပါပါးတို့ကို အဲဒီကျောင်းမှာ နေမယ်လို့ ငါ ပြောလိုက်မယ်" တဲ့။

သူ ပြောမှတောင် ပိုပြီး အဆင်ပြေသွားလေသေးရဲ့။ မဟုတ်ရင် ဖွားဖွား ဒေါ်ဖျောက်ဆိပ်ကြီးက သူကိုယ်တိုင် ရှာဖွေရမှ ကျေနပ်သူကြီး ဆိုတော့။

မကြာပါဘူး။ ဖွားဖွား လုပ်ငန်း စတယ်။ ပထမဆုံးတော့ ဘယ်အထက်တန်း ကျောင်း ကောင်းသလဲလို့ စုံစမ်းတာ။ ပြီးတော့ ပြောလိုက်သေးတယ်။

"ခုခေတ်မှ ပရိုက်ဗိတ်တို့၊ ဘာတို့ ဆိုတာ ပေါ်လာတာပါအေ။ ငါတို့ အထက် တန်းပြ ဘဝတုန်းကဆို တို့ကျောင်းမှာ ကျောင်းသူ ကျောင်းသားတွေ ထောင်ချီပြီး သင်ခဲ့ရတာပါ။ အစိုးရကျောင်းကိုလည်း အထင်တော့ မသေးပါနဲ့" တဲ့။

ချိုမြ အထင်တော့ မသေးပါဘူး။ ဒါပေမဲ့ မနေချင်ဘူး။ ဟီးဟီး၊ မနေချင် ရခြင်းကလည်း တချက်တည်းပါ။ တနေကုန် တက်ရလို့လေ။ ချိုမြတို့ မြို့လေးမှာ တောင် ပရိုက်ဗိတ်ကျောင်းဆို မနက် တက်ချင်တက်။ ဒါမှမဟုတ်ရင် နေ့လယ်ပိုင်း တက်။ ဒါပဲ၊ အဲဒီတော့ အေးအေးဆေးဆေး နားရတယ်လေ။ ဒီစိတ်ကူးကို ဖွားဖွား မသိစေရပါဘူးနော်။

"ဟင်... ဖွားကလည်း၊ သမီးသူငယ်ချင်းတွေက ပရိုက်ဗိတ်ကျောင်းတွေမှာ နေကြမှာ သမီးကျမှ..."

အဲဒီလိုလည်း ချွဲလိုက်ရော ဖွားဖွား လိုချင်တဲ့ အကွက်ထဲ တန်းဝင်သွားပါ လေရော။


mgyoe.com

mgyoe.com SAMPLE BOOK

"အေးလေ၊ ကျုပ် မထားလို့လား။ ဒီမြို့ကြီးမှာတောင် အကောင်းဆုံး ဆိုတဲ့ ကျောင်းကို ထားဖို့ စိစဉ်ပြီးပြီလေ။ ညည်းလေး ဘာလုပ်လာခဲ့လဲ ပြန်စဉ်းစား" တဲ့။

"ဖွားဖွားက သမီးကိုပဲ အပြစ်ပြောနေတယ်နော်။ ဖွားဖွား ရွေးထားတဲ့ ကျောင်းကို တနိုင်ငံလုံးက အတော်ဆုံးလူတွေ လာကြမှာ။ သမီးက စာမေးပွဲဖြေတိုင်း နောက်ဆုံးမှာ ရနေရင်ကော ဖွားဖွားပဲ အရှက်ကွဲမှာလေ။ အခါအခါ ရှက်နေရမှာနဲ့ စာရင် ခုဟာလေးက မအိုကေဘူးလား"

လို့ ပတ်ချွဲနပ်ချွဲ လုပ်ရတယ်။

တကယ်ဆိုရင်တော့ ဖေဖေနဲ့ မေမေတောင် ဖွားဖွားကို အကျိုးသင့် အကြောင်းသင့် ဘယ်သူမှ ပြန်ပြောရဲကြတာ မဟုတ်ဘူး။ ခုဟာက မြေးအဖွား တည့်နေချိန်မို့ ချိုမြကလည်း အရဲစွန့် ပြောရဲတာ။ ဖွားဖွားက ဒူးနာတတ်တယ်လေ။ သူ့ဒူးကို ဆေး သေသေချာချာ လိမ်းပေးရင်း ပြောရတာ။

"ဖွားဖွားကို သမီး ကတိပေးမယ်လေ။ ဟိုကျောင်းလောက် နာမည်မကြီးပေမဲ့ လူသိပ်မများဘဲ စာသင်ကောင်းတဲ့ ကျောင်းတွေလည်း ရှိဦးမှာပဲ မဟုတ်လား။ အဲလိုကျောင်းမျိုးကို ရှာပြီး သမီးကို ထားလေ။ ပထမ အမြဲရအောင် လုပ်မယ် ကဲ...။ ဖွား သဘောတူရင် စိန်လိုက်တော့"

အဲဒီလိုပြောတော့ ဖွားဖွား ရယ်ပါလေရော။

"ကောင်မစုတ်လေး၊ ညည်းစကားကကော အတည်လား။ သေချာရင် စိန် လိုက်အေ" တဲ့။

တည့်နေကြတာလေ။ မကြာပါဘူး၊ ကျောင်းတကျောင်း နာမည်ကို ပြောလာ တယ်။ ချိုမြလား၊ ဘာသိတာမှတ်လို့။ အဓိကက ဖူးငုံကို ကျောင်းနာမည် မြန်မြန် ပြောရဖို့ လုပ်မိလုပ်ရာ လုပ်တာ ဆိုတော့ ကျောင်းအကြောင်းတွေ ဘာတွေ သိပ်ပြီး စိတ်ဝင်စားမနေဘူး။ ဖူးငုံနဲ့ ချိုမြ နှစ်ယောက်တည်း ရှိရင် ပထမက သေချာနေပြီ... ဟဲဟဲ။

ဒီတခါတော့ ချိုမြရဲ့ ဆန္ဒ ပြည့်ဝတယ်လို့ ဆိုရမလိုပါပဲ။ ဖွားဖွားက သူရဲ့ ယုံကြည်ရဆုံး၊ သားတယောက်လို ချစ်ရဆုံး တပည့်တယောက် ဖွင့်တဲ့ ကျောင်း ကလေးကို ရွေးချယ်လိုက်တယ်။ စဖွင့်တာ နှစ်နှစ်ပဲ ရှိသေးတာမို့ လူကလည်း နည်းနည်းလေး။ ချိုမြနဲ့ ဖူးငုံ အပါအဝင် မိန်းကလေးက ခုနစ်ယောက်ပဲ ရှိတာ။ ယောကျ်ားလေးက ငါးယောက်တဲ့။ အားလုံး စုစုပေါင်းမှ ဆယ့်နှစ်ယောက်ပဲ ရှိတဲ့ ကျောင်း...။ ကျောင်းဆိုပေမဲ့ ကျောင်းနဲ့ မတူပါဘူး။ ချိုမြအကြိုက် အပျံစား ဟိုတယ်လိုပဲလို့ ပြောနိုင်တယ်။ ဖွားဖွားတပည့်က ဆရာဝန်လေ။


mgyoe.com

mgyoe.com SAMPLE BOOK

သူက ကျောင်းဆရာ မဟုတ်ဘူး။ တည်ထောင်သူ။ သူ့မိန်းမ ဆရာဝန်မက ကျောင်းအုပ်... တဲ့။ ကျန်တဲ့ ဘာသာရပ်သင် ဆရာကြီး၊ ဆရာမကြီး အားလုံးကတော့ မြို့ပေါ်က နာမည်ကြီးတွေကိုချည်း ငှားထားတာ။ သင်ကြားရေးကို ကြည့်ပြီး လာအပ်ကြတဲ့သူတွေက သူဌေးတွေချည်း ဆိုပါတော့။ စာတော်တဲ့သူတော့ သိပ်ပါပုံ မရပါဘူး။ သူငယ်ချင်း အားလုံးကို တီးခေါက်ကြည့်လိုက်တဲ့အခါ အကောင်းကြိုက်၊ အသက်သာကြိုက်တွေချည်းပဲ။ အိုခေပြီလေ။ အမှန်မှာ အဲဒီကျောင်းက ပြီးခဲ့တဲ့နှစ်က စဖွင့်ရမှာ တက္ကသိုလ်ဝင်တန်း တတန်းတည်းကိုပဲ စဖွင့်ပြီး စေ့စေ့စပ်စပ်သင်ရင်း နာမည်ယူဖို့ လုပ်ခဲ့တာလို့ ပြောပါတယ်။ ဒါပေမဲ့ မှန်းချက်နဲ့ နှမ်းထွက်နဲ့က မကိုက်ခဲ့ဘူးတဲ့။

"ကိုးတန်းကို တခြားကျောင်းက အောင်လာတဲ့ သူတွေကို ဆယ်တန်းရောက်မှ စကိုင်ရတော့ အဆင်မပြေဘူး ဆရာမကြီးရဲ့။ ပြီးခဲ့တဲ့နှစ်က ဖြေထားတဲ့ ကလေးတွေရဲ့ အဖြေကတော့ အောင်စာရင်းထွက်မှ သိရမှာပေါ့လေ။ ဒါပေမဲ့ ဒီနှစ်ကို ကိုးတန်း တတန်းတည်းပဲ နိုင်နိုင်နင်းနင်း သင်မယ်။ ရှေ့နှစ်အတွက် အားယူမယ်လို့ စိတ်ကူးကြလို့ ဒီနှစ်က ဆယ်တန်းက ကျောင်းမှာ မရှိဘူး ဆရာမကြီး၊ ခုလာအပ်တဲ့ ကလေးတွေကိုပဲ သေသေချာချာ သင်ပေးမှာပါ"

လို့ ကျောင်းအုပ်က ရှင်းပြတယ်။

အင်း... တွေ့တော့ တွေ့ပြီပဲ။ မတတ်နိုင်ဘူးလေ၊ ဒီတခါတော့ ချိုမြကိုယ်တိုင် ရွေးတဲ့လမ်းပဲမို့ ဘာပဲလာလာ လက်ခံရုံပေါ့။

နေကြည့်တော့ မဆိုးပါဘူး။ အဲဒီကျောင်းမှာ နေ့တက်ကျောင်းသူ ဆိုလို့ ချိုမြ တယောက်ပဲ ရှိတယ်။ ဒါလည်း ဖွားဖွားကြောင့်...။ အစကတည်းက အဆောင် မထားဘူးလို့ အော်ထားတဲ့ သူ့စကားကို ခေါင်းမာသူ အဖွားက ပြင်တော်မမူဘူးလေ။ ကျောင်းတည်ထောင်သူ လင်မယားကလည်း သူ့တပည့်တွေ ဆိုတော့ ဟိုကလည်း အားနာပါးနာ ခွင့်ပြုပုံ ပေါ်ပါရဲ့။

ဒီအစီအစဉ်မှာ အဆင်မပြေသူက ချိုမြပါ။ ကျောင်းကို ရောက်ကတည်းက ပေါ့ပေါ့နေလို့ မရဘူး ဆိုတာ သိခဲ့ရပြီ။ ထားပါ...။ ကိုယ် အောင်မြင်ဖို့နဲ့ ကိုယ် တော်ဖို့...။ အသင်တွေကလည်း ကောင်းပါတယ်။ နယ်မြို့ကလေးက လာတဲ့ ချိုမြ တယောက် စာသင်ချိန်တွေမှာ ငေးနေရပြီ ဆိုကတည်းက တဆင့်လောက်ကတော့ အောင်မြင်ပါတယ်။ စာသင်ကောင်းတဲ့ ဆရာ၊ ဆရာမများကြောင့် စာကိုလည်း တော်တော်လေး စိတ်ဝင်စားခဲ့တယ်လို့ ပြောနိုင်ပါရဲ့။

ဒါလည်း သိပ်တော့ မကြာဘူးရယ်။ ဟိုတုန်းက ပေါ့ခဲ့တဲ့ အကျိုးဆက်ကြောင့် တချို့ဘာသာတွေဟာ ချိုမြအတွက် ခက်လာတယ်။ နားမလည်တာတွေ များလာတော့


mgyoe.com

mgyoe.com SAMPLE BOOK
စိတ်ညစ်လာတယ်။ ထုံးစံအတိုင်း စိတ်ညစ်တော့ ဂျစ်ချင်တာပေါ့။ ဖွားဖွားကို မဂျစ်ရဲတော့ မေမေ့ကို ဖုန်းနဲ့ လှမ်းဂျစ်တယ်။

မေမေကလည်း တတ်နိုင်တဲ့သူမှ မဟုတ်တာလေ။ ဖေဖေ့ကို ပြောမှာပေါ့။ ဒါနဲ့ပဲ ဖေဖေ ရောက်ချလာတယ်။ ဖေဖေ ရောက်လာမှ ချိုမြရဲ့အခက်အခဲကို ဖွားဖွား သိတာ။

"ငါနဲ့ အတူတူ နေပြီး အဆင်မပြေနေတာကို ငါ့မပြောဘဲနေတော့ ငါက ဘာလုပ်ပေးလို့ ရမှာလဲ"

ဘာညာနဲ့တော့ ဆူသေး ပြောသေးတာပေါ့။ ဖွားဖွားက ဆရာမကြီး ဆိုတော့ တန်းသိတယ်။

"ညည်း အဆင်မပြေနေတာတွေက ဘာမှ ဟုတ်တာ မဟုတ်ပါဘူး မိချိုမြရယ်။ ညည်းငယ်ငယ်က စာမကျေခဲ့တဲ့ဟာတွေပါဟဲ့။ လာစမ်းပါ၊ ဘယ်သူ့မှ အားကိုးစရာ မလိုပါဘူး။ ငါ သင်မယ်"

လို့ ဖြစ်ပြန်ရော။

'မဆိုးပါဘူး။ ဖွားဖွားက အသင်အပြ ကောင်းသားပဲ' လို့ ပြောမိလို့တဲ့။ သဘောတွေကျပြီး တွေ့တဲ့လူတိုင်းကို ပြောပြောပြီး ကျေတွေနပ်နေတာ။ မြေးအဖွား တည့်ကြပြန်သတည်းပေါ့။

ကျောင်းမှာလည်း ချိုမြတို့ ပျော်ကောင်းလိုက်ပုံက တစိမ့်စိမ့်ကို ကြည်နူးပီတိ ဝွမ်းဆီ ထိနေရော။ ချိုမြက ဖွားဖွားကို ပေးထားတဲ့ ကတိအတွက်သာ စာမလိုက်နိုင်ဘူး၊ နားမလည်ဘူး ဆိုပြီး ဒရာမာတွေ ချိုးနေရတာ၊ ကျောင်းမှာက ချိုမြက အတော် စာရင်းမှာ ထိပ်က ပါတယ်။ ကျောင်းတည်ထောင်သူတွေကိုတော့ သနားပါတယ်။ သူတို့ကျောင်းကို ရောက်လာတဲ့သူတွေက ချိုမြထက် ညံ့တဲ့သူတွေ၊ ကဲ... ဘယ်လို လုပ်ကြမလဲ။

တည်ထောင်သူတို့ ကံမျှား ဆိုးချင်တော့ သူ့ကျောင်းကို ရောက်လာသူတွေဟာ တကယ့်ကို ခရေဇီသမားတွေချည်းရယ်။ ယောကျ်ားလေးတွေထဲမှာ ဆိုရင် အကမှ အက ဆိုတဲ့ကောင်။ စာမေးပွဲ မအောင်လည်း 'ဒန်ဇာ' လုပ်မယ် ဆိုတဲ့ (ချိုမြ တို့က ချန်လို့ ခေါ်တဲ့ EXO ကိုရီးယားအကအဖွဲ့က မင်းသားချန်နဲ့ တူတဲ့) သော်လင်းထက် ဆိုရင် စာလည်း တော်တော့ တော်ပါတယ်။ သို့သော်လည်း သူက စာအဓိက ဆိုတဲ့ ထဲကတော့ မဟုတ်ဘူး။ ကျန်တဲ့ ကောင်လေးတွေက စာက လွဲရင် အကုန်လုပ်မယ် ဆိုတဲ့ကောင်တွေ။ ဒါ့ကြောင့် သချာ်ဆရာကြီးက ပြောတာ။ 'မင်းတို့ကောင်တွေကွာ၊ မကောင်း ကျောင်းပို့တွေပါ' တဲ့။


mgyoe.com

mgyoe.com


ဟုတ်လည်း ဟုတ်တယ်။ ဒီကောင်တွေက ဂိမ်းမာစတာတွေ။ ဘယ်ဂိမ်းအကြောင်း ပြောရမလဲ၊ မမောဘူး။ ဖူးငုံ အပါအဝင် ကျန်တဲ့ ကောင်မလေးတွေကလည်း အကဲမသေးတဲ့ အိမ်မနိုင် သူဌေးသမီးတွေ။ စာလုပ်ချိန်မှာ ဂိုက်ဆရာမကို ကြောက်ရတော့ ကုန်းလုပ်ကြပြီး နည်းနည်းလေးမှ အချိန်ရရင် အလှအပအကြောင်း ပြောမလား၊ ကောင်လေးတွေအကြောင်း ပြောမလား။ ဘယ်တော့မှ ရန်မဖြစ်ရဘူး။ နေရ ထိုင်ရတာ ချောင်ချောင်ချိချိနဲ့ သက်သောင့်သက်သာ ရှိလှပါတယ်။ ဒါကြောင့် ချို့မြ ကျောင်းမှာ ပျော်တယ်။

ကျောင်းအကြောင်းကလည်း ပြောတော့ ပြောရဦးမယ်လေ။ ပြောရရင် နေတဲ့ ထိုင်တဲ့ စတိုင်က ဗိုလ်ဆန်တယ်။ ခေတ်မီတယ် ဆိုရမှာပေါ့။ ဟိုကျောင်းကြီးတွေလို စည်းကြီးကမ်းကြီးရယ်လို့ တင်းတင်းကျပ်ကျပ်ကြီး လုပ်ထားတာ သိပ်မရှိပါဘူး။ ကျောင်းသူ ကျောင်းသားကို ပျော်အောင် ထားတယ်။ တည်ထောင် အုပ်ချုပ်သူရဲ့ မိန်းမ ဆရာဝန်မကိုက အလန်း။ ဗမာစစ်စစ်ကြီးလည်း မဟုတ်တော့ ဖွားဖွားတို့လို ရိုးရာတို့၊ ယဉ်ကျေးမှုတို့ ဆိုတဲ့ စကားတွေလည်း ပြောမနေပါဘူး။ ဖွားဖွားလား၊ မေးမနေနဲ့။ မြန်မာ့ယဉ်ကျေးမှု အမွေစစ်ကို ချစ်မြတ်နိုးမလေ ဆိုတဲ့ ဂရုဖွဲ့ရင် အက်မင်များ ဖြစ်မလားပဲ။ ချို့မြကို အတိုအပြတ်တွေ ဘယ်တော့မှ ဝတ်ခွင့် မပြုခဲ့တာ။ ကျောင်းများ သွားကြည့်စမ်းပါ။ ကျောင်းအုပ်ကစ စကတ်နဲ့။ ဘာမိုက်သလဲ မမေးနဲ့။ ကလေး နှစ်ယောက် အမေနော်။ တော်ရုံအပျို ရှုံးသွားမယ်။ ချို့မြကတော့ ကြိုက်တယ်။ ချယ်လို့ အားလုံးက ခေါ်ကြတာ။

ချယ်က မင်းသမီး ရှုံးအောင် ပြင်ဆင်တတ်သလို အနေအထိုင်လည်း ခေတ်မီတယ်။ ကျောင်းမှာ ကလေးတွေအတွက် တလတခါ ဒင်နာ အမြဲလုပ်ပေးတယ်။ ဒင်နာလုပ်တိုင်းလည်း သီချင်းတွေ ဆိုကြ ကကြပေါ့။ လူကလည်း နည်းနည်းလေး ဆိုတော့ တခါတလေမှာ အပြင်သွားစားတယ်။ အပြင်သွားစားတဲ့ နေ့ဆိုလည်း ချို့မြကို အမြဲခေါ်တယ်။ အိမ်ကို ကိုယ်တိုင် ကားမောင်းပြီး လာခေါ်တော့ ဖွားဖွားကလည်း ထည့်တာပေါ့လေ။

ဒီလိုနဲ့ပဲ ပထမ အရည်အချင်းစစ် စာမေးပွဲ ဖြေရတော့တယ်။ ချို့မြရဲ့ အတွက် အချက်က တကွက် လိုသွားသလား မသိဘူး။ ကိုယ့်ထက်သာမယ့်သူ မရှိလောက်ဘူး ထင်တာရော၊ ပြီးပြီးရော တွေးတတ်တာရောနဲ့ ဖွားဖွားကို ပထမ ရရ စေမယ်လို့ အကြွားပိုမိတာလေ။ တကယ်တမ်း အမှတ်တွေ ထွက်လာတော့ ဒုတိယ ဖြစ်နေရော။ ဖွားဖွားလေ၊ သိတယ် မဟုတ်လား။ ဘယ် အလွတ်ပေးမလဲ...။

"ကဲ... ဘယ်မှာလဲ ညည်း ပထမ"တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

"ဖွားဖွားကလည်း ပထမ မဟုတ်ပေမဲ့ ဒုတိယတော့ ရသားပဲကို၊ ဒီတပတ် တော့ ထားလိုက်တော့လေ၊ နောက်တပတ်" လို့ ချော့ရတယ်။

ဖွားဖွားက မအီမလည်နဲ့ မျက်စောင်းကြီး ခဲတာကိုတော့ စပ်ဖြီးဖြီးနဲ့ နေပေး လိုက်ရတယ်။ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲမို့ စိတ်ရှည်ရှည် ဆွဲဆန့်ထားပါတယ်။ အင်း... ပထမရတဲ့သူက ဘယ်သူလဲ ဆိုတော့ ဟိုအကောင် 'ချန်'။ သူ့ကိုတော့ နည်းနည်း မနာလို ဖြစ်မိသလိုပဲ။ တခြားတော့ မဟုတ်ပါဘူး။ ဉာဏ်ကောင်းပုံကိုပါ။ မသိတာ ကျလို့၊ တချိန်လုံး သီချင်းပြီး သီချင်း လုပ်နေတဲ့ကောင်။

နောက်ပြီး သူက တာချီလိတ်က။ လားဟူ ဆိုလား ဘာလား မသိပါဘူး။ ရှမ်းစပ် ဆိုတော့ မြန်မာစာ မကျွမ်းဘူး။ ခု သူ သာသွားတာက ကျန်တဲ့ အမှတ်ပြည့် ဘာသာတွေ ကောင်းနေလို့ရယ်။ မြန်မာစာဖြင့် သူက လေးဆယ့်ငါးမှတ်။ နောက် စာမေးပွဲတခုမှာ သူ့ကိုသာအောင် ဘယ်လို လုပ်ရမလဲ။ တွေး... တွေး.... (ဟီး ဟီး ကိုယ့်ဟာကိုယ် အမှတ်များအောင် လုပ်ဖို့ကို ခဏ မေ့ထားတယ်)။

ဒီနေရာမှာ ချိုမြရဲ့ ဆရာမကြီးက ဖူးငုံ။ ဖူးငုံက ချိုမြလို အမှတ်တွေ၊ ဘာတွေ စကားထဲမှာ ထည့်ပြောတဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ မဟုတ်တဲ့ အကြံဆို သူက ရှယ်ကို ပေးတတ်တာလေ။ သူ့ကို တိုင်ပင်ပါတယ်။ ပျော်စရာ ဇာတ်လမ်းတွေက ရှုပ်လာတော့တာ။ ရင်ခုန်စရာတွေပေါ့။

"ဩော်... ချန်ကိုများ၊ ဟိုက နင့်လူပဲဟာလေ" ... တဲ့။

ဩော်... ပြောဖို့ မေ့တာ ရှိသေးတယ်။ ချိုမြတို့ အတန်းမှာ မိန်းကလေး ခုနစ်ယောက်၊ ယောက်ျားလေး ငါးယောက်က စားပွဲရှည်ကြီးမှာ မျက်နှာချင်းဆိုင်ပြီး တခါတလေမှာ ထိုင်ပြီး စာသင်ရတာ ရှိတယ်။ မီးပျက်တဲ့ အခါပေါ့။ မီးစက်မောင်းဖို့ အဆင်မပြေရင် အင်ဗတ်တာ ဖွင့်ပြီး သင်လို့ရတဲ့ ထမင်းစားခန်းကြီးထဲမှာ သင်ရ တာ။ အဲဒါဆို တယောက်နဲ့ တယောက် သေသေချာချာ စကားပြောလို့ ရတယ်။ မျက်စ ပစ်လို့ ရတယ်။ မဟုတ်ရင် မမဂိုက်မက အလွတ်မပေးတော့ သူငယ်ချင်းတွေ စကား လေးတောင် ပြောခွင့်ရတာ မဟုတ်ဘူး။ ချိုမြတို့ လောင်စိန်ဖွဲ့က ကောင်လေးတွေကို ကြည့်ပြီး ဘယ်သူက ဘယ်သူ ဆိုပြီး ဝေပုံချပြီး စကြရတာလည်း ပျော်စရာတမျိုးပဲမို့ တိုးတိုးတိတ်တိတ် ကျိတ်ပုန်း စနေကြတာတွေ ရှိတာပေါ့။

အထူးသဖြင့် စာမေးပွဲပြီး အမှတ်တွေ ထွက်လာတော့မှ ပိုတောင် ပြောဖြစ် ကြသေးတာ။ ရယ်စရာသဘောပါ။ အမှန်ဆို သူတို့က ငါးယောက်၊ ချိုမြတို့က ခုနစ်ယောက်၊ လူက မကိုက်ဘူးရယ်။ အထူးသဖြင့် ချန်ကိုတော့ ပိုင်းလုနေကြရတာပေါ့။ အမှတ် စာရင်းတွေ ထွက်လာပြီးတဲ့ နောက်မှာတော့ တစ်နဲ့ နှစ် ဆိုပြီး ချိုမြက ချန်နဲ့ ဆိုင်သွား


mgyoe.com

mgyoe.com SAMPLE BOOK
သလိုလို ဘာလိုလို။ အပျော်ပါ။ အဲဒီ အပျော်က တော်တော်လေးကို ပျော်ရတာ ပါဆို။ ဘယ်လိုတောင် ပြောရမှန်း မသိဘူးရယ်။ ဖူးငုံတို့ စရင်လေ ရင်ထဲမှာ ဟိုလို ဖြစ်သွားတာ။ ဘယ်လို ဖြစ်သွားတာလဲ ဆိုတော့ ဘုရားပွဲမှာ ရဟတ် စီးသလိုမျိုး။ ရင်ခုန်တာလား ဘာလား မသိပါဘူး။

နောက် ချန်နဲ့ အကြည့်ချင်း ဆုံရင်လည်း အဲဒီလို ဖြစ်သွားပြန်ရော။ ဟိုအရင်က မဖြစ်ဖူးပါဘူး။ ခုမှ ခုမှ အဲဒီလို ဖြစ်ရတာကို ဘယ်လို ကြိုက်မှန်း မသိဘူးရယ်။ ဟိုလေ ဖြစ်ချင်တိုင်းလည်း ဖြစ်လို့ ရတာမျိုးတော့ မဟုတ်ဘူး။ သူ့အလိုလို ဖြစ်တာ။ ဟီဟိ၊ အချစ်ဆိုတာ ဒါလား မသိဘူး။ ဘာပဲဖြစ်ဖြစ် ချိုမြ ပျော်နေတယ်။

အရင်က ပုံမှန်အတိုင်း ဘာမှ သိပ်ပြီး မလိမ်းမခြယ် ဖြစ်ပေမဲ့ နည်းနည်းပေါ့၊ မသိမသာလေး ပြင်ဖြစ်တယ်။ ဖူးငုံက ပြောတယ်။

"နင့်ကို ချန်က ပြောနေတယ်၊ လက်လက်ထက ပိုလှလာတယ်"တဲ့။

ဩော်... ချိုမြကိုတော့ ကောင်လေးတွေက လက်လက်ထလို့ ကွယ်ရာမှာ ခေါ်ရာကနေပြီး ခုတော့ အဲဒီနာမည်ကိုပဲ အတည်ခေါ်နေကြပါပြီ။ ပြီး သူတို့က ပြောတယ်လေ။ 'နင့်စိန်တွေက လက်လက် ထနေလို့' တဲ့။ ချိုမြလည်း ပိုပြီးတောင် ကျေနပ်သွားလိုက်သေးတယ်။ ဖူးငုံ စကား ကြားပြီးတဲ့ နောက်ပိုင်းမှာတော့ ချိုမြမှာ ကျောင်းတက်ရင်း အလုပ်ပိုတခုကို လုပ်ဖြစ်နေတော့တယ်။ စာကို ကောင်းကောင်း ဖြောင့်ဖြောင့်တောင် မသင်နိုင်ဘူး။ စာသင်ရင်း ချန်ကို ခိုးကြည့်တဲ့အလုပ်ပေါ့။ သူ ကြည့်နေလားလို့ အမြဲတွေးနေမိတာလေ။ သူ ကြည့်နေလား သိချင်လို့ ခိုးကြည့်မိတာ။

သူကလည်း ချိုမြလိုပဲလားတော့ မသိဘူး။ ချိုမြ ကြည့်တိုင်း သူ ကြည့်နေတာနဲ့ အမြဲဆုံတယ်။ အဲဒီလိုဆုံရင် လှပ်ခနဲ ဖြစ်သွားရော။ ဟင်... ဘယ်လိုတွေ ဖြစ်နေလဲ မသိတော့ပါဘူး။ ကျောင်းတင်လား ဆိုတော့ မဟုတ်ပြန်ဘူး။ အိမ်ရောက်ပြန်တော့ လည်း ချန့်ကိုပဲ မျက်စိထဲက မထွက်ပြန်ဘူးလေ။ သူ့အကြောင်း တွေးနေရတာ ချိုမြဖြင့် သိပ်ကို ကြိုက်တာပါပဲဆို။ အရင်လို နေရတာလည်း မပျင်းတော့ဘူး။ ဖွားဖွားကိုလည်း မဂျစ်တော့ဘူး။ မေမေတို့နဲ့လည်း အပေါက်အလမ်း တည့်အောင် နေနေမိရော။

ကောင်လေးတွေ ချိုမြကို လက်လက်ထလို့ ခေါ်တာလည်း စိန်တွေကြောင့် ဟုတ်ချင်မှ ဟုတ်မှာပါ။ ချိုမြကိုက သွားတာ လာတာ ဘာလုပ်လုပ် ရှူးခါခါ နေတတ်တာ ချိုမြကိုယ်တိုင်လည်း အသိပါပဲ။ ဒါ ဟိုတုန်းက။

ခုတော့ဖြင့် အဲဒီလိုကို မနေချင်တော့တာ။ ငြိမ်ငြိမ်ကုပ်ကုပ်လေး နေပြီး တွေး ချင်ရာတွေး၊ လွမ်းကလည်း လွမ်းရသေး။ ဟီးဟီး ချန့်ကိုလေ။ ပြောရရင် ချိုမြ ငြိမ်ကောင်းခြင်းမလှ ငြိမ်နေတာ ဖွားဖွားက သိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဟိုကောင်မလေး အရင်လို မဟုတ်ဘူး။ ငြိမ်လှချေလား။ ဘာကောက်နေတာလဲ။ နေကော ကောင်းရဲ့လား" တဲ့။

ချိုမြပဲလေ၊ ဘယ်နေမလဲ။

"စာမေးပွဲ နီးပြီလေ ဖွားဖွားရဲ့၊ ပထမ မရရင် ဖွားဖွားပဲ ဆူဦးမှာ၊ ချိုမြမှာ စာလုပ်ရတာ မနိုင်ဘူး"

ဘာညာနဲ့ ဖြီးတာပေ့ါ။ ဖွားဖွားက အဟုတ် ထင်ရှာတယ်။ အစားအသောက်တွေလည်း အထူး စပယ်ရှယ် စီစဉ်ပေးတယ်။ ချိုမြအကြောင်းကို မသိသေးတော့ မြေးကို ယုံမှတ်လို့ သနားစရာ ဖွားဖွားရယ်။ ဖွားဖွားကို ပြောပြီးပြီးချင်း သတိရလိုက်တယ်။ စာတွေ စာတွေ။ တော်တော်လေး လွတ်နေတာ။ နားမလည်တာတွေကို အများမှ အများကြီးရယ်။ ဒုက္ခပဲ။ အပြောကြီးထားတဲ့ ချိုမြတော့ ကိုယ့်ကိုယ်ကိုယ် ကယ်မှ ဖြစ်တော့မယ်။ နားမလည်တဲ့ စာတွေကို မမဂိုက်ကို မေးတယ်။ တော်ပါသေးရဲ့၊ သူက ကျွမ်းကျွမ်းကျင်ကျင် ရှင်းပြတယ်။ ဒါပေမဲ့ အချိန်က သိပ်ကို နည်းလွန်းနေတော့ ချိုမြကို 'ဒီရက်ပိုင်း အဆောင်လာနေပါလား' လို့ မမဂိုက်က ပြောတယ်။ ချိုမြကလည်း အဆောင် နေကြည့်ချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်။

ချိုမြ နေချင်ရခြင်းကတော့ စာကို အချိန်များများ လုပ်ချင်လို့တော့ မဟုတ်ဘူးပေ့ါ။ ဖူးငုံတို့ အဖွဲ့နဲ့က ပြောမဆုံးပေါင် တောသုံးထောင်တွေ ရှိနေပြီလေ။

'ချန်က နင့်ကို ဟိုလိုပြောတာ'၊ 'ဟိုနေ့ကတောင် နင့်ဖို့ ဆိုပြီး ချန်က မုန့်တွေ ပေးမလို့ ငါတို့က စလို့ ရှက်ပြီး ပြန်သိမ်းသွားတာ'

အဲဒီလိုတွေ အစရှိလာတော့ ချိုမြမှာ နေမထိ ထိုင်မထိတွေ ဖြစ်ပြီး 'နင်တို့ကလည်းဟာ၊ နင်တို့ကလည်းဟာ' သာ ပြောနေရတာ သူတို့ ဘာပြောမလဲ အမြဲ သိချင်နေရော။ ဒါနဲ့ မမဂိုက်ကို ကပ်ရတယ်။ သူက မျက်နှာတင်းကြီးနဲ့ အမြဲနေတော့ ချိုမြမှာ စွတ်ချွဲနေရတာ။ ဆရာကြီး၊ ဆရာမကြီးတွေကို တီချယ်လို့ ခေါ်ကြပေမဲ့ ဂိုက်တွေကိုတော့ ဆရာ၊ ဆရာမ အဲဒီလို ခေါ်နေကြချိန်မှာ ချိုမြက သူ့ကို မမလို့ ဇွတ်ခေါ်ပစ်တာ။ ပြီးတော့ ပြောလိုက်သေး။

"နယ်မှာ ကျန်ခဲ့တဲ့ အစ်မဝမ်းကွဲနဲ့ တူလို့၊ အဲဒီအစ်မကို အချစ်ဆုံးပဲ၊ မမကိုလည်း ချစ်လို့"

ဘာညာ လုပ်ထားပြီး မမအတွက် မုန့်တို့၊ ဟင်းတို့ ယူယူသွားသေးတာ။ ဖွားဖွားတယောက်က ချိုမြကို စိတ်မချလိုက်ပုံများ မပြောချင်ဘူး။ ချိုမြမှာ အဆောင်ကို စာမေးပွဲ မဖြေရခင် ရက်ကလေး စာ သေသေချာချာ လုပ်ဖို့ နေပါရစေ ဆိုတာကို ငြင်းချင်သေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

တနေ့ ကျောင်းအကြို ဖွားဖွား ပါလာတုန်းလေး မမဂိုက်က လိုက်ပြောပေးလို့ ချယ်တို့နဲ့ သေသေချာချာ တိုင်ပင်ပြီး စာမေးပွဲ မဖြေခင် နှစ်ပတ်လောက် အလိုမှာ အဆောင်နေခွင့် ရခဲ့တော့တယ်။ အဆောင် ဆိုတာက ရွယ်တူတွေ စုနေရတဲ့နေရာ မဟုတ်လား။ ပျော်စရာ ကောင်းပြီပေါ့။ ဘာကို ဘယ်လို စားရ စားရ စုစားတော့ ဝင်တာပဲ။

အဲဒီလိုတော့လည်း မဟုတ်သေးဘူးပေါ့လေ။ ဖွားဖွားကျေးဇူးလို့ ပြောရမှာပါပဲ။ ချိုမြ အဆောင် နေသမျှ ရက်အတွင်း စားစရာကို ပို့တာ တရက် မထပ်ဘူး။ ဟင်း တမျိုးလောက်ကို အများစာ ချက်ပေးသေးတော့ သူငယ်ချင်းအားလုံး စားကောင်းကြတယ်။ ပိုပျော်ကြတယ်။

အထူးသဖြင့် ချန်တို့ကောင်လေးတွေ။ သူတို့က အစားကြီးတော့ သူတို့ဆီလည်း တချို့တော့ ပို့ဖြစ်သေးတာပဲ။ အဲဒီအချိန်မှာ ချန်နဲ့ ချိုမြက ဟိုလိုလို သည်လိုလို ဖြစ်နေကြပြီ။ ပျော်စရာ အကောင်းဆုံး အချိန်လို့ ပြောရမယ်။ တချိန်လုံး သူ ချိုမြကို အမြဲကြည့်နေသလို ချိုမြကလည်း သူ့ကိုပဲ ကြည့်ချင်နေခဲ့တယ်။ မျက်လုံးချင်းဆုံရင် ဖြစ်သွားတဲ့ လှိုက်ခနဲကို ချိုမြ အကြိုက်ဆုံးပဲ။ ကြာတော့ မမဂိုက်က ရိပ်မိပါလေရော။ ချိုမြကို သတိပေးတယ်။ ဆူဆူပြောပြော မလုပ်ပေမဲ့ ကျောင်းရဲ့ အတင်းကျပ်ဆုံး စည်းကမ်းက ရည်းစားထားတဲ့ ကိစ္စပဲလို့ ပြောတယ်။

ရည်းစားထားတာကို မိသွားရင် ဘယ်သူပဲဖြစ်ဖြစ် ဖြေရှင်းခွင့် မရှိဘူး။ ကျောင်းက ထုတ်မှာတဲ့။ တခုခု ဆိုရင်လည်း ကျောင်းက တာဝန်ယူပြီး ဖြေရှင်း မပေးဘူး ဆိုတဲ့ စည်းကမ်းချက်ပါတဲ့ စာရွက်ကြီးကို ချိုမြကို လာပေးနေသေးတယ်။

ချိုမြ ကျောင်းဝင်တုန်းကလည်း လက်မှတ် ထိုးထားရတာပဲလေ။ ဟီးဟီး၊ ဖတ်မကြည့်မိတာတော့ မတတ်နိုင်ဘူး။ ရှိပါစေတော့၊ ရည်းစား ထားပါတယ် ဆိုမှတော့ ဘယ်သူကများ အများသိအောင် ကြေညာမောင်းခတ်ပြီး ထားလေ့ရှိလို့လဲနော်။

မမကလည်း ညလေးက စာလုပ်ချင်လို့ လာတာ သိသားနဲ့ ဘာညာနဲ့ ကပ်ချွဲ ပစ်လိုက်တယ်။

အေးဆေးပါ။ မမဂိုက်က တကယ်ဆိုရင်တော့ သိပ်ကို ရိုးလှပါတယ်။ အလုပ် လည်း တအားနင်းကြီးကို ကြိုးစားတာ။ အသက်ကတော့ လေးဆယ်များတောင် ကျော်ပြီလား မဆိုနိုင်ဘူး။ သူကလည်း ဟို စည်းကမ်းကောင်းတဲ့ ကျောင်းကြီးမှာ အရင်လုပ်ဖူးတာတဲ့။ အိမ်ထောင်ကျလို့ အလုပ်ထွက်လိုက်တာ။ ဘာဖြစ်လို့လဲ မသိဘူး။ အိမ်ထောင်နဲ့ ကွဲသွားပြီး ခုမှ ဒီကျောင်းမှာ လာလုပ်နေတာတဲ့၊ သူက အုပ်ချုပ်ထိန်းသိမ်း ကောင်းလို့ လခတွေ အများကြီး ပေးပြီး ခေါ်ထားရတာလို့ ဖူးငုံကတော့ ပြောတာပဲ။


mgyoe.com

mgyoe.com

ဖူးငုံနဲ့ သူကတော့ မတည့်လှဘူး။ ဖူးငုံက စာကလွဲပြီး အကုန်လုပ်တဲ့သူ ဆိုတော့လေ။ ချိုမြကတော့ ဖူးငုံကိုလည်း တည့်အောင် ပေါင်းရတယ်။ မဟုတ်တဲ့ နေရာမှာ သူက ဆရာကြီး ဆိုတော့...။ ဒီလိုနဲ့ ချိုမြတို့ စာမေးပွဲ ဖြေတဲ့ရက်ကို ရောက်လာတယ်။ ချိုမြကတော့ ထုံးစံအတိုင်း ပေလေနေလို့ စာက ကောင်းကောင်း မရသေးဘူး။ ဖွားဖွားကိုလည်း ပထမ ရရမယ် ဆိုတဲ့ ကတိတွေနဲ့ အဆောင်ကို လာနေတာမို့ ပထမ မရရင် ချိုမြတယောက် ဒုက္ခလှလှကြီးကို တွေ့တော့မှာ။ မျက်နှာ မသာယာတဲ့ ချိုမြကို ဖူးငုံက–

"နင် ဘာဖြစ်နေတာလဲ၊ ချန်နဲ့ စိတ်ကောက်တာလား" တဲ့။

ချိုမြ မေ့နေတာ 'ဆြာမဂျီး'ကို။ ချိုမြရဲ့ အခက်အခဲကိုလည်း ပြောပြလိုက်ရော –

"ဒါလေးများ... ဒါလေးများ လွယ်လွယ်လေး၊ နင် မူးလဲချင်ယောင် ဆောင်လိုက်" တဲ့...။

"ဟယ်... ဟုတ်ပ့ါ၊ ငါ မေ့နေတာ"

လို့ ပြောပြီး မြန်မာစာ ဖြေနေရင်းမှာပဲ 'မူးတယ် မူးတယ်' ဆိုပြီး စားပွဲခုံပေါ်ကို မှောက်ချပစ်လိုက်တယ်။

အိုခေ...။ အကြောင်းမသိတဲ့ မမဂိုက်ရော ချယ်တို့ပါ ပြူးပြူးပျာပျာတွေ ဖြစ်ကုန်ကြပြီး ချိုမြကို ဝိုင်းဂရုစိုက်ကြတယ်။ ဖွားဖွားဆီ ဖုန်းဆက်တော့လည်း ဖွားဖွားလေး ခမျာ အိမ်နေရင်း အဝတ်အစားတောင် မလဲဘဲ ရောက်ချလာတယ်။

ချိုမြနဲ့ ဖူးငုံ နှစ်ယောက်သာ သိတဲ့ တိုက်ပွဲကြီးဟာ မထင်မှတ်ဘဲ အောင်မြင်လိုက်ပုံ။ ရှယ်ပဲ။ ချန်တယောက်က ဆိုတာ ပြူးတူးပြဲတဲကို ဖြစ်လို့၊ စိုးရိမ်တာတဲ့။ ရင်ထဲမှာ ကျိတ်ပြီး ပျော်ရ၊ ကျေနပ်ရ၊ ပီတိဖြစ်ရတာများ ပြောမပြတတ်အောင်ပဲ။ သူတို့က ပျာယာခတ်အောင် ဂရုစိုက်ကြလေ ချိုမြမှာလည်း လုပ်ကွက်တွေက သာလေပေ့ါ။ ချိုမြက သချာ်ာ ပိုင်တယ်လေ။ လူကြီးတွေက ကျန်းမာရေးကို စိတ်ပူပြီး စာမေးပွဲ ဆက်မဖြေဖို့ တားတဲ့ကြားကပဲ ချိုမြက သချာ်ာလေးတော့ ပြေးဖြေလိုက်သေးတယ်။ အဲဒီအချိန်မှာ မေမေကလည်း ချိုမြကို စိတ်ပူလို့ ဆိုပြီး ရောက်နေတော့ မေမေက ချိုမြနဲ့ စာမေးပွဲခန်းကို လိုက်စောင့်ပေးသေးတယ်။ ထုံးစံအတိုင်း အတွက်များတဲ့ ဘာသာတွေကို ကြိုးစားသူကြီး စတိုင်နဲ့ သွားဖြေတာ အဟုတ်...။ ဘိုင်အိုကတော့ မကျက်ရသေးတာတွေ များလို့ မူးပစ်လိုက်တာပေ့ါ။

"ကလေးက အားနည်းနေတာ၊ စာတွေ တအားရတော့ ဖွတ်ဖြေချင်နေလို့၊ ခုတော့ မဟန်နိုင်တော့ဘူး"

လို့ ဖွားဖွားက ပြောတော့ ဘယ်လိုကို ကျေနပ်မှန်း မသိဘူးရယ်။


mgyoe.com

mgyoe.com

ချိုမြတို့ အောင်မြင်ပုံက ရယ်ပဲ...။ အမှတ်စာရင်းတွေ ထွက်တော့ ဘာသာသုံးခု ဂုဏ်ထူးမှတ်တွေ ရတယ်။ မမဂိုက် ကျေးဇူးပါ။ ကျန်တဲ့ ကျက်စာ သုံးဘာသာက မမြေဘူးလေ။ ဒါပေမဲ့ ဖွားဖွားက အကျေနပ်ကြီး ကျေနပ်ပြီး ချိုမြကို စွတ်ယုံနေရော။ ချန်ကလည်း ကျန်းမာရေး မကောင်းသူလေးကို စွတ်သနားနေရော။ ဘယ်လောက် အထိ သနားသလဲ ဆိုတော့ 'နင့်ကို ငါ သနားလိုက်တာ၊ ပြီးတော့ ချစ်တယ်' တဲ့... ကဲ။

"ဖုန်းက ခိုးဆက်ရတာ၊ နင်ရော ငါ့ကို ချစ်လား' တဲ့။

ဘာရမလဲ၊ ဒါလောက်ကြီး ကြုံနေတာကို အချိန်ဆွဲ မနေပါဘူး။ 'အေး ချစ်တယ်' လို့ တန်းဖြေပစ်လိုက်တာပေါ့။ သူက -

"အိုခေ... ငါ ပျော်သွားပြီ။ နင် နေကောင်းအောင် နေ၊ ဒါမှ မြန်မြန်တွေ့ရမှာ... ငါက လွမ်းလှပြီ"

ဆိုပြီး ဖုန်းချသွားလေရဲ့။

အဆောင်မှာ ကျောင်းသား၊ ကျောင်းသူက ဖုန်းကိုင်ခွင့် မရှိဘူး။ ဖုန်းကို ယူလာလို့တော့ ရတယ်။ ဂိုက်ကို အပ်ထားရတာ။ အိမ်နဲ့ ဆက်ချင်မှ အားတဲ့အချိန် ဂိုက်ဆီ တောင်းပြီး ဆက်ရတာ။ အဲဒါက စာရွက်ထဲမှာ ရေးထားတဲ့ စည်းကမ်းပေါ့။ အပြင်မှာကတော့ စာသင်ချိန်၊ စာကျက်ချိန်က လွဲရင် 'အိမ်ဖုန်း' လို့ ပြောပြောပြီး ကိုယ် ဆက်ချင်ရာ ဆက်ကြတာ လူတိုင်းလို ဖြစ်နေပြီ။ ဒါကြောင့် လူတိုင်းကလည်း ဖုန်းယူလာကြတာပါပဲ။ ဖူးငုံတို့များ မမဂိုက် အိပ်ပြီဆို ဖုန်းခိုးပြီး လုပ်ချင်ရာ လုပ်တာ၊ အေးရော...။

မမဂိုက်ကလည်း ရယ်ရသလား မမေးနဲ့။ သူ့ခန္ဓာဝဝကြီးနဲ့ နိုးနေတဲ့ အချိန်သာ စည်းကမ်း ဘာညာနဲ့ တင်းနေတာ။ အိပ်လိုက်ပြီဆို ဘာမှ သိတော့တာ မဟုတ်ဘူး။ တနေကုန်လည်းလေ ကျောင်းသူတွေနားမှာ မျက်လုံးကြီး ပြူးပြီး ကြည့်နေရတာ ဆိုတော့ ညရောက်လို့ 'စတာဒီ' သိမ်းရင် သူ့မှာ မျက်လုံး မဖွင့်နိုင် တော့ဘူး။ ကျောင်းသူတွေက သူ့အထာကို ကျွမ်းနေတော့ သူ အိပ်ချိန်ကို စောင့်ပြီး လုပ်ချင်ရာတွေ လုပ်ကြရော။ ဖူးငုံတို့များ ဇာတ်ကားတွေလည်း ကြည့်တယ်။ ဟိုလေ... ကလေး မကြည့်ရတာတွေလည်း ကြည့်တာပဲ။ ပြီး ခိခိ ခိခိနဲ့...။

ချိုမြလား...။ အဲလောက်ကြီးအထိ မသောင်းကျန်းပါဘူးလေ။ ဒါပေမဲ့ ရည်းစား တော့ ထားလိုက်မိပြီ။

ချိုမြတို့ ကျောင်းက သီတင်းကျွတ် ကျောင်းပိတ်ရက် တော်တော်လေး အလိုမှာ စာမေးပွဲ စစ်တာ။ ဖြေပြီးရင် ကျောင်းကို တပတ်လောက် ပြန်တက်ရတယ်။ အဲဒီ


mgyoe.com

mgyoe.com SAMPLE BOOK

ရက်ကလေးကတော့ ချိုမြတို့ အားလုံး အပျော်ကြူးတဲ့ ရွှေရောင် နေ့ရက်များပေါ့။ ဆရာကန်တော့ပွဲအတွက် အကတိုက်တာတို့၊ ဘာတို့ လုပ်တာကိုး။ တချို့ဘာသာတွေ ဆိုရင် မဝင်တော့ဘူး။ ကန်တော့လက်ဆောင်ပစ္စည်း အလှထုပ်ပိုးတာတို့၊ ဈေးဝယ် ထွက်ကြတာတို့၊ ကျောင်းမှာ အပျော်ချက်စားဖို့ လုပ်ကြတာတို့ စုံရောပဲ။ တော်တော် လေးကို ပျော်ရတာပါ။

ပြောရရင်တော့ ယောက်ျားလေး ငါးယောက်၊ မိန်းကလေး ခုနစ်ယောက်တို့ဟာ အတွဲ သုံးတွဲလောက် ဖြစ်ကုန်ကြပြီ။ မဟုတ်တာ လုပ်တော့လည်း လုံသလား မမေးနဲ့။ ကျန်တဲ့သူတွေက အဖေကြောက် အမေကြောက်တွေ၊ လူလိမ္မာဘွဲ့ခံတွေ။ ဘုန်းကြီး သီလရှင်တွေလို့ ဖူးငုံကတော့ ပြောတာပဲ။ ချိုမြကတော့ အတွဲသမား အသစ်ကလေး။

ရှေ့မှာ အတွဲဆရာကြီး ဆရာမကြီးများက နည်းမျိုးစုံ သင်တန်းတွေပေး။ အို… ရယ်နေရတာပါဆို။ ပျော်လိုက်တာလည်း မပြောနဲ့။ အသစ်အဆန်းကို အလွန် ကြိုက် တတ်တဲ့ ချိုမြပါလေ။ အတွေ့အကြုံအသစ်ဟာ အချစ်နဲ့အတူ ဆိုသလိုပါပဲ။ ဟို ချန် တယောက်ကလည်း လက်ရဲဇက်ရဲလေးလို့ ပြောရမလိုပဲ။ စာသင်ခန်းထဲမှာကိုပဲ ရွှတ်ခနဲ ခိုးနမ်းလား နမ်းရဲ့၊ လက်ကို ဖွတ်ခနဲ ကိုင်လား ကိုင်ရဲ့၊ အို… ရင်ခုန်ပါလေရော။

ဆရာကန်တော့ပွဲ လုပ်တော့လည်း ပွဲက ချန့်ရဲ့ ပွဲလို့တောင် ပြောလို့ရတယ်။ သူက တကယ် အကသန်တာကိုး၊ သီချင်းဆိုလည်း ဖြစ်တယ် ဆိုတော့ ချယ်တို့ ကတောင် 'ငေးနေရတာပဲ' လို့ ပြောယူရတဲ့အထိ။ ဒီတော့ မသိမသာလိုလို သိသိ သာသာလိုလိုနဲ့ ချိုမြမှာ မျက်နှာ ပွင့်ရတယ်။ ဂုဏ်ယူရတယ်။ ဘယ်လို ပြောရမလဲ၊ ပျော်ပြီး စိတ်တွေ တက်ကြွနေတာ 'ငါ့ကောင်လေးက ဒီလို' ဆိုပြီးတော့လေ။

ကျောင်း စပိတ်တဲ့ နေ့က မှတ်မှတ်ရရ ချိုမြရဲ့ မွေးနေ့။ ချိုမြတို့နဲ့ တွဲဖက်လို့ မရတဲ့သူတွေ မိကြောက်ဖကြောက်တွေကတော့ အိမ်က လာခေါ်တာနဲ့ ပြန်ကြရော။ ချိုမြကတော့ ဒီမြို့ကပဲမို့ အေးဆေး…။ ဖူးငုံမက စကားစလာတယ်။

'မိလက်ထ၊ ငါတို့ ရုပ်ရှင်ကြည့်ရအောင်'တဲ့။ သူ ပြောမှ သတိရတာ။ ရုပ်ရှင် မကြည့်ရတာ ကြာပဲ ကြာပေါ့။ သူက ဆက်ပြောတယ်။

"ဟိုလေ ဒီတိုင်း ရိုးရိုးကြီး ကြည့်ရမှာ ပျင်းစရာကြီး"တဲ့။

"အဲဒီတော့ နင်က ဘယ်လို ဆန်းချင်တာလဲ"

လို့ မေးမယ်လို့ ရှိသေးတယ်။

"နင် ချန်နဲ့တူတူ မကြည့်ချင်ဘူးလား"တဲ့။

"သူက ပြန်မှာ မဟုတ်ဘူးလား"

လို့ ပြန်မေးရတယ်။


mgyoe.com

အမှန်ဆို ချန်က တာချီလိတ်ကို ပြန်ရမှာ။ သူက တာချီလိတ်ကနေ ကျောင်းလာတက်တာ။ အဝေးကြီးပေမဲ့ သူ့အမေ ဆရာဝန်မက ချယ်သူငယ်ချင်း ဆိုတော့ သူ့သား အကောင်းစားလေးကို စာပိုတတ်အောင် ပြည်မကြီးအထိ ပို့ပြီး စာသင်ခိုင်းတာ။ ဒီခေတ်ကြီးထဲမှာ ဆန်းတော့ မဆန်းပါဘူး။ ပြန်သွားတဲ့ သူငယ်ချင်းတယောက် ဆိုလည်း မြိတ်ကတောင် လာတာပဲ။

"နင့်ကို သူ မပြောဘူးလား။ လေယာဉ်လက်မှတ် စောင့်ရင်း နှစ်ရက်လောက်နေဦးမှာ" ... တဲ့။

ဖူးငုံ ပြောလို့သာ ပြောတာ၊ ချိုမြကဖြင့် သိပ်တောင် မမျှော်လင့်ထားဘူး။ ချိုမြကိုလည်း မေမေတို့ လာခေါ်မှာပါ။ ဒါပေမဲ့ ဖွားဖွားက ချိုမြရဲ့ ကျန်းမာရေးကို သမားတော်ကြီးနဲ့ ပြဖို့ ရက်ချိန်းယူထားတာကြောင့် မပြန်ဖြစ်သေးတာ။ သူ ပြောလိုက်မှ ချိုမြ စိတ်ညစ်သွားတယ်။

"နင်က ပြောတော့ လွယ်တယ် ဖူးငုံ။ ငါ့ဘဝက နင် ထင်သလောက် မလွတ်လပ်ဘူးဟဲ့။ ဒါ အဆောင်မို့ ငါ နေချင်တိုင်း နေနေရတာ။ ငါ့အဖွားက ဂျီဂျောင်ကြီးရယ်"

လို့ ရင်ဖွင့်ရတယ်။

"အံ့သြပါ့။ နင့်မှာ ဉာဏ်မရှိဘူးလား။ ငါ ပြောတဲ့အတိုင်း လုပ်" တဲ့။

သူက တကယ့် ဆရာမကြီး စတိုင်နဲ့လေ။ သူ ကြီးကျယ်တာလည်း မပြောနဲ့။ သူခိုင်းတဲ့အတိုင်း လုပ်တော့လည်း အောင်မြင်တယ်လေ။ တခါကလေးမှ စိတ်ကူးမယဉ်ဖူးတဲ့ အိပ်မက်ဆန်းကို မက်ရသလိုပါပဲ။ လူကြီးတွေကို ပိပိရိရိ လိမ်ရတဲ့ အရသာကို ချိုမြ ကြိုက်သွားတယ်။

"နင်က စာမေးပွဲသာ အပြည့် မဖြေရတာ။ အမှတ်တွေ ကောင်းကောင်းနဲ့ အောင်တာဆိုတော့ ခွင့်ပြုမှာပါဟာ"

လို့ အစချီပြီး သူ့အစီအစဉ်တွေ ပြောပါရော။

သူ့အမေနဲ့ သူက ချိုမြကို လာခေါ်တာ။ သူ့အမေကတော့ သူ လိမ့်သမျှ ခံရတဲ့ အရိုးခံ အမေ။ သိပ် သဘောကောင်းတာ။ ဖူးငုံကို ဘယ်လို ချစ်မှန်း မသိဘူး။ ဖူးငုံ ပြောသမျှ ထာဝရအိုခေတဲ့ အမေ။ မေမေ့ကို သဘောကောင်းလှပြီ မှတ်တာ၊ ဖူးငုံအမေကို မမီဘူး။

အဲဒီနေ့က ဖူးငုံနဲ့ သူ့အမေ ကားနဲ့ လာခေါ်တယ်။ ချိုမြ မွေးနေ့မို့ ချိုမြက ကျွေးမယ်။ သူတို့က ရုပ်ရှင်ပြမယ်။ ဒါလောက်သာပဲ ဖွားဖွားကို သိစေခဲ့တာ။ ဖွားဖွားကလည်း အမေကိုယ်တိုင် ပါနေတော့ မငြင်းသာဘူး။ နောက်ပြီး ချိုမြမှာက

mgyoe.com

အခွင့်ကောင်းယူစရာ နှစ်ခုကြီးများတောင် ရှိတာလေ။ အမှတ်ကောင်းတာရော၊ မွေးနေ့ရော။ ဆိုတော့ ဖွားဖွားက ခွင့်ပြုတယ်။

ရုံရှေ့ကို ရောက်တော့ –

"မေကြီး ပြန်လိုက်တော့လေ၊ ဆံပင်ဆိုင် နောက်ကျရင် မီးတို့ ရုပ်ရှင် ပြီးချိန်နဲ့ မကိုက်ဘဲ ရှိနေလိမ့်မယ်။ မမဂိုက်လည်း မကြာခင် ရောက်လာမှာ"

လို့ ပြောတော့ သူ့အမေက ကားပေါ်ကတောင် မဆင်းဘဲ မောင်းထွက်သွားရော။ ဖူးငုံက မျက်စိတဖက် မှိတ်ပြပြီး –

"မပိုင်ဘူးလား။ မေကြီးကလည်း ရောက်တုန်း ပေါက်တုန်း သူ့ဆံပင် ပြင်ဦးမှာဆိုတော့"တဲ့။

ဒါတောင် မိချိုမြတို့က မပါးလှဘူး။

"နင်ကလည်း မမဂိုက်ကို ဘာလို့ ခေါ်ထားပြန်တာလဲ" လို့ ရန်လုပ်မိသေး။

"ဟဲ့ အေမ၊ အလကား ခေါ်မလား၊ ရည်းစားနဲ့ ချိန်းပြီး ရုပ်ရှင်ကြည့်ပါမယ် ဆိုမှ"

လို့ လှည့်ဟောက်တာ ခံလိုက်ရသေး။

"ကဲ... ဟောက်ပေတော့ ဖူးငုံမရေ၊ နင်က စဆရက" ·

လို့ ဆဲရုံအပြင် ဘာလုပ်ရမလဲ။

သူ့ရဲ့အစီအစဉ်တွေက ကောင်းမှကောင်းကိုး။ ကောင်လေးတွေကို လက်မှတ်ဝယ်ဖို့ တာဝန်ပေးပြီးသား ဆိုတဲ့အတိုင်း ဟိုကောင်တွေလည်း ဘယ်က ဘယ်လို ပေါ်လာကြမှန်း မသိဘူး။ စပ်ဖြီးဖြီးတွေ ရောက်ချလာတယ်။

ချိုမြက သူတို့ကို မုန့်ကျွေး အအေးတိုက်ရတယ်။ ဟိုထဲ စားဖို့ မုန့်တွေကတော့ မေမေက ဝယ်ပေးလိုက်တာ။ စားသောက်ပြီးတော့ –

"ကဲ... သွားကြမယ်လေ၊ ဘာလုပ်နေကြတာလဲ"

လို့ ချိုမြက နှိုးဆော်တော့ အားလုံးက ရယ်တယ်။

"ဟဲ့ နင်တို့ ဘာရယ်တာ"

ဆို မေးတော့လည်း မပြောဘူး။ ဘေးနားက ချန်က 'အသာနေစမ်း ဘေဘီ' ... တဲ့။ အံမယ်...၊ နာမည်တွေ ဘာတွေ ပြောင်းခေါ်လို့ပါလားလို့ တွေးမိသေးရဲ့။ သူတို့တွေဟာ ရယ်စရာတွေ ပြောပြီး ပျော်လေးဝါးလားနဲ့ အချိန်ဖြုန်းနေကြတယ်။ ဟိုက ရုပ်ရှင်က ပြတော့မှာ၊ ချိုမြ စိတ်တိုလာပြီ။ ဖူးငုံက အသာနေ ဆိုတဲ့သဘောနဲ့ ချိုမြကို မျက်ရိပ်ပြတယ်။ ဘာမှန်း မသိပေမဲ့ ချိုမြ ငြိမ်နေရတာပေ့ါ။ ရုပ်ရှင် ပြနေလောက်ပြီ ဆိုတော့မှ ဖူးငုံရဲ့ ကောင်လေးက လက်မှတ်တွေကို လိုက်ဝေတယ်။ ပြီး –

"နင်တို့ စောထွက်မှာလား၊ ငါတို့ စောထွက်ရမှာလား"

လို့ ဖူးငုံကို မေးတော့ -

"အောင်မယ် နင်တို့ နေခဲ့ပေါ့"

လို့ ပြောပြီး ချိုမြကို လက်ဆွဲတယ်။

"လာ... ချိုမြ အနောက် ဝင်လိုက်ကြဦးစို့" တဲ့။

ဘာပြောစရာများ ရှိလို့လဲ ဆိုပြီး ချိုမြက အလိုက်သင့် လိုက်သွားလိုက်တော့ -

"နင်ကလည်း အ,ပါ့၊ ငါတို့က အတွဲလိုက် ကြည့်ကြမှာမို့ နောက်ဆုံးရှယ်ခုံတွေ ဝယ်ထားတာလေ။ ပြပြီး မှောင်မှ ဝင်လို့ ဖြစ်မှာပေါ့။ မဟုတ်ရင် မီးရောင်အောက်မှာ ငါတို့မျက်နှာ ပြူးပြူးကြီးတွေကို လူတကာ ကြည့်နေမှာပေါ့" တဲ့။

အင်း...၊ အားငယ်စရာတောင် ကောင်းနေပြီ။ သူတို့ကြားမှာ ချိုမြတယောက် အ,အဖြစ်ရတယ်လို့...။ ကျန်တာ မပြောချင်တော့ပါဘူး။ ဘယ်လို ပြန်ပြောရမှန်းလည်း မသိတော့ပါဘူး။ မြန်မာ ရုပ်ရှင်ကားတွေလို ဆိုရင်တော့ ပန်းပွင့်လေးပေါ်ကို လိပ်ပြာလေး နားပြလိုက်ရင် ပြီးမှာပေါ့လေ။

သေချာတာ တခုကတော့ အဲဒီနေ့က ရုပ်ရှင်ဟာ ဘာကားလဲ ဆိုတာ မသိဘူး။ ဘယ်မင်းသမီး၊ ဘယ်မင်းသားတွေ ပါသလဲ မသိလိုက်ဘူး။ ဘာဇာတ်လမ်းလဲ မသိလိုက်ဘူး။

ချိုမြဟာ တခါမှ မကြုံဖူးတဲ့ အိပ်မက် ဆန်းဆန်းကို မအိပ်ဘဲ မက်လိုက်ရတယ်လို့ပဲ ဆိုချင်ပါတော့တယ်။ ရုပ်ရှင်မပြီးခင် ဖုန်းဝင်လာတော့ ဖူးငုံ ဖြစ်နေတယ်။

"လက်ထ ထွက်ကြစို့" တဲ့။

အဲဒီအချိန်မှာ အိပ်မက်က ဆွဲနိုးခံလိုက်ရသလို ဖြစ်သွားတာ။ ချိုမြ နေမကောင်းသလိုကြီးရယ်။ ဘယ်လိုကြီးလဲ ဆိုတာ ပြောမပြတတ်တော့ဘူး။

အပြင်မှာ ဖူးငုံ အမေက စောင့်နေတယ်။

"သမီးတို့ရုပ်ရှင်က မပြီးသေးဘူး ဟုတ်လား"

လို့တောင် မေးနေသေးတယ်။ ဖူးငုံက -

"ကြည့်လို့ မကောင်းပါဘူး မေကြီးရာ။ ထွက်လာတာ အတော်ပဲပေါ့။ မေကြီး မစောင့်ရဘူး"

ဘာညာ ပြောနိုင်ပေမဲ့ ချိုမြတော့ ဘာမှလည်း မပြောချင်ဘူး။ မျက်စိလည်း ဖွင့်မထားချင်ဘူး။ အို... ချိုမြ ဘာတွေ ဖြစ်ခဲ့ပါလိမ့်။ အိမ်ပြန်ရောက်တော့ -

"ရုံထဲမှာ အဲကွန်းမိပြီး ချမ်းလာတာ၊ ဖျားချင်သလိုလိုတောင် ဖြစ်နေပြီ"



mgyoe.com

mgyoe.com

လို့ ပြောပြီး မေမေ ဖျော်တိုက်တဲ့ အိုဗာတင်းပူပူတခွက် သောက်။ အိပ်တော့မယ် ဆိုပြီး ခုတင်ပေါ် ရောက်တာနဲ့ စောင်ခေါင်းမြီးခြုံ။

ချန်ရေ...။ ချန်ရေ...။ ချန်...။ ချန်...။

ချိုမြတို့က ဖူးငုံတို့ ပြန်တာတောင် မပြန်ရသေးဘူး။ ဖွားဖွား ချိန်းထားနှင့်တဲ့ ဆရာဝန်သမားတော်ကြီးနဲ့ ပြတာ တရက်၊ အဖြေ သွားယူရတာက တရက်။ မေမေကလည်း အချိန်ရတုန်း ဆိုပြီး ကုန်တွေဖြည့်ဖို့ လိုက်ဝယ်နေတယ်။ ခါတိုင်းဆိုရင် မိချိုမြတို့က မေမေနဲ့အတူ လျှောက်လိုက်ပြီး လိုချင်တာတွေ ပူဆာရတာ မမောနိုင်ပေမဲ့ ဒီတခါမှာတော့ အဲဒီလို မဟုတ်တော့ဘူး။ အချိန်ပြည့် ဖုန်းပြောဖို့ ကြိုးစားနေရတာနဲ့ မောနေရပြီ။ ဖွားဖွားကတောင် ရိပ်မိလေသလား မပြောတတ်ဘူး။

"ဒီကောင်မလေး မငြိမ်စဖူး ငြိမ်နေတာ ထူးတယ်ဟေ့။ ပုံစံကြည့်ရတာ ရည်းစားပူမိနေတာလိုလို ဘာလိုလိုနဲ့၊ အဆောင်လေး ပို့လိုက်ပါတယ် အပျိုကြီးဂိုက် ဖမ်းနေပြီ"

လို့ မြည်တွန်နေသေးတယ်။ မဟုတ်ရင်တော့ ဖွားဖွားနော် မီးကို မဟုတ်တာတွေ မစွပ်စွဲနဲ့၊ ဘာဘာညာညာ ပြောမိမလား မသိဘူး။ ခုတော့ဖြင့် ဘာဆိုဘာမှ ပြန်ပြောမနေချင်ဘူး။ မကြားသလို မသိသလို နေပစ်လိုက်တယ်။

ဆေးအဖြေ သွားယူတဲ့နေ့ကတော့ ပိုပြီး အဆင်မပြေ ဖြစ်ရတယ်။ ချိုမြက အဖြေ သိပြီးသားပါ။ ဘာမှ မဖြစ်တဲ့သူ ဘာရောဂါ တွေ့မှာလဲ နော်။ ဆရာဝန်ကြီးက ပြောပါတယ်။

"စာမေးပွဲများ ကြောက်တတ်သလား" တဲ့။

"အိပ်ရေး ပျက်လို့လည်း ဖြစ်နိုင်ပါတယ်။ ဘာမှတော့ မဖြစ်ဘူး။ အားလုံး ကောင်းပါတယ်" တဲ့။

ဖွားဖွားကလေ ဆရာမကြီး မဟုတ်လား၊ ချက်ဆို နားကွက်က မီးတောက်တဲ့သူ ဆိုတော့ မျက်နှာက မချိုတော့ဘူး။ အိမ်ပြန်ရောက်တော့ -

"ကဲ... ငါကတော့ စိတ်ပူလို့ ညည်း ကလီစာတွေ အကုန်ကို စစ်ခိုင်းလိုက်တာပဲ။ ဆရာဝန်ကြီး စကားလည်း ကြားတယ် ဟုတ်လား။ ဒီကျောင်းပိတ်ရက်တော့ ပေါ့ဖို့ မစဉ်းစားနဲ့၊ အိမ်မှာ ကျက်စရာတွေ ပြန်ကျက်၊ နောက် စာမေးပွဲတော့ မှူးလဲလို့ မရဘူး မှတ်ပါ မမ" တဲ့။

ရွှဲတာ ရွှဲတာ...။ အိမ်ပြန်မလိုက်ရမှာစိုးလို့ ချိုမြ ကျိုးကျိုးနွံနွံ ဆက်ဆံခဲ့ပါတယ်။ ဖွားဖွားဆီမှာ နေခဲ့ရရင် ဘယ်ချောင်မလဲ နော်။ ဖုန်းလည်း ပြောရဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်နေပါတယ် ဆိုမှ ချန်တယောက်ကလည်း ဖုန်းချည်း ခေါ်နေလို့ ဖုန်းကို စက်ပိတ်ထားလိုက်ရရော။ ကောက်စုတ်က ဘယ်လောက်များ


mgyoe.com

mgyoe.com

အကဲပိုသလဲဆို ဖူးငုံဆီ လှမ်းဆက်သေး။ စိတ်ပူလို့တဲ့။ ဖူးငုံက ချို့မြဖုန်း ခေါ်မရတော့ အိမ်ဖုန်းနဲ့ ခေါ်ပြန်ရော။ ဖုန်း စက်ပိတ်ထားတာ ဖွားဖွားက မေးရောလေ။ ချို့မြ အကွက် ဝင်သွားတယ်။

"ဘယ်သူနဲ့မှ ပြောစရာ မရှိတာ၊ ဖွားဖွားရော မေမေရော ဖေဖေရော ချို့မြ နားမှာလေ။ ပိတ်ထားတာပေါ့"

လို့ ဖြေလိုက်တာ အတော်လေး သဘောကျသွားပုံပါပဲ။ မျက်နှာကြီး ပြုံးလို့...။

ကိုယ့်အိမ်ကိုယ် ပြန်ရောက်သွားတဲ့ အရသာဟာ ဘာနဲ့မှ လဲလို့ မရအောင်ကို အရသာ ရှိလှပါတယ်။ ဘယ်လို အရသာလဲလို့ မေးလာခဲ့ရင်တော့ မကျဉ်းမကျပ် လွတ်လွတ်လပ်လပ် နေရတဲ့ အချို့မြဆုံး အရသာလို့ပဲ ဖြေရမယ် ထင်ပါရဲ့။

အိမ်မှာတော့ ချို့မြက မနက်ခင်းဆို အိပ်ရာကို ထချင်တဲ့ အချိန်မှ ထတယ်။ ဒီလို မဟုတ်ရင်တော့ နေမြင့်မှ နိုးတယ်လို့ ပြောရမလားပဲ။ ဟုတ်တယ်လေ၊ ညညဆို ဖုန်းပြောရတာ။ ဟို ချန်တယောက်က ဖုန်းလည်း ပြောတယ်။ ဗီဒီယိုကောလ်ကလည်း ခေါ်သေးတယ်။ မက်ဆေ့ချ်ကလည်း ပို့သေးတယ်။ စုံလို့ စုံလို့...။

မေမေကတော့ မသိရှာဘူး။ သူ့ဆိုင်နဲ့ သူကို ချာချာလည်နေတာ။ ဖေဖေ ကလည်း မိုးလင်းတာနဲ့ သူ့လုပ်ငန်းကို သွားရော။ ချို့မြဖြင့် ကျောင်းတောင် ပြန်မသွား ချင်ဘူး။ အဲလေ ဟုတ်ပါဘူး။ ဖွားဖွားအိမ်ကို ပြန်မသွားချင်ဘူး။ ဒါပေမဲ့ မရဘူးလေ။ သွားတော့ သွားရမှာ။ ပြီးတော့လည်း အဆောင်လည်း ပြန်မနေရဘူးလို့ ဖွားဖွားက အပြီး မှာလိုက်သေးတာ။

နောက်တပတ် ကျောင်းပြန်ဖွင့်ရင်တော့ မချောင်ဘူး။ လွမ်းရပါလား ချန်ရယ်။

ကျောင်းမဖွင့်ခင် နှစ်ရက်လောက် အလိုမှာတော့ ဖွားဖွားက မမျှော်လင့်ဘဲ ရောက်ချလာလို့ ဖေဖေရော မေမေပါ အံ့သြနေကြတယ်။

"သားတို့ လိုက်ပို့မှာပေါ့ မေမေရယ်။ ပင်ပန်းလိုက်တာ"

လို့ ဖေဖေက ပြောပြောကြိုကြို လုပ်ပေမဲ့ ဖွားဖွားရဲ့ မျက်နှာကြောကြီး တင်းထန်နေတာပဲမို့ ချို့မြကတော့ သိလိုက်ပါပြီ။ အင်း... တခုခုတော့ ဖြစ်ပြီ ဆိုတာ။

"ငါ ကျောင်းအဖွင့်ကို မစောင့်နိုင်လို့ပေါ့"

ဆိုတဲ့ အသံရဲ့ နောက်မှာ ပြဿနာကြီးကြီးတော့ လိုက်လာလိမ့်မယ်လို့ ချို့မြ ထင်လိုက်ပါတယ်။ လန့်လည်း လန့်သွားပါတယ်။ ကိုယ်က မဟုတ်တာ လုပ်ထားတဲ့သူ ဆိုတော့လေ။

"ပြောစမ်းပါဦး မိချဉ်ခါးရဲ့၊ ညည်းတို့ အတွဲလိုက် ရုပ်ရှင်ကြည့်ကြတဲ့ အကြောင်း တွေ ဘာတွေ။ ငါ့ကိုများ လိမ့်လို့ ရမယ်မှတ်လို့လား ဟင်" တဲ့။


mgyoe.com

mgyoe.com

ဟာ... သွားပြီ။ တယောက်ယောက်က အချိန်နဲ့ မ,ပြီဆိုတာ သိလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဝန်တော့ မခံနိုင်ပါဘူး။ ဝန်ခံလိုက်ရင် ထွက်ပေါက်တွေ အားလုံး ပိတ်ကုန်မှာပေါ့။

"ဖွားဖွားကို ဘယ်သူက ချောက်တွန်းလိုက်လို့လဲ။ သမီးမှာ ရည်းစားမှ မရှိတာ။ ဘယ်လိုလုပ်ပြီး အတွဲလိုက် ရုပ်ရှင်ကြည့်ရမှာလဲ"

လို့ ချွဲချွဲပျစ်ပျစ်ကြီး ပြောပစ်လိုက်တယ်။

ဒီတခါမှာ ကိုယ်က မှားထားတာ ဆိုတော့ အချိုကျွေးမှ ရမယ်လေ။

"အေးပါ။ ဟုတ်ပါပြီ။ ငါ့ကို တဆင့်ချင်း ဖြေစမ်းပါ။ ရည်းစား မရှိဘူး ဆိုတဲ့ ကောင်မလေး"

"မေးပါ ဖွားဖွားရယ်။ ဖွားဖွားကို မညာရဲပါဘူး။ ဘယ်လိုများ တဆင့်ချင်း မေးမှာလဲ... ကဲ"

ဆိုပြီး ရွှတ်ခနဲ ဖက်နမ်းပစ်လိုက်သေးတယ်။

"ဖယ်စမ်း အစုတ်ပလုတ်မလေး၊ ငါ့ကို ဖက်မထားစမ်းနဲ့"

ရှန်းပြီး ပြောတယ် ဆိုပေမဲ့ အသံက ချိုသွားပြီ။ ကျေနပ်သံတွေ နှောနေပြီ။ ချိုမြ ရင်အေးသွားတယ်။

နောက်မေးခွန်း မလာခင် ချိုမြဘက်က အကာအကွယ်နဲ့ ရိုးရိုးသားသား ဝန်ခံသလိုမျိုးပြောရင် ပိုပြီး အိုခေမယ်လို့ ထင်တာနဲ့ -

"ဖွားဖွားရယ် မေးနေစရာ မလိုအောင် သမီးက ပြောပြမှာပါနော်"

လို့ လေချို သွေးလိုက်တယ်။

"ဝေ့မနေနဲ့ အမှန်အတိုင်းပြော၊ ညည်း ဘယ်သူနဲ့ ဖြစ်နေတာလဲ" တဲ့။

ဖွားဖွားပဲလေ၊ ဘယ်ညံ့ပါ့မလဲ။ သူ လိုရာကို တည့်တည့်ကြီးကို မေးတော့တာ။ ဖွားဖွားကို လှည့်ရပတ်ရတာ သိပ်တော့ မလွယ်ဘူး။ ဒါပေမဲ့ အမှန်အတိုင်း ပြောလို့ကလည်း ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ ဒါနဲ့ပဲ -

"ဒီလို ဖွားဖွားရေ...၊ သမီးမွေးနေ့ ဆိုတော့ မပြန်သေးတဲ့ သူငယ်ချင်းတွေ လာကြတာပေါ့။ အဲဒီထဲမှာ ကောင်လေးနှစ်ယောက် ပါတယ်။ တယောက်နဲ့ ဖူးငုံနဲ့က ရည်းစားဖြစ်နေတယ်။ သူတို့ နှစ်ယောက်က အတူတူ ရုပ်ရှင်ကြည့်ချင်တယ် ဆိုလို့ သမီးမှာ စီစဉ်ပေးရတာ။ အတွဲလိုက် ကြည့်တယ် ဆိုတာ လုံးဝကို မဟုတ်ရပါဘူး။ မယုံရင် ဖူးငုံကို ခေါ်မေးကြည့်"

လို့ စွတ်ပြောပစ်လိုက်တယ်။ (ဖူးငုံမရေ... ငါ့ကို ခွင့်လွှတ်တော့)။

"သေချာလို့လား"


mgyoe.com

"ဟာ...၊ သေချာတာ ဟိုဘက်တောင် လွှန်နေသေးတယ်။ ဖူးငုံကို ဖုန်းဆက်ခေါ်လိုက်မယ်။ မီးကိုများ မယုံဘူး... ဖွားဖွားက"

"အေးပါ၊ ညည်း ပြောသလိုဆို ဖူးငုံအမေက သူ့သမီး ရည်းစားနဲ့ တွဲပြီး ရုပ်ရှင် ကြည့်တာကို ဘေးက အဖော်လိုက်ပေးရတာပေါ့။ ဟုတ်လား"

ဖွားဖွားပဲလေ။ ကားမောင်းပြီး လာခေါ်ပေးတဲ့ ဖူးငုံရဲ့ မေမေကို သက်သေ ထူနေပြီ။ ပြောမိပြောရာ စွတ်ပြောပြီးကာမှ ထူပူသွားပြီး ငြိမ်နေလို့က မဖြစ်ပြန်ဘူး။ ဟာ... ဟုတ်သားပဲ ဆိုပြီး နောက်မှ တကယ့်အဖြစ်ကို ပြန်သတိရတာနဲ့ -

"အန်တီက လာခေါ်ပေးပြီး လိုက်ပို့ပေးရုံတင်ပဲလေ ဖွားဖွားရဲ့။ သူက ရုပ်ရှင်မှ မကြည့်ဘဲ။ မီးတို့ကို ရုပ်ရှင်ရုံမှာ ထားခဲ့ပြီး ဆံပင်ဆိုင်ကို တန်းသွားတာ"

လို့ ဖြီးရတော့တာပေါ့။

"နေပါဦး၊ မစုံမလင်နဲ့ မဟုတ်သတင်းတွေကို ဖွားဖွားဆီ ဘယ်သူကများ သယ်လာတာတုံး"

လို့လည်း ပြန်ထောက်ရတယ်။

'အောင်မယ်... ညည်းကများ ငါ့ကို ပြန်လှန် မေးခွန်းနဲ့ စစ်လားဆေးလား' တဲ့။ နည်းနည်းတော့ စိတ်အေးသွားပုံပါပဲ။

"ဩော် ဖွားဖွားရယ်။ စစ်ဆေးတာ မဟုတ်ပါဘူး။ သတင်းအမှန် ပေးတယ်ဆို အရေးမကြီးဘူးလေ။ ခုတော့ မစုံလင်တဲ့ သတင်းကြောင့် ဖွားဖွား ပင်ပန်းရလို့ ပြောတာပါ။ ဖွားဖွားကို မလိုလားသူများလား"

ချိုမြပါနော်...။ လမ်းကြောင်းကို အဝေးကြီး လွှဲပစ်လိုက်တာ...။

"ကောင်မလေး တောင်ပြောမြောက်ပြော မပြောနဲ့။ ငါ့အကျိုးကို မလိုလားသူ ဘာညာနဲ့။ ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး ညည်း သိပါတယ်အေ။ ဒေါ်မေသက်က ပြောတာ"

ဒေါ်မေသက် ဆိုတာက ဖွားဖွားနဲ့ အတူတူ ပင်စင်ယူထားတဲ့ ဆရာမကြီးပဲ။

"ဟင်၊ ဖွားဖွား ဒေါ်မေသက်က ဒီအရွယ်ကြီးနဲ့ ရုပ်ရှင်ကြည့်ရသလား"

လို့ မေးထည့်ပစ်လိုက်ပြန်တယ်။

"မေသက်က ရုပ်ရှင်ကြည့်တာ မဟုတ်ပါဘူး။ ညည်းတို့ထိုင်တဲ့ အအေးဆိုင်က သူ့သား ဆိုင်။ သူ့ချွေးမ ရေချိုးနေလို့ သူက ကောင်တာ ခဏ စောင့်ပေးတော့ ညည်းတို့ ဆတ်ဆလူးခါတာတွေ သူ အကုန်မြင်တာပေါ့ အေ့" တဲ့။

တော်ပါသေးရဲ့...။ တော်ပါသေးရဲ့...။ ဒါဆို အေးအေးဆေးဆေး ဆက်လိမ့်လို့ ရသွားပါပြီ။ သမီးတို့ သူငယ်ချင်းတွေအားလုံးက ရိုးရိုးသားသားတွေပါ ဖွားဖွားရယ်



mgyoe.com

mgyoe.com

ဘာညာပေါ့။ အဲဒါကြောင့်လည်း ဖွားဖွားဒေါ်မေသက်ကြီးက မျက်စိနောက်ပြီး လှမ်းတိုင်တာ ဖြစ်မယ်။ အတွဲလိုက် ရုပ်ရှင် ကြည့်ရအောင်က ကောင်လေးဖြင့် တယောက်တည်း ပါတာကို။ ဟိုတယောက်က ပျင်းလို့ ရုပ်ရှင် မကြည့်ချင်ဘူး ဆိုပြီး မုန့်စားပြီးတာနဲ့ တန်းပြန်သွားတာ။ နောက်ပြီး ရုပ်ရှင်ရုံထဲ ရောက်တော့လည်း သမီးတို့ မိန်းကလေး သူငယ်ချင်းသုံးယောက်က တနေရာ သပ်သပ် ကြည့်တာပါနော်။ သူတို့ အတွဲနားတောင် မနေပါဘူး။ မယုံရင် ဖူးငုံကို ခေါ်ပေးမယ် ဘာညာ သာရကာပေါ့...။ သနားတော့ သနားပါတယ်။

ဖွားဖွားတယောက် ချိုမြရဲ့ အပြောကောင်းမှာ နစ်မြောပြီး ရယ်လားမောလား ကြည်လင်လာတော့တယ်။ ချိုမြကလည်း အခွင့်ကောင်းတွေ ယူပြီး ဖွားဖွားကို ဖွတ်ကြီး ပြုစုရသေးတာပေါ့။

"မေမေ ဒီနေ့ ငါးဟင်းချက်တာနော်။ ဖွားဖွားက ငါးမကြိုက်ဘူး။ ဖွားဖွားကို အပြင်မှာ လိုက်ကျွေးရအောင် ဖေဖေ"

စသည်ဖြင့် သဲသဲလှုပ် အလိုက်သိပေးလိုက်သေးတာ။ ဖွားဖွားက ဆိုင်ကောင်းကောင်းမှာ စားရတာကို ကြိုက်မှန်း အတွင်းသိ အစင်းသိ ဆိုတော့ အဆင်တွေများကို ပြေလို့။ ဖွားဖွား အိပ်နေတုန်း အချိန်ကလေးကို အမိအရ ယူပြီး ဖူးငုံမနဲ့က ဇာတ်တိုက်လိုက်ရသေး။

"နင်ကလည်း အ,ပါ့။ ငါတို့ ကျောင်းမုန့်စား ပြိုင်ပွဲနေ့က ငါနဲ့ ချန်နဲ့ အတွဲလိုက် ကျပြီး ပြိုင်ပွဲမှာ ဆုရတော့ အပျော်တွေ လွန်လို့ တွဲရိုက်ထားတဲ့ ပုံတွေ ငါ့ဆီမှာ မဖျက်ရသေးဘူးရယ်။ ဗိုက်ဗာက နေပြီး ပို့ပေးလိုက်မယ်။ နင့်အဖွားကို ပြလိုက်" တဲ့။

ဟီး... ဆြာမဂျီးနဲ့ အိုတွေ ကေနေရောပဲ။ ဖွားဖွားကို 'ရောက်လာလက်စနဲ့ မပြန်ပါနဲ့ဦး' လို့ မေမေကလည်း တား။ ဖေဖေကလည်း ပုဂံ ဘုရားဖူး ပို့ပါမယ် ပြောတော့ ဖွားဖွားလည်း သဘောတွေ ကျပြီး သုံးလေးရက်လောက် ကြာအောင် နေနေလေရဲ့။

အခက်တွေ့သူက ချိုမြပါ။ ဖွားဖွား ရှိနေတဲ့ အချိန်မှာ ချန်နဲ့က ဘယ်လိုမှ စကားပြောလို့ မရဘူး။ ညကျမှ အသံတိုးတိုးလေးနဲ့ ပြောရတယ်။ ဖြစ်ကြောင်းကုန်စင် ပြောပြတော့ ချန်လည်း စိတ်ညစ်နေရော။ သူက အရေးကြီးဆုံးအချက်ကို သတိပေးတယ်။

'ဘေဘီရေ... ကျောင်းကို ပြန်မလာရရင်တော့ မဖြစ်ဘူးနော်။ ငါ ရူးချင်ရူးမယ်။ သေချင်သေမယ်' တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

ဟီဟိ၊ ရှုးစရာလား သေစရာလားလေ။ သိသိကြီးပဲ။ ဒါပေမဲ့ သူ အဲဒီလို ပြောတာကို ချိုမြဖြင့် သဘောကျလိုက်တာ။

"နင့်ကို လွမ်းတာနဲ့ ငါ ဘယ်လို နေရမှန်းကို မသိဘူး"

လို့ ချိုမြကလည်း ပြန်ချွဲတယ်။

သူကလည်း 'မိတူးပါဟာ' တဲ့။ အဲဒီလို အလွမ်းသင့်နေကြရင်း ဖွားဖွားကိုလည်း ဆြာမဂျီး ဖူးငုံ ပို့ပေးတဲ့ပုံတွေ ပြထားရတာပေါ့။ အဲဒီပုံတွေ ရိုက်ကြရတုန်းက ချိုမြတို့ ဘာမှ မဖြစ်သေးတော့ ပုံတွေကို ချိုမြကပဲ ရိုက်ပေးဖြစ်တာ ထင်တာပဲ။ ဘယ်လိုနေ...၊ ဘယ်လို ပိုစ့်ပေးပေါ့လေ၊ ဆရာကြီးလည်း လုပ်မိတယ် မှတ်တာပဲ။ သူတို့ နှစ်ယောက် ကလည်း ရိုးရိုးသူငယ်ချင်းတွေ ဆိုတော့ ဘယ်လိုပဲ လုပ်ရလုပ်ရ ရှက်မနေကြဘူးလေ။

ပုံတွေကဖြင့် တကယ့် ချစ်သူတွေ ကျနေတာပဲ။ သရုပ်ပါလိုက်ကြတာ။ ချိုမြ တောင် ဖွားဖွားကို ပြရင်း သဝန်တိုသလိုတောင် ဖြစ်မိသေး။ ဒီတော့ ဖွားဖွားလည်း ယုံပြီပေါ့။

ဖွားဖွားက ကျောင်းဖွင့်ဖို့ နှစ်ရက်လောက် အလိုမှာ ပြန်တယ်။ ချိုမြကိုပါ တခါတည်း လိုက်ခဲ့ဖို့ ခေါ်တယ်။ ချိုမြက ဖူးငုံနဲ့အတူ ပြန်နေကျမို့ ဖူးငုံကိုလည်း လိုက်ခဲ့ဖို့ ခေါ်တာနဲ့ အပြန်မှာ ဖူးငုံလည်း အတူပါလာတယ်။ အစကတော့ ဘယ်သိ မလဲ။ ကျောင်းဖွင့်မှ အဆောင် ဝင်ရမှာမို့ ဖူးငုံက ချိုမြတို့နဲ့ နှစ်ရက်လောက် အတူ နေရသေးတာလေ။ ဘာပြောကောင်းမလဲ။

အဲဒီအခါကျမှ ဖွားဖွားရဲ့ အကြံတွေကို ကောင်းကောင်းကြီး သိခွင့်ရတာ။ ဖူးငုံကို အစ်တော့တာပဲ။ ဟိုကလည်း ဆရာမကြီး ဆိုတော့ ဆရာမကြီးနှစ်ယောက် တွေ့ကြလေသတည်းလို့သာ ပြောချင်ပါတော့တယ်။

ဖူးငုံ အလည်မကလည်း အရှောင်အတိမ်း ကောင်းတော့ တော်တော်လေး အဆင်ပြေတယ်လို့ ဆိုရမှာပါ။ ဖွားဖွားတယောက်ကလေ ချိုမြတို့ အတန်းတတန်းလုံး အကြောင်းတွေကို စစ်စစ်ပေါက်ပေါက် လှည့်ပတ်မေးတော့တာ။ နောက်ဆုံးမှာတော့ မိန်းကလေးနဲ့ ယောကျ်ားလေး ဦးရေ မမျှတဲ့အတွက် ချိုမြနဲ့ ကြိုက်စရာ ကောင်လေး မရှိတော့သလောက်ကို ဖူးငုံမက ဇာတ်လမ်းတွေ ဆင်ပစ်တာ။

ကဲ... ဖွားဖွားရေ နေခဲ့တော့လို့ စိတ်ထဲမှာ တွေးပြီး ချိုမြဖြင့် ပျော်လိုက်တာ။ အင်း... နေဦး။ အဲဒါ ချိုမြဘက်က ဖြစ်နေတာလေ။ ဖွားဖွားကတော့ သူ့မှာ သတင်း အစုံ ရပြီ ဆိုပြီး မာန်ကြွလို့ ဖူးငုံနဲ့ ချိုမြကို ကျပ်တော့တာပေါ့။

"ကဲ... ငါ့မြေးတို့၊ ပြီးခဲ့တာတွေ ပြီးပါစေတော့။ ဖွား မပြောတော့ဘူး။ ဖူးငုံတို့ ရည်းစား ရှိတယ် ဆိုတဲ့ သူငယ်ချင်းတွေကိုပါ ကျောင်းကို ရောက်တာနဲ့ တခါတည်း


mgyoe.com

mgyoe.com
သတိပေးလိုက်တော့။ အေး... မင်းတို့ အကြောင်းကို ချိုမြရဲ့ အဖွား အကုန်သိသွားပြီ။ ဒီအရွယ်က ရည်စားထားရမယ့် အရွယ် မဟုတ်ဘူး။ လုပ်လက်စတွေကို ရပ်တန်းက ရပ်လိုက်ကြတော့။ မဟုတ်ရင် အဖွားက ကျောင်းအုပ်ကို လာတိုင်တော့မှာလို့ ပြော... ကြားလား" တဲ့။

မိဖူးငုံမကလည်း အလိုက်သင့်။

"ဟုတ်ကဲ့ပါ ဖွားဖွားရယ်။ သမီးလည်း ဘာမှ မလုပ်တော့ပါဘူး။ မေမေတို့ကို တိုင်မပြောတာပဲ ကျေးဇူးတင်လှပါပြီ။ မဟုတ်ရင် ကျောင်းကို ပြန်လွှတ်မှာ မဟုတ်ဘူး။ ဒါဆို စာတွေလည်း နောက်ကျကုန်တော့မှာ။ စိတ်ချပါ ဖွားဖွား... သမီး မမိုက်တော့ပါဘူး"

ဘာညာနဲ့ ဒရာမာတွေ ဘာတွေ ခင်းပြီး အချိုသတ်။ အဆင်တွေကို ပြေလို့။

ကျောင်းမှာ ချိုမြနဲ့ ရည်းစားဖြစ်စရာ ကောင်လေးမရှိတော့ဘူးရယ်လို့ စိတ်ချသွားပေမဲ့ ချိုမြကို အဆောင်တော့ မထားတော့ဘူး။

"သိနိုင်တာ ဟုတ်ဘူး။ ဒီအရွယ်တွေက တယောက်လုပ်ရင် အကုန်လိုက်လုပ်ရမှ။ မင့်သမီးကို ငါပဲ အနီးကပ် စောင့်ကြည့်တော့မယ်"

လို့ ဖေဖေတို့ကို ပြောလိုက်သေး။

ချိုမြမှာကလည်း စာမေးပွဲနဲ့ ပတ်သက်လို့ ဖွားဖွားကို အကြွေးဆပ်ရဦးမှာက ရှိနေသေးတာမို့ ချေးမများရဲပါဘူး။ ဒီအချိန်မှာတော့ အလိုက်သင့် နေရဦးမယ် ဆိုပြီး ကိုယ့်စိတ်ကိုယ် ဘရိတ်အုပ်ပြီး နေနေရတာပေါ့။ ချန့်ကိုတော့ မျက်လုံးလေးနဲ့ပဲ အလွမ်းသယ်နေရတယ်။ ဒါပေမဲ့ ချန်က ချိုမြအတွက် လက်ဆောင်တွေ အများကြီး ဝယ်လာပေးလို့ ပျော်ရပါသေးတယ်။ စာသင်ချိန် တချိန်ပြီးလို့ ဆရာကြီး၊ ဆရာမကြီးတွေ ထွက်သွားတုန်း ဂိုက်မမ မရှိတဲ့ အချိန်မျိုးတွေမှာတော့ စကားပြောလို့ ရတယ်။ အဲဒီ ခဏလေးတွေဟာ ချိုမြတို့အတွက် သိပ်ကို တန်ဖိုးကြီးတဲ့ အချိန်တွေလို့ မှတ်ယူ ရူးသွပ်နေရတာပေါ့။ ချန် တယောက်က စကားလေး ခဏပြောရတိုင်း 'ဘေဘီရယ် ငါတို့နှစ်ယောက်တည်း အကြာကြီး တွေ့ချင်တယ်' လို့ချည်း ပူဆာတော့တာပဲ။

ဘယ်လို လုပ်ရမလဲ။ ချိုမြလည်း တွေ့ချင်တာပဲ သိတာ။ မကြံစည်တတ်ပါဘူး။ ကျောင်းသွားတော့လည်း အိမ်က လိုက်ပို့တဲ့ကားနဲ့လေ။ ကျောင်းဆင်းတာနဲ့ ကားက ရောက်နေပြီ။ ဘယ်လိုလုပ် တွေ့မလဲ။ 'မလွယ်သေးပါဘူးဟာ' လို့ပဲ ညည်းထားနှင့် ရတယ်။ ဖွားဖွားကို လျှော့တွက်လို့ မရဘူး ဆိုတာ ချိုမြ ကောင်းကောင်းကြီး သိသွားပြီ ဆိုတော့ အရာရာကို သတိကြီးကြီး ထားနေရတော့တယ်။ ချိုမြတို့ရဲ့ ခြာမကျိုး ဖူးငုံကတောင် –


mgyoe.com

mgyoe.com SAMPLE BOOK

"နင့်အဖွားက ဂျင်အကြီးစားပဲ။ လည်ချက်တော့ ငါ့မှာ မနည်းကြီးကို လှည့်ရပတ်ရတယ်။ လွယ်လွယ်နဲ့တော့ မရဘူး။ ငါတောင် အဆစ်ပါပြီး ဒုက္ခရောက်နိုင်သေးတယ် သိလား။ အဲဒီတော့ နင်တို့ သိပ်တော့ အတင့်မရဲကြနဲ့"

လို့ သတိပေးထားတယ်။ နောက်ပြီး -

"နင်က အငြိမ်စားလေး ဝပ်နေပြပြီး အစမ်းစာမေးပွဲမှာ ပထမရအောင် လုပ်ပြလိုက်ပါဦးလား"

လို့လည်း အကြံပေးလိုက်သေး။ ချိုမြလည်း ဘာလုပ်ရမှန်း မသိတာနဲ့ 'အင်း ပါလေ... စာဘက် လှည့်လိုက်တာ ကောင်းပါတယ်' ဆိုပြီး စာကိုပဲ သေသေချာချာလေး လုပ်လိုက်ပါတယ်။ ဒါတောင် ပထမ သေသေချာချာ ရအောင် ချန်နဲ့ ညှိလိုက်ရသေး။

"ဒီစာမေးပွဲမှာ နင် နည်းနည်း လျှော့ဖြေပါလား ချန်ရယ်"

ဆိုတော့ သူက အံ့အံ့သြသြနဲ့လေ။ ချိုမြကို ပြူးတိပြူးကြောင်ကြည့်ပြီး -

"ဘာတုံးဟ။ ငါက ဘာလို့ လျှော့ဖြေရမှာလဲ" တဲ့။

ချိုမြက အကုန်လုံး သိအောင် အစက စပြီး ပြန်ပြောပြရတာပေါ့။ သူက နည်းနည်းတော့ တွေဝေသွားသလိုပဲ။ ဒါပေမဲ့ -

"အေးပါဟာ၊ မြန်မာစာကတော့ နင် သာမှာ သေချာတယ်။ ဘိုင်အိုပဲ အမှတ်နည်းမယ် ထင်တယ်"

လို့ ပြောတယ်။

ဟုတ်လည်း ဟုတ်ပါတယ်။ ချိုမြက စာကျက်တာ ရပေမဲ့ ပုံတွေတော့ မဆွဲတတ်ဘူးလေ။ ဘယ်တော့မှ မလှဘူး။ မလှတဲ့အပြင် ပုံကို စာတပ်ပြန်တော့လည်း ဘယ်တော့မှ မှန်အောင် မတပ်တတ်ဘူး။ ဒါနဲ့ပဲ အမှတ်က အလိုလို နည်းကုန်တာ။

ဒီလိုနဲ့ စာမေးပွဲတွေ ဖြေရတဲ့အခါ ချန်က ဘိုင်အို ဖြေတဲ့နေ့က နောက်ဆုံး ဖြေတဲ့အပုဒ်ကို စာနှစ်ပိုဒ်လောက်နဲ့ ပုံတပုံကို အချိန်မလောက်လို့ မဖြေလိုက်ရတဲ့ ပုံစံနဲ့ ချန်ခဲ့တယ်လို့ ပြောပါတယ်။ အဲဒီနေ့က စာမေးပွဲအပြီးမှာ ကျောင်းမှာပဲ ချယ်တို့က ညဒင်နာလေး လုပ်ပေးပြီး သီချင်းဆိုကြ ကကြတော့ ထုံးစံအတိုင်း ချန်က ကတာပေါ့။ ကျန်တဲ့ လူတွေ ဆိုကြ ကကြတဲ့ အလှည့်မှာ အသာလေး လစ်ထွက်ပြီး ချန်နဲ့ နှစ်ယောက်တည်း ခဏတွေ့ရတယ်။

"ဘေဘီ နင့်ကို ချစ်လွန်းလို့ ငါ လျှော့ပေးတာနော်။ မာမီက ပထမနေရာကို ဘယ်သူ့မှ မပေးရဘူးလို့ မှာထားတာ။ ဘယ်အရာမဆို တစ်ပဲ ကြိုက်တယ်။ ပထမက လွဲပြီး ဘာမှ မလိုချင်ဘူး ဆိုလို့။ ငါက မာမီ့ကို ချစ်လည်း ချစ်တယ်။ ပြီး ကြောက်လည်း ကြောက်တယ်ဟ။ မာမီက စိတ်ဆိုးရင် တကယ်မလွယ်ဘူး။ အဓိကကတော့ မာမီ့ကို


mgyoe.com

mgyoe.com SAMPLE BOOK

ချစ်လို့ မာမီ စိတ်မညစ်အောင် ဆိုပြီး အမြဲ ပထမရအောင် လုပ်ခဲ့တယ်။ ငါနဲ့ ပထမက အမြဲတွဲနေတာ။ ကျောင်းနေကတည်းကပဲ။ ခုတော့ နင့်အတွက် ငါ ပထမကို စွန့်လိုက်တယ်။ အဲဒါကို အကြွေး ပြန်ဆပ်ရမယ်" တဲ့။

ကြည့်ဦး...၊ ပြောပုံက။

"နင်ကလည်းဟယ် ပိုက်ဆံချေးတာ ကျနေတာပဲ။ ငါက ဘယ်လို အကြွေးဆပ်ရမှာလဲ။ ဘယ်တော့ ဆပ်ရမှာလဲ။ နောက် စာမေးပွဲကျရင် နင်ပဲ ပထမ ပြန်ရမှာကို"

လို့ ပြောကာ ရှိသေး ဘာမပြော ညာမပြောနဲ့ 'ကြွေးက ဒီလို ဆပ်ရမှာ' ဆိုပြီး... ဖက်ပြီး... ဖက်ပြီး... ဟိုလေ... မပြောချင်တော့ပါဘူး၊ ချိုမြ ရှက်လိုက်တာ။ သူ့ကို အချိန်တိုင်း သတိရနေအောင်၊ လွမ်းနေအောင် ချန်တယောက်က သိပ်လုပ်တတ်တာပဲလေ။

ဒီလိုနဲ့ ချိုမြတယောက် စာမေးပွဲမှာ အဆင့်တစ်ကြီးကို ပျော်ပျော်ကြီး ရခဲ့ပါလေရော။ ဖွားဖွားကဆို ပျော်လွန်းလို့ ချိုမြထက်တောင် ဖွားဖွားက ပိုပျော်နေသလား မှတ်ရတယ်။ ဖွားဖွား ပျော်ပြီဆိုတော့ ဖေဖေရော မေမေပါ မျက်နှာတွေ ရပါရောလေ။ အင်း... ချိုမြလည်း တစ်ကို ကြိုက်ချင်နေပါပြီနော်။

ချိုမြနဲ့ ပြောင်းပြန်ဖြစ်ရတဲ့သူက ချန်ပေါ့။ ချန့်အမေက တကယ်မလွယ်တာပါပဲလား။ သူ့သားလေးဖြင့် တခါကလေးပဲ တစ်နဲ့ လွဲပါတယ်။ အို... ကမ္ဘာပျက်သလား မှတ်ရတယ်။ မီရာ လေယာဉ်နဲ့ လိုက်လာပြီး ပွဲကြမ်းတော့တာ။ ချိုမြတို့ဖြင့် အဲဒီလောက်ကြီး ဖြစ်စရာ အကြောင်းကို မရှိဘူးလို့ ထင်ထားတာလေ။ ကျောင်းက ချယ်တို့ဆို မျက်လုံးပြူးအောင် ရှင်းရတော့တယ်။ ချိုမြနဲ့ သူ့သားတို့ ဖြစ်ပျက်နေပုံကိုသာ သိသွားလို့ကတော့ ချိုမြကို အစိမ်းလိုက်များ ဝါးစားပစ်မလား မသိဘူး။

အဲဒီဘွားတော်ကို ချိုမြဖြင့် အမျိုးမတော်ရခင်ကတည်းက မေတ္တာထားလို့ မရဘူး။ ဘာမဆိုင် ညာမဆိုင်နဲ့ ပထမရတဲ့ ချိုမြရဲ့ အဖြေလွှာကိုလည်း ကြည့်ချင်ရတာနဲ့။ သူ့သားရဲ့ အဖြေလွှာကို ကြည့်ချင်တယ်ဆို ဟုတ်သေးတယ်လေ။ ဘာမှားသလဲလောက်တော့ သိချင်ခွင့် ရှိပါတယ်။ ချိုမြရဲ့ အဖြေလွှာကို ချယ်တို့က မပြလိုက်ဘူးလို့ ဂိုက်မမက ချိုမြကို ပြန်ပြောပြတယ်။ ချိုမြက အဆောင်မနေဘူး ဆိုတော့ ဘယ်ကျူရှင်တွေ ထပ်တက်သေးလဲလို့ မေးသေးတာတဲ့။ ဒင်းလား သိမယ်။ နောက် စာမေးပွဲမှာလည်း ပထမ ရအောင် လုပ်ပြလိုက်ချင်သေး။

အမေကို မကျေနပ်ပေမဲ့ ချန့်ကိုတော့ ကျေနပ်နေပါတယ်။ ချန်က ချိုမြကို ပြောတယ်လေ။


mgyoe.com

mgyoe.com SAMPLE BOOK

"တွေ့ပြီလား ဘေဘီ။ ငါ ပြောတဲ့ မာမီက မလွယ်ဘူး ဆိုတာလေ။ သိသိကြီးနဲ့ နင် ဖြစ်ချင်တာကို ငါ ဖြစ်အောင် လုပ်ပေးတယ် ဆိုတာ နင့်ကို ဘယ်လောက်ချစ်သလဲ ဆိုတာ ပြချင်လို့" တဲ့။

ချို့မြလည်း သူ့ကို ကျေးဇူး တကယ်တင်တာပါ။ ဖွားဖွားက ချို့မြကို စိန်လော့ကက် ထပ်လုပ်ပေးတယ်။ စိန်လော့ကက်ကို ရတာထက် ဖွားဖွား ပျော်နေတာကို မြင်ရတာ စိတ်ချမ်းသာရပြီး ချို့မြ အလိုလိုက်တွေ ခံနေရတော့ ပိုပျော်ရတာပေါ့။

"ကျေးဇူး တကယ်တင်တာပါ ချန်ရယ်။ နင့်ကို ငါ မုန့်တွေ အများကြီး ဝယ်ကျွေးပါ့မယ်"

လို့ လိုက်လိုက်လှဲလှဲ ပြောမိပါတယ်။ သူက –

"ငါ့များ မုန့်လောက်နဲ့ ကျေနပ်မယ် ထင်နေလား။ အကြွေးကြီးကြီး ဆပ်ရမယ်"

လို့ ပြောပြီး သူက ရယ်နေတယ်။

ချို့မြဖြင့် သူ့အကြွေးဆို ကြောက်နေပြီ။ ဟီဟိ၊ ဆပ်လည်း ဆပ်ချင်ပါရဲ့…။ ဟင့်… ရက်တယ်လေ။

ဘယ်တော့မှ မမေ့နိုင်မယ့် တနေ့ကတော့ စနေ၊ တနင်္ဂနွေ ညှိထွက်ရက်မှာပေါ့။ ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြစ်ကို ကြုံရတာ။ ဖူးငုံမက ချို့မြဆီကို ဖုန်းမဆက်ဘဲ ဖွားဖွားဆီကို ဖုန်းဆက်လာတယ်။ ကျောင်းက သူငယ်ချင်း တယောက်အမေ ဆုံးလို့ သွားမေးရမယ်။ ဖွားဖွားပါ လိုက်ချင်လည်း လိုက်ခဲ့ပါ။ မဟုတ်ရင်လည်း သူ လာခေါ်မယ်တဲ့။ ဖွားဖွားက ခဏတော့ တွေဝေသွားပုံ ရတယ်။

ခက်တာက အဲဒီနေ့က အိမ်က ကားမောင်းသမားကြီးက နားတဲ့ရက် ဖြစ်နေတယ်။ ဖူးငုံကတော့ သူ့အစ်မအရင်းက ဒီမြို့မှာပဲ နေတာမို့ ညှိထွက်နေ့ ဆိုရင် သူ့အစ်မကားကို တနေကုန် သူပဲ သုံးတော့တာ။ ဖွားဖွားက ဘယ်လို သဘော ကောင်းသွားမှန်း မသိပါဘူး။

"အေးအေး လာခေါ်လေ သမီး။ နာရေး ဆိုတော့ သွားရမှာပေါ့"

လို့ ပြောသံကြားပြီး ချို့မြကို အကျိုးအကြောင်း ပြောပြတယ်။ တကယ်ကို အံ့သြရတာပါ။ ချို့မြ ဘာဆို ဘာမှ ကြိုသိမထားပါဘူး။

ဒီလိုနဲ့ ဖူးငုံ ရောက်လာတယ်။ သူငယ်ချင်း နှစ်ယောက်လည်း ပါလာတယ်။ တကယ်ပဲ မူယာခင်ရဲ့ မေမေက ဆုံးသွားတာပါ။ အတူတူ သွားမေးကြတာလည်း အမှန်ပါပဲ။ ဟိုရောက်မှ ချန်နဲ့က တွေ့တာ။ ချန်က အနားကို ကပ်လာပြီး သူနဲ့ နှစ်ယောက်တည်း တွေ့ချင်တဲ့အကြောင်း လာပြောတာ။ ချို့မြဖြင့် ဘာလုပ်ရမှန်းကို မသိတော့ပါဘူး။ ဖြစ်ချင်တော့ နာရေး မေးရင်း –


mgyoe.com

mgyoe.com

"ညနေ လေးနာရီမှာ အသုဘ ပို့ရမှာ၊ ချယ်တို့လည်း လာမှာမို့ ငါတို့ တခါတည်း ပို့ကြရအောင်"

လို့ အတန်းခေါင်းဆောင်က ပြောတယ်။

အချိန်ကြည့်လိုက်တော့ တနာရီတောင် မထိုးသေးဘူး။ သူများ နာရေးအိမ်မှာ ကလည်း အကြာကြီးနေလို့ မသင့်ဘူးလေ။

ဒါဆိုလည်း 'ငါတို့ မပြန်ကြစို့နဲ့တော့' ပြောတဲ့လူက ပြောတယ်။ ဖြစ်ပါ့မလားလို့ စိတ်ပူသွားမိတယ်။ ခုမှ ဖွားဖွားက ယုံယုံကြည်ကြည်နဲ့ လွှတ်လိုက်တာမို့ ချိုမြ ကတော့ ဖွားဖွားဆီ ဖုန်းဆက်ဖို့ လိုတယ်လေ။ ဖွားဖွားအကြောင်းကို သိတဲ့ မမဂိုက် ကလည်း ရှိနေတာနဲ့ ဖွားဖွားကို မမဂိုက်ကလည်း ကူပြောပေးတယ်။ အိုခေ သွားပြီ ဆိုတော့မှ ချန်က စီစဉ်တော့တာ။

"နင်တို့ မနက်စာ စားပြီးကြလို့လား။ ငါ ဘာမှ မစားရသေးဘူး။ နင်တို့ ဒီမှာ နေဦးမှာ ဆိုရင် အနည်းဆုံး နှစ်နာရီလောက် စောင့်ရမယ်"

လို့ ပြောတယ်။

သူကတော့ ချိုမြကိုပဲ တချိန်လုံး မျက်စိမှိတ် ပြလို့နေတော့တာ။

ထုံးစံအတိုင်းပေါ့လေ။ ဖူးငုံကလည်း သူ့ကားသမားကြီးကို ညနေ ပို့ခါနီးမှ လာဖို့ မှာပြီး ပြန်လွှတ်လိုက်တယ်။ အမယ်လေး...၊ လည်လှပါတယ် ဆိုတဲ့ ချိုမြက အအ, ဆုံးရယ်။ မမဂိုက်က သူ့အိမ်သူ ခဏပြန်သွားပြီ ဆိုတာနဲ့ အတွဲလိုက် ထွက်ကုန် ကြပါလေရော။ ကောင်လေးတွေများ သင်စရာ မလိုတဲ့ပညာတွေ သိပ်တတ်နိုင်ကြ လွန်းတယ်။ ရတဲ့အခွင့်အရေးကို ချက်ချင်း အသုံးချတတ်ကြတာလည်း အံ့သြစရာ။

ချန်ကလည်း လာကတည်းက သူ့ကို ငေးကြည့်ထွက်နေတိုင်း လာခေါ်နေကျ သူ့ အမေရဲ့ မိတ်ဆွေအိမ်က ဆိုင်ကယ်ကို ယူလာခဲ့တာလေ။ အကြံများ ရှိနေသလား မသိပါဘူး။

'လာ... ဘောဘိ' ဆိုပြီး ချိုမြကို လက်ဆွဲခေါ်၊ သူ့ရဲ့ ဆိုင်ကယ်ဖောက်ထိုးကြီး ပေါ်မှာ ခါးကို ဖက်ခိုင်းပြီး မောင်းလိုက်တာ ဝိုးဝိုးထလို့။ နာရေးအိမ်နဲ့ သိပ်မဝေးလှတဲ့ ကန်ပတ်လမ်းက စားသောက်ဆိုင်တဆိုင်ကို ခေါ်သွားတယ်။ 'လုံးဝ မျှော်လင့်မထားတဲ့ အခွင့်ရေး ဘောဘိရဲ့' လို့ ပြောလိုက်သေးရဲ့၊ တလမ်းလုံးလည်း လွမ်းရတဲ့အကြောင်းတွေ ပြောလို့ မပြီးဘူး။

ချိုမြဖြင့် ဒီလိုဆိုင်မျိုး ရှိလို့ရှိမှန်းတောင် မသိရပါဘူး။ စားသောက်ဆိုင်လို့သာ ဆိုရတယ်၊ ဘာမှလည်း ကောင်းကောင်းကန်းကန်း ရတာ မဟုတ်ပါဘူး။ ဆိုင်ဆိုလို့ သာပါ၊ တကယ်ကို စုတ်စုတ်ပြတ်ပြတ်ကလေးရယ်။ အဲဒီဆိုင်ထဲမှာ လူအများ စားဖို့


mgyoe.com

mgyoe.com SAMPLE BOOK
စားပွဲကုလားထိုင်တွေ ရှိနေတာမျိုးလည်း မဟုတ်ဘူးရယ်။ တဲသေးသေးလေးတွေ ဟိုနားတလုံး ဒီနားတလုံးမှာ သက်ကယ်မိုး အုပ်အုပ်နဲ့။ အခန်းထဲ၊ အဲလေ... တဲထဲမှာတော့ နှစ်ယောက်ထိုင် ဝါးကုလားထိုင်တလုံးနဲ့ စားပွဲသေးသေးပဲ ရှိတာ။ အဝင်မှာက တဲတံခါးလေးလည်း ရှိတယ်။ ခန်းဆီးမှောင်မှောင်ကလည်း ကာထားလိုက်သေးတယ်။ သူက ပြောတယ်။

'မြန်မြန်ဝင်နှင့် ဘေဘီ' တဲ့။

ချိုမြမှာတော့ စိတ်တွေ လှုပ်ရှား ရင်တွေ ခုန်နေပြီ။ သူက ဝင်နှင့် ဆိုတော့ ဝင်နှင့်ရတာပေါ့။ တော်တော်လေးနေမှ သူက စားစရာတွေနဲ့ ဝင်လိုက်လာတယ်။ ပြီးတော့ တဲတံခါးလေးကို ပိတ်လိုက်တယ်။

"နင် ဘာတွေ လုပ်နေတာလဲ ချန်ရယ်။ ဒီလိုနေရာမျိုးကို ဘယ်လိုလုပ်သိတာလဲ"

လို့ ချိုမြရဲ့ မေးခွန်းဟာ မဆုံးလိုက်ပါဘူး။

'ချစ်တယ် ဘေဘီရယ်။ ချစ်တယ် ဘေဘီရယ်' ဆိုတဲ့ အသံတွေသာ နားထဲမှာ အထပ်ထပ် ကြားနေရင်း...။ ချိုမြတို့ မအိပ်ဘဲ မက်ခဲ့တဲ့ နေ့ခင်းအိပ်မက်ဟာ ဘယ်သောအခါမှ မမေ့နိုင်တော့မယ့် ဖြစ်ရပ်ကြီးပါပဲလေ။ ချန်နဲ့ ဖုန်းမြည်သံ ကြားမှ ရင်ခုန်ဖွယ်အိပ်မက်က လန့်နိုးခဲ့ကြပြီး နာရေးအိမ်ဆီကို အပြေးအလွှား ပြန်ခဲ့ကြရတယ်။ ဘာအစားအစာမှ မစားဖြစ်ခဲ့ကြပေမဲ့ ရင်ထဲမှာ ပြည့်နေသလိုလို၊ ဟာနေသလိုလို။ ချိုမြကတော့ အဲဒီနေ့ကစလို့ စိတ်နဲ့လူနဲ့ အိုးစားကွဲတော့တာပါပဲလေ။

ဘယ်လောက်အထိ အဖြစ်ဆိုးသွားသလဲ ဆိုရင် နောက်တပတ် ဖြေရတဲ့ စာမေးပွဲမှာ ချိုမြက အဆင့်ငါး...။ ချန်က အဆင့်သုံးအထိ ထိုးကျသွားကြတယ်။ ဟာ ... ဘာပြောကောင်းမလဲ။ နှစ်ယောက်စလုံး အိမ်က လူကြီးတွေရဲ့ အကြိမ်းကို ခံလိုက်ရတာ အီနောက်နေရော။ ကိုယ့်အပြစ်နဲ့ ကိုယ်မို့လည်း မလှုပ်ရဲအောင် ငြိမ်နေကြရတယ်။ ဘာမှ သိပ်ဂရုမစိုက်ပါဘူး ဆိုတဲ့ ချန်တောင် မငြိမ်စဖူး ငြိမ်နေလေရဲ့။

သူ့အမေက နောက်တပတ် စာမေးပွဲမှာ အမှတ်မတက်ရင် ကျောင်းလည်း ထုတ်ပစ်မယ်။ ချန် သိပ်ကို သွားချင်နေတဲ့ ကိုရီးယားကိုလည်း ဘယ်တော့မှ မပို့ဘူးလို့ ကြိမ်းထားသတဲ့။ ချိုမြကိုတော့ ဖွားဖွားက စေ့စေ့စပ်စပ်ကို ကျပ်တော့တာ။

"နင် စာကလွဲလို့ တခုခုကိုတော့ အာရုံ ရောက်နေပြီ ထင်တယ်"

လို့ ခဏတိုင်း ပြောပြီး ချိုမြ ကျောင်းသွားနေတဲ့ အချိန်လိုမျိုးမှာ အခန်းထဲကို ဝင်ပြီး ရှာဖွေရေးတွေ လုပ်နေတယ်လို့ ပုပုက ပြန်ပြောပြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချိုမြကတော့ ငြိမ်နေရတာပေါ့။ ဟိုတယောက် ချန်ဆိုလည်း ငြိမ်နေတာ။ ချိုမြလေ


mgyoe.com

mgyoe.com
ငြိမ်နေရင်းနဲ့ပေမဲ့ စိတ်ထဲမှာ ဘယ်လိုကြီး ဖြစ်နေမှန်း မသိဘူး။ ချန့်ကိုပဲ အမြဲ သတိရနေတယ်။ ဖြစ်နိုင်ရင် ချန်နဲ့ ခဏတိုင်း တွေ့ချင်နေတယ်။ သူရော ဘယ်လို ဖြစ်နေမလဲနော်။ ကံက ဆိုးချင်တော့ ချိုမြ ရေချိုးနေတုန်းကို မေမေ့ဆီက ဖုန်းဝင်လာလို့ ဖွားဖွားက ကိုင်တယ်လေ။ မေမေက မက်ဆေ့ချ်မှာ သူလိုချင်တဲ့ ကုန်စာရင်း ရေးပြီး ပို့ထားတယ် ပြောတာကြောင့် ဖွားဖွား မက်ဆေ့ချ်ကို ဖွင့်တယ်။ မေမေ မှာတဲ့စာရင်း သာမက ချန်နဲ့ အပြန်အလှန် ရေးထားတာတွေ မိကုန်ပါရော။ ချန်က သူနဲ့ တွေ့ပြီးတဲ့ နောက်ပိုင်းမှာ 'ဘေဘီလေး၊ ကိုယ့်ချစ်မိန်းမရေ' အဲဒီလို မျိုးစုံခေါ်တာလေ။

သွားပါရော...။ သွားပါရော...။ မိချိုမြတို့ ဖုံးထားသမျှ အကုန်ပေါ်၊ ရိုက်စစ် စရာ မလိုဘဲ ဘာဆိုဘာမှ မကျန်အောင် သက်သေနဲ့တကွ ပေါ်ကုန်ပါရော။

ဖွားဖွားကို ဒေါသကြီးတယ်လို့ ချိုမြ သိခဲ့ပေမဲ့ အဲဒီနေ့က ဒေါသကို မျက်စိနဲ့သာ မြင်လို့ရမယ် ဆိုရင်တော့ မီးတောက်မီးလျှံတွေလို အလိပ်လိုက် အလိပ်လိုက် မြင်ရမယ် လို့ ထင်ပါရဲ့။ ဖွားဖွားက ချိုမြရဲ့ ဖုန်းကို လုံးဝ ပြန်မပေးတော့ဘူး။ ဖေဖေနဲ့ မေမေကို ချက်ချင်း လိုက်လာဖို့လည်း ဖုန်းဆက်သံကို ကြားတယ်။ ကိုယ်က မှားထားတဲ့လူ ဖြစ်နေတော့ ဘယ်လို ဖြေရှင်းရမယ် ဆိုတာ ချက်ချင်း စဉ်းစားလို့ကို ထွက်မလာတော့ ဘူး။ မေမေ ရောက်လာမှ ခေါင်းခွံပြီး စစ်ကူတောင်းရတော့မှာပဲလို့ တွေးနေတုန်း-

"ဟိုကောင်မ၊ လာခဲ့စမ်း"

ဆိုတဲ့ ဖွားဖွားရဲ့ အသံကျယ်ကြီးကြောင့် ချိုမြဖြင့် တုန်သွားတာပဲ။

"ငါ့ကို အကြောင်းအမျိုးမျိုး ပြပြီး ငြင်းလာခဲ့တာ။ ဟင်း...၊ ခုတော့ ပေါ်ပြီ။ ညည်း ဘာပြောမလဲ" တဲ့။

ချိုမြ ဘာပြန်ပြောရမှာလဲ။ ခေါင်းလေးငုံ့ပြီး ငြိမ်နေပေးလိုက်တယ်။ စိတ် တွေလည်း တအားကို ညစ်လာပြီး ဘာလုပ်ရမှန်း မသိတာနဲ့ ဖြဲဆို ငိုချပစ်လိုက်တော့ ဖွားဖွားက -

"မငိုနဲ့၊ ညည်းကို ဘယ်သူက ဘာလုပ် သေးလို့လဲ။ မရှက်ဘူးလားဟင်။ ဒီအရွယ်လေးနဲ့ ဟိုချိန်းတွေ့၊ ဒီချိန်းတွေ့။ ဘယ်နှခါ တွေ့ပြီး ဘာတွေ ဖြစ်ခဲ့ပြီးပြီလဲ။ ဟိုက မိန်းမလို့တောင် ခေါ်နေပြီ။ ဟင်...၊ နင် မရှက်ဘူးလား။ လူကလေးကဖြင့် မအေနို့နံ့ မစင်သေးဘူး။ ပြောစမ်း... ညည်းက ယောကျ်ားတောင် ရနေပြီလား" တဲ့။

အဲဒီလို မေးလာပြန်တော့ ဖွားဖွားကို စိတ်ဆိုးရပြန်ရော။

"ဒီလောက်ကြီး အထိတော့ မပြောပါနဲ့ ဖွားဖွားရယ်။ လူငယ်တွေပဲ ဒါလောက်လေး ရည်းစားဖြစ်တာကို"

လို့ ငိုရင်းနဲ့ ရန်ထောင်ရသေးတယ်။


mgyoe.com

"ညည်းကောင်က ဘယ်သူလဲ။ ဘယ်ကလဲ"

နဲ့ စစ်ဆေးရေးတွေ တရစပ် လုပ်တော့တာ။ ချက်ချင်း သတိရလို့ ချန်လို့ မပြောဘဲ 'သော်လင်းထက်' လို့ ပြောလိုက်တယ်။ နောက်မှ ပြောင်းလာတဲ့ ကျောင်းသား သစ်လို့လည်း ညာလိုက်ရသေးတယ်။

"နေစမ်းပါဦး။ ညည်းက လင်ယူချင်နေပြီလား"

လို့ ရိုင်းရိုင်းကြမ်းကြမ်းကြီး မေးခံလိုက်ရတာ စိတ်အနာဆုံးပဲ။

ဘယ်သူက ယောက်ျားယူမှာလဲ။ ခုမှ ကိုးတန်းပဲ ကျောင်းတက်နေတဲ့ဟာကို။ ချို့မြ မှားတယ် ဆိုရင်လည်း ဒါ လူငယ်တို့သဘာဝ အပျော်သဘောမျိုး လက်တည့် စမ်းတာပဲနော်။ ဖွားဖွားကရော ဖိုးဖိုးနဲ့ ဘယ်အချိန်မှာ ရည်းစား ဖြစ်တာလဲ သိတောင် သိလိုက်ချင်သေး။ ဖွားဖွားကလည်း တောက်တက်တောက်တက်နဲ့ ဆူပြော။ ချို့မြလည်း ကိုယ့်အတွေးနဲ့ကိုယ် ရယ်ချင်သွားသေးတယ်။ နောက်ဆုံးမှာတော့ 'ဒီကိစ္စကို ကျောင်း သွားတိုင်မယ်' ဖြစ်ကရော။

သွားပါပြီ။ ချယ်တို့က ကျောင်းမှာ ရန်မဖြစ်ဖို့နဲ့ ရည်းစားမထားဖို့ပဲ သေသေချာချာ မှာတာ။ အဲဒီအပြစ်နှစ်မျိုး လုပ်ရင် စစ်ဆေးမရှိ ကျောင်းထုတ်မယ်လို့ ခဏတိုင်း ကြိမ်းခံရတာ။ ကျောင်းထုတ်ခံရရင် ရှက်ကွဲပြီလေ။ ရည်းစားထားကြတဲ့ သူချင်းတူတူ ချို့မြကိုမှ ကျောင်းထုတ်ခံရမယ် ဆိုရင် ကောင်းမလား။ ချန့်အမေ ကရော ဘယ်လို ဖြစ်မလဲ။ ဒီလိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဖွားဖွားရဲ့ ဒေါသကြောင့် ပထမဆုံး ဒုက္ခရောက်ရမယ့်သူဟာ ဖွားဖွားရဲ့ မြေးကိုယ်တိုင် ဖြစ်နေမယ် ဆိုတာ ဖွားဖွား မသိတော့ဘူးလား။ ဒီတခါတော့ တကယ်ကြီးကို စိတ်ညစ်တော့တာ။

မြေးအဖွားနှစ်ယောက် ရန်ဖြစ်နေကြတုန်းမှာပဲ ဖွားဖွားရဲ့ တပည့်ဟောင်း မိသားစုက လာကန်တော့ကြတယ်။ အဝေးက လာတဲ့သူတွေမို့ ထုံးစံအတိုင်း ဖွားဖွားက ဖြစ်သမျှတွေ ခဏထားပြီး ပြုံးလို့ ရွှင်လို့ ဧည့်ခံတာ။

ဘာရမလဲ၊ ချို့မြကလည်း အခွင့်ကောင်းတွေ ယူပြီး ပုပုဆီက ဖုန်းခဏယူ...။ ချန့်ဆီကို ဖုန်းဆက်ရတာပေါ့။ ချို့မြတို့ ကျောင်းက နေ့တပိုင်းဆိုတော့ ချို့မြ အိမ်ပြန်ရောက်နေချိန်ဆို သူတို့လည်း နားရတယ်လေ။ နေ့လယ်နားချိန်ဆို ဆက်နေကျမို့ ချန်ကလည်း ဖုန်းစောင့်နေပုံပါပဲ။ ဒါပေမဲ့ ဖုန်းနံပါတ် အသစ် ဆိုတော့ သူက ကြောင်နေသေးတယ်။ သူ့ကို လိုတိုရှင်း ပြောပြပြီး ချို့မြဖုန်းကို မသုံးတော့ဖို့ မှာရတယ်။ သူ့ဖုန်းထဲက အမှတ်အသားတွေကိုလည်း ဖျက်ထားဖို့ သတိပေးရတယ်။ သူက –


mgyoe.com

mgyoe.com SAMPLE BOOK

"အေး ရတယ်၊ ငါ့ဆီမှာ ဖုန်းအပို တခု ရှိတယ်။ အဲဒါကို ဖူးငုံက တဆင့် တနည်းနည်းနဲ့ ရောက်အောင် ပို့ပေးမယ်။ ဘာမှ မပူနဲ့။ တခုခုဆို နင့်ကို ထားမပစ်ခဲ့ဘူး။ ရတဲ့နည်းနဲ့ လာခိုးမှာ"တဲ့။

အို... အားတွေ ဘယ်လိုရှိသွားမှန်း မသိဘူး။ လောလောဆယ်မှာတော့ ပုပုဖုန်းကို ဟန်မပျက် ပြန်ပေးလိုက်ပြီး မုန့်တွေ၊ ဖျော်ရည်တွေ အခန်းထဲမှာ များများယူပြီး ဖွက်ထားလိုက်တယ်။ ဖွားဖွားကို တနည်းနည်းနဲ့ ချော့ဖို့ဆိုတာ ချိုမြလေး စိတ်တွေ ညစ်ပြီး အစားတောင် မစားတော့ဘူး ဘာညာလုပ်မလို့...။

ညှော့သည့်တွေ ပြန်သွားတော့ ဖွားဖွားအသံ ကြားရတယ်။

'ဟိုကောင်မလေးရော' တဲ့။ ပုပုက 'သူ့ အခန်းထဲမှာ အိပ်ပျော်နေတယ် ထင်တယ်' လို့ ပြောတယ်။ တကယ်တော့ ပုပုက ချိုမြရဲ့ ဘော်ဒါ။ သူ ကြည့်ချင်တဲ့ ရုပ်ရှင်တွေကို ချိုမြက အမြဲ ဒေါင်းပေးနေတော့ ချိုမြကို သူက ချစ်တယ်။ ချိုမြနဲ့ ပုပုက ချဉ်ငန်စပ် ကြိုက်ကြတာလည်း တူတော့ မာလာရှမ်းကော ဆိုလည်း သူ့ကို အမြဲဝယ်ကျွေးနေကျ။ ဖွားဖွားက အစပ်မစားတော့ လက်ဖက်သုပ်ချဉ်ငန်စပ် ဆိုလည်း နှစ်ယောက် သုပ်စားရင်း စကားတွေလည်း ပြောဖြစ်ကြတယ်။ ပုပုမှာကလည်း စကားပြောဖော်လေး ဘာလေး ရှိချင်မှာပေါ့လေနော်။ ပုပုကို အဖော်လုပ်ပေးဖြစ်တာ ခုချိန်မှာတော့ တအားကို အဆင်ပြေစရာ ဖြစ်ရတယ်။

အင်... ချန့်ကို သတိရလိုက်တာ။ ဟာ... ဘာမှလည်း မဆိုင်ပါဘူးနော်။

ကားဟွန်းသံ တီခနဲ ကြားမှ မှေးမှေးလေး အိပ်ပျော်နေရာက လန့်နိုးသွားတယ်။ ဖေဖေနဲ့ မေမေ ရောက်လာကြပြီနေမှာ။ မသိချင်ယောင် ဆောင်ပြီး ဆက်အိပ်နေလိုက်တယ်။ 'ဒေါက် ဒေါက်' နဲ့ တံခါးခေါက်သံကြားတော့ အသံမပေးဘူး။ မေမေက -

"မီးလေးရေ... အိပ်နေတာလား။ မေမေ ရောက်ပြီ။ ထပါဦး သမီးရဲ့။ မေမေ့ကို တံခါးလေး ဖွင့်ပေးပါဦး"

ဆိုတဲ့ အသံကို ကြားတော့ မနေနိုင်ဘူး။

တံခါးကို ပြေးဖွင့် မေမေ့ကို ဖက်ပြီး အခန်းထဲကို ခေါ်။ ဘာမပြော ညာမပြော မေမေ့ကို ဖက်ပြီး ငိုတာပေါ့။

"သမီးကို မထားခဲ့ပါနဲ့တော့ မေမေရယ်။ ဒီမှာ ဆက်နေရရင် ဖွားဖွား ဒေါသကြီးတာနဲ့ သမီး အရှက်ကွဲပြီး သေမှာ"

လို့ ပြောပြီး ကိုယ့်ဘက်ကိုယ် သာသာထိုးထိုးနဲ့ အပြစ်လည်း ပေါ့အောင် ပြောရတာပေါ့။ ဖေဖေနဲ့ ဖွားဖွားလည်း သူ့ဟာသူ ပြောချင်တာ ပြောလေ။ ချိုမြလည်း


mgyoe.com

mgyoe.com SAMPLE BOOK

မေမေ့ကို ပြောချင်တာတွေ ပြောတာပဲ။ အဓိကကတော့ ကျောင်းကို သွားမတိုင်ဖို့။ နောက်ဆုံးမှာတော့ မေမေက ချိုမြကို အိမ်ပြန်ခေါ်သွားတော့မယ်လို့ ပြောတယ်။ အဲဒီလိုကျပြန်တော့ ဖေဖေနဲ့ ဖွားဖွားက မဟုတ်ပြန်ဘူး။

"ခုပဲ စာမေးပွဲကြီး ဖြေရတော့မယ်။ ကျောင်း တနှစ် နာမှာပေါ့" တဲ့။

အားလုံး ငြိမ်သွားတယ်။

"ငါကတော့ ကျောင်းကို အသိပေးကို ပေးချင်တယ်။ ဒါ ကောင်လေး ကဲတာလည်း ပါတယ်။ ဒီကိစ္စမျိုးဟာ တဖက်တည်း ထိန်းလို့ ရမယ်မထင်နဲ့။ ဒီ တနှစ်စာကတော့ ပွင့်ပွင့်လင်းလင်း ပြောသင့်တာပဲ။ စာမေးပွဲလေး တနှစ်စာ ကောင်း ကောင်းအောင်ဖို့ အရင် စဉ်းစားရမှာ"

လို့ ဖွားဖွားက ဝင်ပြောတယ်။

ချိုမြကတော့ ဘာဆိုဘာမှ မပြောပါဘူး။ ဖြစ်ချင်ရာဖြစ် စိတ်ကို လျှော့ထား လိုက်တော့တယ်။ လူကြီးတွေကို ချိုမြ ပြောလည်း ဘယ်သူကမှ နားထောင်မှာမှ မဟုတ်တာ။ ဖေဖေနဲ့ ဖွားဖွားကို တခုတော့ သေသေချာချာ ပြောလိုက်ပါတယ်။

"မီးကို ကျောင်းမထားပါနဲ့တော့။ ပြန်လိုက်ခဲ့တော့မယ် ဖေဖေ။ ဖွားဖွား ကျောင်းကို သွားပြောရင် ကျောင်းထုတ်ခံရမှာ သေချာတယ်။ မီး အရှက်ကွဲအောင် တော့ မလုပ်ကြပါနဲ့"

အဲဒီလို ပြောပြီး ငိုတာ။ ငိုနေရတာပါပဲ။ ဖွားဖွားက တထစ် လျှော့သွားတယ်။

"သမီးက သမီး သိသလောက်ပဲ ပြောနေတာကိုး၊ ဖွားဖွားတို့က သမီးကို အရှက်ရအောင် အလကား ပြောပါ့မလား။ ဒီကိစ္စမှာက လူ နှစ်ယောက်ပါမှ ဖြစ်ရမယ့် ကိစ္စလေ။ သမီးကလည်း နောက်ဆုတ်ရမယ်၊ လိမ်လိမ်မာမာ နေရမယ်။ ဟိုဘက် ကလည်း ရှေ့မတိုးအောင်တော့ သတိပေးရမှာပဲ" တဲ့...။

အင်း... ဒါဆိုရင် ချန် တယောက်ကတော့ ဘယ်လိုမှ မလွတ်နိုင်တော့ဘူး။ သတိပေးချင်လိုက်တာ။

အို... မတတ်နိုင်တော့ပါဘူးလေ။ နောက်ဆုံးမှာတော့ ဖွားဖွားကို ချိုမြ အရေးတကြီး တခု တောင်းဆိုတယ်။

အဲဒါ ဘာလဲ ဆိုတော့ ဖုန်းထဲက မက်ဆေ့ချ်တွေကို ခုချက်ချင်း ဖျက်ပစ်ဖို့။ သေသေချာချာ ကတိပေးလိုက်သေးတယ်။

"သမီး ဘာမှ ဆက်မလုပ်တော့ပါဘူး။ တကယ်ကြီးပါ။ ဖျက်မယ် ဖွားဖွားနော်၊ ဖွားဖွား ထားတဲ့အတိုင်း သမီး နေတော့မှာပါ"

ဘာညာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

ဖွားဖွားဘက်က နည်းနည်းလျှော့သွားတာနဲ့ အရေးကြီးတာကို တောင်းဆိုရတာ။ မဟုတ်လို့ ကျောင်းကို ဒါသက်သေပါ ဆိုပြီး သွားမပြဘူး ပြောနိုင်မလား။ ကံလေးက ကောင်းချင်တော့ -

"ရော့ ဖျက်... အားလုံး ဖျက်ပစ်။ အားလုံး မေ့ပစ်။ ဘာမှ ဆက်လုပ်ဖို့ မစဉ်းစားနဲ့။ လူကြီးတွေရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်တာ။ ငါ ပြောလိုက်ရ မကောင်းဘူး။ ဒီဖုန်းလည်း စာမေးပွဲကြီး မပြီးမချင်း သိမ်းမယ်"

ဆိုတဲ့ အမိန့်နဲ့ ပွဲက ပြီးသွားခဲ့ပါတယ်။

အိမ်ပွဲ ပြီးတာကို ပြောတာနော်။ ဖေဖေနဲ့ ဖွားဖွားက ကျောင်းကို သွားကြတယ်။ ချိုမြကိုတော့ မခေါ်ဘူး။ မေမေနဲ့ ထားပစ်ခဲ့ပေမဲ့ ဖွားဖွားက မှာသွားသေးတာ။

"သွင်သွင်၊ ညည်း သမီးကို ဖုန်းပေးမထားနဲ့" တဲ့။

တကယ် စေ့စပ်ပါတယ်။ ဆရာမကြီးလည်း ပီသပါပေတယ်။ ကျောင်းမှာလည်း ဘာတွေ ဘယ်လို ပြောမလဲ ဆိုတာ ချိုမြတော့ မတွေးတတ်ပါဘူး။ ခေါ်မသွားတာကိုတော့ ကျေးဇူးတင်မိပါရဲ့။ မဟုတ်ရင် ဘယ်လို မျက်နှာထားရမလဲနော်။ ကျောင်းထုတ်မှာဖြင့် ချိုမြက နာမည်ဆိုးလို့သာ မကြိုက်တာပါ။ အိမ်ကို အပြီး ပြန်လိုက်ဖို့ ကတော့ဖြင့် အသင့်ပါပဲ။

မေမေနဲ့ နေရတာ တကယ် စိတ်ချမ်းသာတာ။ ဆူဆူပူပူရယ်လို့ ဘာမှ မရှိ။ ချိုမြ ပြောသမျှ အကုန်လိုက်လျော။ တွေးရင်း -

'မေကြီးကို ချစ်လိုက်တာ'

ဆိုပြီး ဖက်နမ်းရသေးတယ်။

မေမေက 'အရူးမလေး၊ ထမင်း မစားဘူးဆို' လို့ ပြောပြီး ချိုမြ ကြိုက်တဲ့ ကြက်ကင်တွေ ဝယ်လာတယ် ဆိုတာနဲ့ ကြက်ကင်နဲ့ လိမ္မော်ရည်ကို တဝ စားပစ်လိုက်တော့တယ်။ ဖွားဖွားတို့ ပြန်လာတဲ့ အခါမှာတော့ ထင်ထားတာထက် ပိုပြီး အဆင်ပြေနေပါရောလား။

"ကျောင်းအုပ်တွေက တော်ပါတယ်။ နှစ်ယောက်စလုံးက လိုလိုလားလားပါပဲ။ ကလေးတွေမှာ ဖြစ်တတ်တဲ့ သဘောမို့ စိတ်မပူဖို့တောင် ပြောလိုက်သေး။ ဟိုကလေးကိုလည်း တယောက်တည်း သီးသီးသန့်သန့် ခေါ်ပြီး ဆွေးနွေးပါမယ်။ မလိုအပ်ရင် သူ့အိမ်တောင် အသိမပေးပါဘူး။ သေသေချာချာလေး ထိန်းပေးပါ့မယ်။ သူတို့ ပေါ့လျော့လို့ပါ ဆိုပြီး ငါ့ကိုတောင် ကန်တော့ခြင်းကြီးနဲ့ ထိုင်ကန်တော့လွှတ်လိုက်ကြသေး"

လို့ ကြည်ကြည်လင်လင် ဖြစ်နေရော...။


mgyoe.com

ပြီးတော့ -

"ငယ်တပည့်တွေ ဒီလို မွန်မွန်ရည်ရည် ရှိတာ တွေ့ရတော့ ငါ့မှာ ပီတိတွေ ဖြစ်လိုက်တာ"

လို့လည်း ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြာနေပြန်တော့ မိချိုမြတို့ နေရထိုင်ရ သက်သာ ချောင်ချိုလို့ပေါ့။

နောက်နေ့ ကျောင်းသွားတော့မယ် ဆိုတော့ မှာတမ်းတွေ ချွေပြန်ရောလေ။

"မိချိုမြနော် ကျောင်းကို ဘာမှ မဖြစ်သလို သွား၊ ဟိုရောက်ရင် ဘာတွေမှ ဘယ်သူ့ကိုမှ နောက်ကြောင်း ရှေ့ကြောင်းတွေ ပြန်မနေနဲ့။ ဘယ်သူမှ မသိအောင် တမင်ကို စီစဉ်လာခဲ့တာ၊ ကိုယ့်ဟာကိုယ် စာဆို စာပဲလုပ်။ ဟိုကောင်လေးကိုလည်း ညည်းနဲ့ မဆက်သွယ်အောင် သေသေချာချာ တာဝန်ယူပါတယ်လို့ ကျောင်းအုပ်ကိုယ်တိုင်က ကတိပေးလိုက်တာ။ ညည်းက စ မဖောက်နဲ့။ နောက်တခါဆို ငါ့ အကြောင်း သိမယ်"

ဘာညာပေါ့...။

ချိုမြလည်း ကျောင်းကိုသာ လာရတယ်။ စိတ်ထဲမှာတော့ တထိတ်ထိတ်။ ဖွားဖွား ပြောသလိုတော့ နေရလိမ့်မယ်လို့ တွေးထားခဲ့ပါတယ်။ အရိပ်အခြည် ကြည့်ရမှာပေါ့။ ဖူးငုံကိုတောင် မပြောရဲသေးပါဘူး။ တော်ကြာ ရှုပ်ကုန်မှာစိုးလို့။ ဘယ်သူမှလည်း သိပုံတော့ မပေါ်သေးဘူးရယ်။ ချန့်ကို တချက်တော့ ခိုးကြည့်မိသေးရဲ့။ အမယ်... သူက ချိုမြကို ကြည့်ဖို့ နေနေသာသာ ချိုမြဘက်ကို လှည့်တောင် မလှည့်ဘူးလေ။ အင်း... သူလည်း ဘယ်လောက်တောင် အကျပ်ခံထားရမှန်းမှ မသိတာ။ ဒီလိုနဲ့ တရက် ပြီးခဲ့တယ်။

အဲဒီတရက်ဟာ ချိုမြအတွက် နေ့တာ အရှည်ဆုံးနေ့၊ စိတ်အညစ်ရဆုံး နေ့ပါပဲ။ ချန့်ကို ဘယ်သူတွေက ဘာတွေ မေးသလဲ သိချင်တယ်။ ကျောင်းမှာ ဘယ်သူတွေ သိသွားပြီလဲ သိချင်တယ်။ မမဂိုက်ရော သိသွားပြီလား။ သိရင် ဘာတွေ ပြောမလဲ။ သိချင်တာတွေ အများကြီးပေမဲ့ ဘာဆိုဘာမှ သိခွင့် မရခဲ့ဘူး။ အိမ်ပြန်ရောက်လို့လည်း အဆင်ပြေမယ် မထင်လိုက်ပါနဲ့၊ ဖွားဖွားတယောက်ဟာ ဘယ်တုန်းကများ အစီအစဉ်တွေ ရေးဆွဲထားမှန်း မသိဘူး။ ည အိမ်စာ လုပ်တာကို သူ့ဘုရားခန်းထဲမှာ လုပ်ရမယ်တဲ့။ စာကြည့်စားပွဲနဲ့ ကုလားထိုင်တောင် အသင့်လုပ်ထားလိုက်သေးတယ်။ သူကတော့ ချိုမြ ဘေးနားမှာ ပက်လက်ကုလားထိုင်ကြီးနဲ့ မိန့်မိန့်ကြီး ထိုင်ပြီး ပုတီးစိတ်လေရဲ့။

ဒီအတိုင်းသာ နေသွားရမယ် ဆိုရင်တော့ ဘယ်လိုမှ ဆက်မနေနိုင်ဘူးလို့ ချိုမြ စိတ်ထဲမှာ အခါခါ ပြောမိတယ်။ လူတယောက်က အပြစ် လုပ်မိတယ် ထားပါတော့၊


mgyoe.com

mgyoe.com SAMPLE BOOK
တသက်လုံးပဲ မယုံကြည်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတော့မှာလား။ စိတ်အနှောင့်အယှက် ဖြစ်နေပါတယ် ဆိုမှ စာကကော ကျက်လို့ ရမှာတဲ့လား။ ဒါတောင် ဖွားဖွားက လုပ်သေးတာ။

"ကျက်စရာ ပါရင် ကျက်၊ ကျက်ပြီးရင် ဖွားဆီမှာ လာဆို" တဲ့။

လူများ မူလတန်းကလေး ကျနေတာပဲ။ မရတော့ဘူးလေ။ ချို့မြကို အဲဒီလောက် ကျပ်လို့ ဘယ်ရမလဲ။ ရှူးပေါက်မယ် ပြောပြီး ထလာခဲ့တာ။ ဘာပြောကောင်းမလဲ အခန်းထဲက မထွက်တော့ဘူး။ အိပ်မပျော်ပေမဲ့ အိပ်ရာထဲမှာ လူးလူး လှိမ့်လှိမ့် နေပစ်လိုက်တယ်။

နောက်နေ့မှာတော့ ချို့မြရဲ့ ဆြာမဂျီး ဖူးငုံကို ဖွင့်ပြောရတော့တာပေ့ါ။ ဒီတခါမှာတော့ ဖူးငုံတောင် ငြိမ်ကျသွားတယ်။ ချို့မြလည်း စိတ်ညစ်ညစ်နဲ့ ငိုချပစ်လိုက်ရော။

"ဟဲ့ လက်ထရဲ့ နင်ကလည်း အရေးထဲမှာ ငိုမနေနဲ့ဦး။ ငါ စဉ်းစားပေးမှာပေ့ါ"

ဆိုတာအပြင် သူ ဘာမှ မပြောနိုင်ဘူး။ နောက်တော့မှ –

"ငါ ချန်နဲ့ တွေ့ရအောင် အရင် ကြိုးစားမယ်လေ။ နင်ကလည်း ပုံမပျက်နေ။ သူများတွေ ဘယ်သူမှ မသိစေနဲ့လေ။ ချယ်တို့ကလည်း ဘယ်သူ့ကိုမှ ပြောမပြဘူး ထင်ပါတယ်။ ချန်နဲ့ တွေ့ပြီးမှ စဉ်းစားလို့ ရမှာ"

လို့ ပြောတယ်။

သူနဲ့ ပြောလိုက်ရမှ နည်းနည်း နေသာသွားတယ်။ ချန်တယောက်က ဆိုတာ ချို့မြတို့ ဘက်ကို လုံးဝ မလှည့်တော့ ရင်ထဲမှာ ဟာတာတာကြီး။ သူ ချို့မြကြောင့် ဆိုပြီး စိတ်များ ဆိုးသွားတာလား။ တွေးရင်း စိတ်တွေ ညစ်လိုက်တာ ဆိုတာလေ။

ချို့မြလည်း စိတ်တွေ တအားကို ညစ်နေတာနဲ့ စနေ၊ တနင်္ဂနွေ ကျောင်းနှစ်ရက် ပိတ်ပြီး ပြန်အဖွင့်မှာ ဟိုဟာဒီဟာတွေ ဖြစ်မှန်း မသိလို့ ခေါင်းလျှော်လိုက်မိတာ ဗိုက်တွေ နာတယ် ဘာညာ ဆိုပြီး ပုံကြီးချဲ့ ခွင့်နှစ်ရက် ဆက်ယူပစ်တယ်။ ဖွားဖွားကတော့ အဟုတ်မှတ်လို့ စိတ်တွေပူပြီး သွေးဆေးတွေတိုက်၊ ထုံးစံအတိုင်း ပွစိပွစိပေ့ါ။ မတတ်နိုင်ဘူး ကျောင်းက သွားကို မသွားချင်တာ။ ဒါပေမဲ့လည်း ဖွားဖွားအလစ်ကို ချောင်း၊ ပုပုဆီက ဖုန်းငှားပြီး ဖူးငုံဆီ ဖုန်းဆက်ရတယ်။

"အတော်ပဲ မိလက်ထ၊ ချန်က ငါ့ဆီမှာ ဖုန်းတခု ပေးထားတယ်။ နင့်ဆီရောက်အောင် အမြန်ဆုံး ပို့ပေးဖို့ ပြောနေတာ။ အရေးထဲ နင်က မလာဘူး" တဲ့။

ချက်ချင်းကြီးကို ကျောင်းသွားချင်စိတ် ပေါက်ပြန်ရော။ ကျောင်းကို ရောက်လို့ ဖူးငုံဆီက ဖုန်းရပြန်တော့ အိမ်ကို ပြန်ချင်ပြန်ရော။


mgyoe.com

mgyoe.com SAMPLE BOOK

"ဖုန်းထဲမှာ စာရေးထားတယ်တဲ့။ သူ့ဆီကို ခေါ်ရမယ့် ဖုန်းနံပါတ်လည်း ထည့်ပေးလိုက်တယ် တဲ့။ သူ ကိုင်နေကျ ဖုန်းကို ချယ်က သိမ်းသွားပြီ တဲ့။ ဒါပေမဲ့ သူ့သူငယ်ချင်းဖုန်းကို ဆက်တဲ့။ ညကိုးနာရီကျော်မှ ဆက်လို့ မှာတယ်"

လို့ ဖူးငုံ ပြောပြပြီးကတည်းက ဖုန်းကို ဖွင့်ချင်လှပြီ။ ဒါပေမဲ့ စာသင်ချိန်တွေက ဆက်နေတော့ ဘယ်လိုမှ ဖွင့်ဖို့ ခွင့်မသာဘူး။ အိမ်ပြန်ရောက်တော့ ကျောင်းမှာ ဘာတွေ သင်ရတယ်။ စာတွေ ဘယ်လို ရခဲ့တယ်။ ဖွား ဒီနားလေး ကြည့်ပေးပါဦး၊ သမီး အလွတ် ဆိုကြည့်ချင်လို့ ဘာညာသာရကာတွေနဲ့ ချွဲပြီး ကိုးနာရီ ထိုးတာနဲ့ အခန်းထဲကို ဝင်ခွင့်ရအောင် ကြံရပြန်ရော။

"ဖွား ဒီနေ့ သမီး စောစောလေး အိပ်မယ်နော်။ မနက်ကျ ငါးနာရီလောက် နှိုးပါ။ စာထကျက်ချင်လို့"

ဆိုတော့ ဖွားဖွားက ကျေတွေကို နပ်လို့။

"အေးအေး စောစောအိပ် စောစောထတာ ကောင်းတယ်။ သွားသွား အိပ်တော့"

ဘာညာပေါ့လေ။ ပြေတွေကို လည်လို့။

'ဖွားဖွား ဦးတော်' ဘာညာလည်း လုပ်လိုက်သေးတယ်။ ဟင်းဟင်း၊ ချိုမြပါ ဖွားဖွားရယ်။

အခန်းထဲရောက် မီးမှိတ်ပြီး အခန်းထဲက အိမ်သာထဲကို ဝင်၊ ဖုန်းဖွင့်၊ ချန် ရေးထားတဲ့စာကို ဖတ်တော့မှ တော်တော်လေးကို စိတ်တိုဒေါသ ဖြစ်၊ နေမထိ ထိုင်မထိကို ဖြစ်ရော။ မမဂိုက်တယောက် မလည်ရှုပ် လုပ်တာလား။ သိသိကြီးနဲ့ တမင် အမှတ် ဝင်ယူတာလား။ ချိုမြဖြင့် တွေးတောင် မတွေးတတ်နိုင်အောင်ပါပဲ။ ချယ်တို့က ချန့်ကို ခေါ်ပြီး တိုးတိုးတိတ်တိတ် စစ်ဆေးတယ်။ ဆွေးနွေးတယ်အထိ အိုခေပါတယ်။ ဒါတော့ ဖြစ်သင့်တာပဲ။ ချန့်ကို ပြောကတည်းက ချန့်မာမီတို့ကို အသိမပေးဘူး။ စာကောင်းကောင်း ဆက်လုပ်ဖို့ပဲ ချယ်တို့က ပြောတာတဲ့။

နောက်တော့ မမဂိုက်ကိုလည်း ချယ်တို့ ပြောတော့ ပြောမှာပေါ့လေ။ စောင့်ကြည့်ဖို့ ဆိုတာ မမဂိုက်ပဲ ရှိတာကို။ ချိုမြတို့ ကိစ္စကို မမဂိုက်တော့ သိသွားတာ အမှန်ပဲ။

ဒါကို သူက ငြိမ်ငြိမ်မနေဘဲ ချန့်မာမီကို သူ ဘယ်လို စောင့်ရှောက်နေကြောင်း သူကိုယ်သူ အမှတ်တွေ ယူပြီး ပြောမှာပေါ့။ ချန့်မာမီ ဒေါ်ဒေါ်သကြီး သိတော့ မိုးမီးလောင်ပြီး တရက် နှစ်ရက်အတွင်း လိုက်လာမယ်တွေ ဘာတွေ ဖြစ်ရောတဲ့။ အဆိုးဆုံးကတော့ -


mgyoe.com

mgyoe.com

"ဟိုပထမရတဲ့ ကောင်မလေးနဲ့ ဆိုရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သားလုပ်ကျွေးရမယ့် မိန်းမဟာ သားထက် သာစရာ မလိုဘူး"

လို့ ပြောသတဲ့။

ကြည့်စမ်း ဒီမိန်းမကြီး။ ဒါ ချိုမြကို တမင်နှိမ်တာ။ ဒေါသတွေ ဖြစ်လိုက်တာဆိုတာလေ။ ချန်ကတော့ သူ့မာမီကို ကြောက်လို့ -

"မာမီ လိုက်လာမှာ ကြောက်တယ်။ ငါ အတွေ့ကို မခံရဲဘူး။ ငါတို့ မာမီ မလာခင် ထွက်ပြေးရအောင်" လို့ ရေးထားတယ်။

ဟွင်း... လွယ်လိုက်တာ၊ ဘယ်ပြေးမှာလဲ...။ သူ့မာမီ လာရင် ချိုမြက ရန်စွာချင်သေးတယ်။ ချိုမြလည်း စိတ်တိုတိုနဲ့ သူ ခေါ်နိုင်းတဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်တယ်။


"အောင်မယ်လေး အချစ်ရယ် စောင့်လိုက်ရတာ။ နောက်မှ ပြောချင်တာတွေ ပြောတော့၊ ခု အချိန် မရဘူး။ နင် နက်ဖြန် ကျောင်းကိုလာရင် အဝတ်အစားတွေ နိုင်သလောက် ပါအောင် ထည့်ခဲ့။ ပြီး ပိုက်ဆံလည်း ရှိသလောက် ယူခဲ့။ ကျောင်းထဲကို တန်းမဝင်နဲ့။ ကျောင်းရှေ့က ရှမ်းခေါက်ဆွဲဆိုင်မှာ စောင့်။ ငါ အကုန်စီစဉ်ပြီးပြီ။ ဒါပဲသိလား။ အာဘွား"

ဆိုပြီး ဖုန်းချသွားတယ်။ ပြန်ခေါ်လို့လည်း မရတော့ဘူး။

ကဲ... ဘယ်လိုလုပ်ရပါ့။ ချန်က ချိုမြကို ခိုးပြေးတော့မှာတဲ့။ အိပ်မက်လား။ ဘာပဲဖြစ်ဖြစ် ချိုမြတို့နှစ်ယောက် မအိပ်ဘဲ မက်တဲ့ အိပ်မက် အကြီးကြီးကို စွန့်စွန့်စားစား မက်ခဲ့ကြတော့တယ်။

✸


mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ကေသရီ

## အခန်း(၂)

designedbyzanyehtut





mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း(၂)

မိန်းမတယောက်က မိန်းမတော်တော်များများကို မုန်းနေတယ် ဆိုရင် ဘာပြောမလဲ။ အင်းလေ…။ မထူးလှပါဘူးနော်၊ မိန်းမတွေကို မုန်းတယ် ဆိုသလိုပဲ ယောကျ်ားတွေကို ချစ်လား ဆိုတော့ မချစ်ပေါင်။ ဘယ်သူတွေက အစ မချစ်ဘူးလဲလို့ မမေးလိုက်လေနဲ့။ ပြောထည့်ပစ်လိုက်မယ် ရှင်းရှင်းပဲ။ အမေလည်း မချစ်ဘူး။ အဖေလည်း မချစ်ဘူး။ အမုန်းဆုံး မိန်းမကတော့ မိထွေးမပေ့ါ။ မိကေတို့က 'ကေသရီ' ဆိုတဲ့ နာမည်နဲ့ လိုက်အောင် နေတာနော်။ ပြတ်ပြတ်သားသားပဲ ကြိုက်တာ။ အိညှောင်အိညှောင်တွေဆို လုံးဝ လုံးဝပဲ။ အမေကို ချစ်မရတာ ဘာ့ကြောင့်လဲ မေးပါလား။ မပြတ်သားတဲ့ အိညှောင်ကိစ္စနဲ့ တိုက်ရိုက် ပတ်သက်တယ်။

သူ့ အိညှောင်လိုက်တဲ့ အဖြစ်ဟာ သူ့သမီး ကေသရီ တဘဝစာ ဒုက္ခ ရောက်ရတယ် ဆိုရင် ဘယ်သူ ငြင်းမလဲ… ပြော။

အရွယ်ရောက်တဲ့ မိန်းမတယောက် ရည်းစားထားတာ ဘာဖြစ်လဲ၊ ထားပေ့ါ။ အဲဒါကို လူကြီး မိဘတွေက သိတော့ သဘောမတူ။ ဟင်း ဟင်း…။ ရှေးက ရုပ်ရှင် ဇာတ်လမ်းမျိုးပေ့ါလေ။ ဒါဆို ကိုယ့်ရည်းစားနဲ့ မခွဲချင်ရင် ရှင်းရှင်းပြတ်ပြတ် လိုက်ပြေးပါလား။ ဒီလိုတော့လည်း သတ္တိက မရှိ။ မိဘပေးစားတဲ့လူကို မကြိုက်ရင် ဖွတ်ငြင်းပါလား။ ဒီလိုလည်း မငြင်းဘူး။ သမီးလိမ္မာလုပ်ပြီး မိဘ ပေးစားတဲ့ လူကို ယူသတဲ့။ ပြီးတော့မှ အဆင်က မပြေ။ ရုပ်ရည်ကလေး ကြည့်ပြီး နောက်ကြောင်း



mgyoe.com

mgyoe.com SAMPLE BOOK

မမေး ဘာမမေး ယူတုန်းက ယူ၊ ယူပြီးကာမှ နောက်ကြောင်း မရှင်းပြန်တော့ သည်းမခံနိုင်တဲ့ သူက တမျိုး။ အဲဒီအဖေနဲ့ အဲဒီ အမေ...။

အမေနဲ့ အဖေတို့က တကျက်ကျက် ရန်ဖြစ်ကြတယ်။ သူတို့ ရန်ဖြစ်တိုင်း ကေသရီမှာ နေစရာ မရှိအောင် စိတ်ညစ်ခဲ့ရတယ်။ တော်သေးတယ်၊ ပြေးကပ်စရာ မိုးမိုး ရှိပေလို့။ မိုးမိုး ဆိုတာက ဖေဖေ့အမေရဲ့ တပည့်ရင်း၊ ဖေဖေတို့နဲ့ အတူ နေလာခဲ့တဲ့ အိမ်ဖော် ကရင်မကြီး...။

အဖေ ဦးချေးများက မိုးမိုး ချက်တဲ့ဟင်းပဲ စားတတ်တယ် ဆိုပြီး အဖေနဲ့ အမေ အိမ်ထောင်ဦးကတည်းက အိမ်မှာ ပါလာတဲ့သူ။

"ငါ့သမီးလေးကို ညည်းအမေက မရချင်ဘဲ ယူလိုက်ရတဲ့ ကလေးဆိုပြီး ပစ်ထားတာများ မိုးမိုးမှာ မျက်ရည်ကျရတယ်"

လို့ အမေ မရှိတော့တဲ့ အချိန်မှာ မိုးမိုးက ပြောပြဖူးတယ်။

မိုးမိုး တယောက်တည်းက ပြောတာကို ကြားဖူးတာပဲ ဆိုရင်တော့ ယုံမိမယ် မထင်ဘူး။ မိုးမိုးလိုပဲ ဖေဖေ့ညီမ ဒေါ်လေးခင်ကလည်း နာနာကြည်းကြည်းကို ပြောခဲ့ ဖူးသေးတယ်။

မှတ်မှတ်ရရ မိုးမိုးက သူ့ရွာကို ခဏ အလည်ပြန်တုန်း ဒေါ်လေးခင်က ကေသရီနဲ့ လာနေပေးတုန်းက ပြောပြခဲ့တာ။ ဒေါ်လေးခင်နဲ့ ကေသရီနဲ့က မစိမ်းဘူး။ အိမ်မှာ ဘုန်းကြီး ဆွမ်းကပ်ရင် အမြဲ ညအိပ်လာပြီး လုပ်ပေးတယ်။ ကေသရီ နေမကောင်းရင် လာပြီး ပြုစုပေးတယ်။ ဒေါ်လေးခင်ရဲ့ အလုပ်ကတော့ အပြာရောင် ဝတ် အဆင့် သူနာပြုဆရာမ။ သူလည်း သူ့အလုပ်နဲ့ သူ မအားလှပေမဲ့ 'ငါ့တူမလေး အတွက်ကတော့ ဖြစ်အောင် အချိန်ပေးရမှာ' လို့ အမြဲပြောတတ်တဲ့သူ။ ကေသရီ မုန်းတဲ့ မိန်းမတွေထဲမှာ မိုးမိုးနဲ့ ဒေါ်လေးခင်တော့ မပါဘူးလေ။

ဒေါ်လေးခင်ဟာ ဘယ်တော့မှ မမေ့နိုင်တဲ့ စကားကို ခံစားချက်အပြည့်နဲ့ ပြောခဲ့ဖူးတာ။ ကေသရီအတွက်လည်း မမေ့နိုင်စရာ ဖြစ်သွားခဲ့ရပါရောလား။ မှတ်မှတ် ရရ ကေသရီ ရှစ်တန်း စာမေးပွဲ အောင်ပြီးတဲ့ နွေကျောင်းပိတ်ရက်မှာပေါ့။ ဒေါ်လေးခင်က ပြောတယ်။

"သမီးက ကြီးကြီးလာတော့ သိပ်လှလာတာပဲ။ ဒီလိုကလေးကိုများ ညည်းအမေမို့အေ" တဲ့။

အစမပါ အဆုံးမပါ ပြောတယ်။ ကေသရီကလည်း ညည်းအမေ ဆိုတာနဲ့ကို စိတ်ဝင်စားနေပြီ။ အမေ့အကြောင်းရယ်လို့ ဘာမှ သေသေချာချာမှ မသိခဲ့တဲ့ အဖြစ်ကို နည်းနည်းလေး သိတတ်လာတဲ့အခါ ကေသရီ မကြိုက်ခဲ့ဘူး၊ သမီး


mgyoe.com

mgyoe.com SAMPLE BOOK
တယောက်ဟာ ကိုယ့်အမေကို ဘာဖြစ်လို့ အသားလွတ်ကြီး မုန်းနေရမှာလဲလို့ တွေးမိတဲ့အခါမှာ အမေ့အကြောင်း အစစ်အမှန်ကို သိချင်မိခဲ့တယ်။

အမေနဲ့ ပတ်သက်ပြီး မိုးမိုးကလည်း ဘာမှ သေသေချာချာ ရေရေရာရာ ပြောပြတတ်တာ မဟုတ်ဘူး။ ဖေဖေကဆို အမေ ဆိုတဲ့စကား တခါကလေးတောင် ထည့်မပြောခဲ့ဖူးပါဘူး။ အမေ့ အကြောင်းရယ်လို့မှ မဟုတ်ပါဘူး၊ ဖေဖေဟာ အိမ်မှာနေရင် ပါးစပ် မပါသလောက်နီးပါး စကားနည်းတာ။ ဆူစရာ ပြောစရာ ရှိရင်တော့ တမျိုးပေါ့။ အဲဒီခါကျရင်တော့ ပြောတာ ပြောတာ မမောနိုင် မပန်းနိုင်။ ထားပါတော့လေ၊ အမေ့အကြောင်း ဆက်ရရင်...။

"ဒေါ်လေးခင် ပြောလေ... ဆက်ပြော၊ ဘာလို့ ရပ်ရပ်ပစ်ရတာလဲ။ သမီးက အမေ့အကြောင်းဆို သိချင်တယ်။ ငယ်ငယ်တုန်းက အကြောင်းတွေကို သမီး သိပ်မမှတ်မိတာ များတယ်။ ပြောပြပါ ဒေါ်လေးခင်ရဲ့"

လို့ တော်တော်လေး နားပူနားဆာ လုပ်တော့မှ -

"ပြောလို့ မကောင်းတာတွေ ကေသရီရဲ့။ ငါက အတင်းသဘောနဲ့ မဟုတ်ဘဲ တကယ့်အဖြစ်မှန်ကို ပြောလည်း ညည်း နားထောင်ပြီးရင် စိတ်နဲ့ ပစ်မှားတော့ ညည်းပဲ ငရဲကြီးမှာ"

ဆိုပြီး ရပ်သွားပြန်ရော။

"ဘာဖြစ်လဲ ဒေါ်လေးခင်ရဲ့ လူဆိုတာ ကိုယ့်ဘဝ အဖြစ်မှန်တော့ သိသင့်တာပေါ့။ ခုဟာက သမီးကို ဘယ်သူမှ သေသေချာချာ ရှင်းမပြတော့ သမီးကို အရာမသွင်းသလိုပဲ ခံစားရတယ်။ သမီး ကလေးမဟုတ်တော့ဘူး ဒေါ်လေးခင်၊ ပြောစရာ ရှိတာ ပြောမှ သိမှာပေါ့။ ဒေါ်လေးခင်မှ မပြောရင် ဘယ်လိုလုပ် သိမှာလဲ"

ဆိုတော့မှ ပြောပြတယ်။

ကြားလို့ မကောင်းတဲ့ စကားတွေပါ။ ကိုယ့်ဗိုက်ထဲမှာ ရှိတဲ့ ကလေး တယောက်ကို ဖျက်ချဖို့ ဆိုတာ စဉ်းတောင် စဉ်းစားသင့်တာမှ မဟုတ်ဘဲ။ အမေက ဒီလိုကြီးလားလို့ တွေးရင်း ရင်နာနာနဲ့ စခဲ့တဲ့ ဘဝတခု...။

"ညည်းအဖေကို လက်ခံခဲ့တဲ့ အချိန်မှာ သူ့ချစ်သူက အဝေးမှာလို့ ပြောတာပဲ။ ညည်း အဖေကလည်း သဝန်တိုလွန်းတော့ သူ့ကို အမြဲ သံသယရှိနေမှာပေါ့ ကေရယ်။ ဒါကြောင့်လည်း ခဏခဏ ရန်ဖြစ်ကြတာလေ။ ဒေါ်လေးခင်က ကိုယ့်အစ်ကို ဆိုပေမဲ့လည်း ကိုကို့ကိုတော့ လွန်တယ်လို့ မြင်တယ်"

ဒေါ်လေးခင်က မှုတတဲ့သူမို့ နှစ်ဖက်ကို မျှချိန်ပြီး ပြောတာ ထင်ပါရဲ့။

ကေသရီကတော့ သက်ပြင်းချရင်း နားထောင်မိခဲ့တာ။


mgyoe.com

mgyoe.com

"သမီးကို ကိုယ်ဝန်ရှိပြီ ဆိုတော့ ကိုကိုက သူများယောကျ်ားတွေလို ပျော်မသွားဘဲ ဒါ ဘယ်သူ့ကလေးလဲ မှန်မှန်ပြောလို့ မေးတာ။ အဲဒါတော့ ဒေါ်လေးခင် သိတယ်။ ညည်းအမေက ပြောပြောပြီး ငိုခဲ့တာကိုးအေ့"

"ဩော်... အံ့ဩပါရဲ့။ ဒါနဲ့ပဲ ဖျက်ချရောလား"

"မဟုတ်သေးပါဘူးအေ။ နေဦး သမီးရဲ့။ အဲဒီလို မဖြစ်ခင်မှာ ညည်းအမေရဲ့ ရည်းစားက ပြန်ရောက်လာတယ်။ သူတို့ တနေရာမှာတော့ တွေ့ကြတယ် ထင်ပါတယ်။ ရိုးရိုးသဘောပါပဲ။ အဲဒီလို တွေ့တာကို ကိုကိုက သိသွားတော့ မိုးမီးလောင်ရော၊ ညည်းအမေကို ရိုက်လား နှက်လားတွေအထိ လုပ်ရော။

အမှန်က ညည်းအမေက သူကိုယ်သူလည်း သတ်သေမှာ၊ ညည်းကိုလည်း မထားခဲ့ဘူး၊ ဒီလို ထင်ပါတယ်။ သူ လုပ်နေတာကို ဒေါ်လေးခင် တွေ့တော့ ဖွတ်ကို ကယ်ရတာ။ လူကြီးရော ကလေးရော အသက်ကို တော်တော်လေး လုလိုက်ရတယ်။ အဲဒီရဲ့ အကျိုးဆက်ကတော့ ရှိခဲ့တာပေါ့လေ။ ညည်းအမေက ငိုငိုပြီး ပြောတာ။ သူ အသက်နဲ့ ရင်းပြီး သက်သေပြတာပါလို့ ပြောရှာတော့ ညည်းအဖေလည်း လျှော့သွားတယ်။

သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။ ညည်းကိုယ်ဝန် တလျှောက်လုံး အဆင်ပြေအောင် နေပေးတယ်။ ညည်းကို မွေးပြီးသည် အထိပဲ။ ဒါပေမဲ့အေ...၊ ဘယ်သူ ကံဆိုးတယ် မပြောတတ်ပါဘူး။ သူ့ရည်းစားဟောင်းရဲ့ အမေ နာရေးဆိုလား မသိပါဘူး၊ ညည်းအမေက သွားတာ။ ထုံးစံအတိုင်း ညည်းအဖေ သိတော့ ပွဲကြမ်းပြန်တာပေါ့။ ညည်းအမေကို ဘယ်လောက်ထိ ချုပ်ချယ်ခဲ့သလဲဆို အိမ်ဝရန်တာဘက်တောင် မထွက်ရဘူး ဆိုသတဲ့။

ဟိုကလည်း လူပဲအေ၊ ကြာတော့လည်း သည်းမခံနိုင်တော့ဘူး ထင်ပါရဲ့။ သမီးရယ်... အားလုံးဟာ မဖြစ်ချင်တာတွေ ဖြစ်ကုန်ကြရတာ နောက်ဆုံးတော့ ဘဝဆက်ဝဋ်ကြွေးတွေလို့ ထင်တာပါပဲ"တဲ့။

နောက်ဆုံးမှာတော့ ဒေါ်လေးခင် ဆက်ပြောမှာက ဘဝကံကြမ္မာတို့၊ ရှေးဘဝ ရေစက်တို့ပေါ့။

ကေသရီက အဲဒါတွေကို ကြားချင်တော့တာ မဟုတ်ဘူး။ ဒေါ်လေးခင်က သူ့အတွေးနဲ့သူ အဖြစ်အပျက်တွေကို ကေသရီ နားကြားရလှအောင် ဘယ်လိုပဲ မိတ်ကပ်တွေ လိမ်းပြီး ပြောပြခဲ့ပေမဲ့ ကေသရီစိတ်ထဲမှာ ပေါ်နေတာကတော့ အဖေရော အမေပါ ကိုယ်လုပ်ချင်တာ လုပ်ကြတာပဲလေ။ မဟုတ်ဘူးလား။ ခက်တာက သူတို့ဆန္ဒတွေ ပြည့်ကုန်ကြပြီလားတော့ မသိဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

ကေသရီရဲ့ ဆန္ဒတော့ မပြည့်နိုင်သေးဘူး။ အလိုမကျတော့ စိတ်တိုတယ်။ ဘယ်သူ့ကိုမှ ကောင်းလှတယ်လို့ မြင်မရဘူး။ ဒီတော့ ဘာလုပ်ရမလဲလေ။ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်မှာပဲပေါ့။ ခုဆို ကေသရီက ကိုယ်လုပ်ချင်တာပဲ လုပ်တာ၊ မလုပ်ချင်တာဆို လုပ်ကို မလုပ်ဘူး။ ဘာဖြစ်သေးလဲ။ လူဖြစ်ပါပြီ ဆိုကတည်းက ကိုယ့်ကို မွေးခဲ့တဲ့သူတွေတောင် သူတို့ဆန္ဒအတိုင်း သူတို့ လုပ်ခဲ့ကြသေးတာပဲလေ။ ကေသရီ့ရင်ထဲမှာ ဘယ်တော့မှ မေ့လို့မရမယ့် နေ့တနေ့ကို ခုထိ ဖျောက်လို့ မရနိုင်ခဲ့ဘူး။

အဲဒီနေ့...။

မှတ်မှတ်ရရ အမေက ကေသရီ့ကို မူကြို လိုက်ပို့တယ်။ ခါတိုင်းဆို အိမ်က ကားနဲ့သွားရင် ဒရိုင်ဘာကြီးပဲ လိုက်ပို့တာကို မေမေက သူလည်း လိုက်မယ် ဆိုပြီး ပါလာတာ။ သူ့လက်ထဲမှာလည်း အိတ်တလုံးတော့ ပါတယ် ထင်တယ်။ ကျောင်းနားလေးက လမ်းချိုးတခုမှာ ကားကို ရပ်ခိုင်းတယ်။ ဆိုင်တဆိုင် ထင်တာပဲ။ ဆိုင်ထဲကို ဝင်တယ်။

ကားဆရာကြီးကို ဘာတွေမှန်း မသိဘူး ပြောပြီး ကားကို ပြန်လွှတ်လိုက်တယ်။ ကေသရီ့ကို မနမ်းစဖူး နမ်းပြီး မုန့်တွေ ဝယ်ပေးသေးတယ်။ ခဏနေတော့ လူတယောက် ရောက်လာတယ်။ ကားနဲ့ပေါ့။ အမေက ကေသရီ့ကို ချီပြီး ကားပေါ် တက်တယ်။

"မေမေ ဘယ်သွားမှာလဲ"

လို့ မေးတော့ -

"သမီးကို ကျောင်းလိုက်ပို့မှာလေ"

အဲဒီလိုပဲ ပြောပြီး မူကြိုကျောင်းကို လိုက်ပို့တယ်။

ကျောင်းကို ရောက်တော့ မေမေပါ ကားပေါ်က ဆင်းတယ်။ ကျောင်းပေါက်ဝမှာ ဆရာမတွေက လာကြိုတာလေ။ ကားဘေးမှာ ရပ်ပြီး မေမေက စာအိတ်တအိတ်ကို ကေသရီ့ကျောပိုးအိတ်ထဲ ထည့်ပေးတယ်။

"အဲဒါ အပြန်ကျရင် ဖေဖေ့ကို ပေးလိုက်"

လို့ ပြောတယ်။

ကေသရီလည်း နားမှ မလည်တာ။

မေမေ့ကို မေးရအောင်ကလည်း လာကြိုတဲ့ ဆရာမက လက်ဆွဲခေါ်နေပြီ ဆိုတော့ 'ဟုတ်' လို့ပဲ လွယ်လွယ်ကူကူ ပြောပြီး ကျောင်းထဲကို ဝင်လိုက်သွားခဲ့တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

နေ့လယ် ကျောင်းမဆင်းခင် ကားသမားကြီးက လာကြည့်တယ်တဲ့။ 'ကေသရီ ရှိလား' လို့လည်း မေးတယ်တဲ့။ ဆရာမတွေက ရှိတဲ့အကြောင်း ပြောပြလိုက်လို့ ပြန်သွားတယ်လို့ ပြောတယ်ထင်တာပဲ။ ကေသရီတို့က နေ့လယ်ဆို အိပ်ရတာလေ။ ဘာမှ မသိပါဘူး။ ညနေကျတော့ ဘယ်သူမှ လာမကြိုတာကို အကြာကြီး စောင့်နေခဲ့ရတယ်။ မေမေများ လာကြိုမှာလားလို့တောင် ထင်နေမိသေးတယ်။ နဂိုတည်းက စကားနည်းတော့ ကေသရီက မေမေ့ကို လာကြိုမှာလား မမေးမိတာလည်း ပါတယ်။

စောင့်ရင်းစောင့်ရင်း ကြာလာတော့ ဆာပြီး ငိုတာကိုလည်း မှတ်မိနေသေးတယ်။ နောက်တော့ မကြိုစဖူး မိုးမိုးက အငှားကားနဲ့ လာကြိုတယ်။

"သမီးမေမေ ပြန်မလာဘူး။ ဖေဖေက မေမေ့ကို လိုက်ရှာရင်း ပြန်မရောက်သေးလို့ မိုးမိုး လာကြိုတာ"

လို့ ပြောမှ သတိရသွားပြီး -

"မေမေက ဖေဖေ့ကို အိမ်ပြန်ရောက်ရင် ပေးလိုက်လို့ မှာတာ"

လို့ ပြောပြီး စာအိတ်ကလေးကို မိုးမိုးလက်ထဲ ထည့်လိုက်တယ်။ မိုးမိုးက -

"ဟောတော်၊ ဘာတွေ ဖြစ်ကုန်ပြီလဲဝေ့"

လို့ ထုံးစံအတိုင်း ဝဲတိဝဲတာနဲ့ ပြောပြီး စာအိတ်ကို ယူသွားတယ်။ ဒါပေမဲ့ မိုးမိုးမှ စာမဖတ်တတ်တာ။ ညကြီးကို မိုးချုပ်မှ ဖေဖေက ပြန်လာတာ။ မိုးမိုးက -

"ကိုကျော်ရေ...၊ မင်းမိန်းမက ကေလေးကို ဒါပေးသွားတာတဲ့"

လို့ ပြောပြီး ဖေဖေ့လက်ထဲကို စာအိတ်လေး ထည့်လိုက်တယ်။

ကေသရီတသက်မှာ ကြောက်စရာ အကောင်းဆုံး ညပါပဲ။ ဖေဖေက စာအိတ်ကို ဖောက်ဖတ်ပြီးတာနဲ့ 'တောက်' ဆို တက်တချက် ပြင်းပြင်းခေါက်ပြီး 'ကဲကွာ ကဲကွာ' နဲ့ မှန်ဘီရိုကြီးကို လက်သီးနဲ့ ထိုးတာလေ။ တအားကို ကြောက်စရာကောင်းတာပဲ။ မိုးမိုးက -

"ကိုကျော်ရေ၊ သားရေ မလုပ်နဲ့...၊ ဒီလို မလုပ်နဲ့"

ဆိုပြီး အော်အော်ဆွဲဆွဲ လုပ်ပေမဲ့ ဖေဖေဟာ ဝူးဝူးဝဲဝဲတွေ အော်နေတော့တယ် ထင်တာပဲ။ နောက်တော့ ဒေါ်လေးခင်တို့ ရောက်လာတယ် ထင်တယ်။ ကေသရီလည်း ကျောင်းမှာလည်း ဆာဆာနဲ့ ငိုရ၊ အိမ်ပြန်ရောက်တော့လည်း ကြောက်လန့်ပြီး ငိုရ၊ အဲဒီနေ့က ဆာပေမဲ့ ထမင်းတောင် မစားဘဲ အိပ်ပျော်သွားတယ် ထင်တယ်။

"အဲဒီစာအိတ်ထဲမှာ ဘာတွေ ပါလို့လဲ ဒေါ်လေးခင်ရယ်"

လို့ နားလည်သိတတ်တဲ့ အရွယ်ရောက်မှ ပြန်မေးကြည့်တဲ့အခါ -


mgyoe.com

mgyoe.com SAMPLE BOOK

"ညည်းအမေက ညည်းအဖေကို ဘယ်လောက် မုန်းပြီး ဘယ်လောက် နာကြည်းသလဲ ဆိုတာ စာတိုတိုလေးနဲ့ ပေါ်တယ်အေ"

လို့ ပြောတယ်။ ကေသရီက -

"ရှိသေးလား ဒေါ်လေးခင်။ ဖေဖေက အဲဒီစာကို သိမ်းထားသေးလား"

လို့ စာကို ဖတ်ကြည့်ချင်ဇောနဲ့ မေးရတယ်။ တကယ်လည်း တအားကို သိချင်တာ။

"ဪ... ညည်း အဖေက အလကား သိမ်းထားပါ့မလား။ ငါကတော့ ဘာရယ် မဟုတ်ဘူး။ မိုးမိုးဆီက ယူပြီး သိမ်းထားသေးတယ်။ ငါ့ဒိုင်ယာရီစာအုပ် ထဲမှာ ရှိဦးမယ်"

လို့ ပြောပြီး နောက်တခါလာတော့ မှတ်မှတ်ရရ ယူလာပေးတယ်။

"ညည်းအဖေတော့ မသိစေနဲ့၊ အဟောင်းတွေ အသစ်ဖြစ်အောင်"

လို့ ပြောတယ်။ နောက်တော့ ဒေါ်လေးခင်က ဆက်ပြောတယ်။

"သမီးရယ်၊ အမေတယောက်ဟာ တော်ရုံတန်ရုံ ခံစားရရင် ကိုယ်ဝမ်းနဲ့ လွယ်ပြီး မွေးတဲ့ ကိုယ့်သမီးလေးကို မထားခဲ့ပါဘူး"

လို့လည်း အမေ့ဘက်က ရှေ့နေလိုက်လိုက်သေးတယ်။

မေမေ့စာကို ကိုင်ပြီး ဘာလို့လဲ မသိဘူး၊ ကေသရီ့လက်တွေ တုန်နေသေး တယ်။ မဖတ်ရဲသလိုလည်း ဖြစ်နေမိသေးတယ်။ စာရွက်ကလေးက ဝါနေပါပြီ။ ဖွင့်ပြီး ဖတ်လိုက်တော့ -

"ဘယ်သူ့သွေးမှ မနှောတဲ့ ရှင့်သွေးစစ်စစ် ရှင့်သမီးကို ရှင် ဆက်မွေးပါ" တဲ့...။

ကေသရီ့ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မပြောတတ်ဘူး။ ဖေဖေ ဒေါသ ဖြစ်မယ်ဆိုလည်း ဖြစ်မှာပဲလို့လည်း တွေးမိသလို မေမေ့ဘက်က ကြည့်ပြန်တော့ လည်း မတရား စွပ်စွဲခံရတာ နာကြည်းစရာပဲလေလို့လည်း တွေးမိပြန်တာပဲ။ ဘာပဲဖြစ်ဖြစ် ကေသရီ လူဖြစ်ခဲ့ရပုံကြီးကဖြင့် ကျေနပ်စရာကို မရှိတာ အမှန်ပဲ။

ဒေါ်လေးခင်က အမေပေါ်မှာ အပြစ်မြင်ရင် ငဲ့ကြီးတယ် ဘာညာတွေ ပြောပြီး ဆုံးမပေမဲ့ ကေသရီရဲ့ ရင်ထဲမှာတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် 'အမေ' ဆိုတာ သာမန်လူသား တယောက်လောက်မျှသာပဲ မှေးမှေးမှိန်မှိန် ဖြစ်သွားတာ။ ဒါတော့ ဘာမှ မတတ်နိုင်ဘူးလေ။ ခုချိန်ထိ ဆိုပါတော့။ အဲဒီအမေနဲ့လည်း ပြန်မတွေ့တော့ ပါဘူး။ တွေ့လည်း ဘဝတွေ ခြားသွားပြီ မဟုတ်လား။ မေ့မေ့ပျောက်ပျောက်ပဲ ကောင်းတယ်လို့ ကေသရီကတော့ ရှင်းရှင်းလင်းလင်း တွေးမိတယ်။ ဒီအတွက် ထူးပြီး ဝမ်းလည်း နည်းမနေဘူး။ အားလည်း ငယ်မနေဘူး။


mgyoe.com

အဖေကတော့ကော...။ ကေသရီ ထင်တာ ပြောရရင် သူ့ကိုယ်သူပဲ ချစ်တတ်တဲ့ လူမျိုးများလားပဲ။ အမေ့ကို ရချင်တုန်းကလည်း အသည်းအသန် ခဲမှန်လို့ ပြောရလောက်သတဲ့။ ဒါတော့ မိုးမိုး ပြောပြတာ။ မိုးမိုးက ဖေဖေကို ငယ်ငယ်ကတည်းက ထိန်းလာခဲ့တဲ့သူ ဆိုတော့ ဖေဖေ့ အကြောင်းကို အကုန်နီးပါး သိတယ်။

ဖေဖေက အကောင်းကြိုက်တဲ့။ ငယ်ငယ်ကတည်းက အစားဆိုလည်း ကောင်းမှ၊ အဝတ် ဆိုလည်း ကောင်းမှ၊ အသန့်ကလည်း ကြိုက်၊ အလှလည်း ကြိုက်သတဲ့...။ မေမေကလည်း အတော်ချောဆိုပဲ။ အဲဒါတော့ ဟုတ်မယ်။ ကေသရီက မေမေ အငယ်စားလေးပဲလို့ ဒေါ်လေးခင်က ပြောတယ်။

ကိုယ်လုံးကိုယ်ထည်က အစ မျက်နှာကျပုံ၊ မျက်လုံးမျက်ခုံး အကုန် ညည်း အမေအတိုင်းပဲ ဆိုတော့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲ ကြည့်တိုင်း မေမေ့အမွေလို့လည်း တွေးမိပါတယ်။ မေမေက ဖေဖေ့ထက်လည်း အသက် အများကြီးငယ်တယ်။ မေမေ အလုပ်သွားရင် အိမ်ရှေ့က ဖြတ်သွားတော့ အမြဲစောင့်ကြည့်နေတာ။ ဒါပေမဲ့လည်း ဖေဖေက မေမေ့ကို သူ လိုက်ပြောရင် ငြင်းလွှတ်တာကို မခံစားနိုင်လို့ ကိုယ့်ဟာကိုယ် မကြိုးစားဘဲ မိဘကို ပူဆာတာ တဲ့။

"ညည်းအဖေက နည်းနည်း အသက်ကြီးတော့ ပြန်မကြိုက်မှာ စိုးတာလည်း ပါမှာပေါ့။ ဟိုဘက်ရပ်ကွက် ဒီဘက်ရပ်ကွက်ဆိုတော့ ဒီလူနဲ့ ဒီလူ မြင်ဖူး တွေ့ဖူးနေကြတာကို သူက ဖွတ်လိုချင်တော့ ဟိုဘက်က မိဘတွေက စဉ်းစား ပေးတယ်။ ညည်းအမေတို့က နည်းနည်းတော့ ချို့တဲ့ရှာကြတယ်။ သူတို့သမီးလေးကို ချမ်းသာတဲ့ မိသားစုက လာကမ်းလှမ်းတယ် ဆိုတော့ မိဘများကလည်း ပေးစားချင် တာပေါ့အေ။ ရတော့မှသာ အရိုးများသော ချေးခါးသော ဖြစ်ရပြန်တာ"

လို့ မိုးမိုးက စိတ်လိုလက်ရ ရှိတဲ့အခါ ပြောပြတတ်တယ်။

အဖေနဲ့ အမေရဲ့ ဇာတ်လမ်းဟာ လွမ်းမောဖွယ် မရှိလို့ အဖေက အမေ့ကို ချစ်ချစ်ကြင်ကြင် မဆက်ဆံခဲ့ဘူးပဲ ထားပါ။ သမီးဖြစ်တဲ့ ကေသရီကို ဖေဖေဟာ ကြည်ကြည်နူးနူး နေခဲပါတယ်။ သမီးလေး ဘာလေးဆိုပြီး ကြင်ကြင်နာနာလည်း စကား ပြောခဲပါတယ်။ ပေးစရာ ရှိတာကိုတော့ ပိုပိုလျှံလျှံ ဝယ်ပေးလေ့ ရှိတယ်။ ဒါပေမဲ့ အမှန်ရယ်လို့ ဘယ်တော့မှ မရှိဘူး။ တခါ ပေးထားပြီးရင် မေ့နေသလားပဲ။ မုန့်ဖိုးက သုံးလို့ ကုန်တော့မယ်၊ ဖေဖေ့ကို မုန့်ဖိုးတောင်းဖို့ ချောင်းရတာ စိတ်မရှည် စရာ ကောင်းလွန်းလို့ ကေသရီ စိတ်ညစ်ရတယ်။

ကေသရီကလည်း ဖေဖေ့ကိုတော့ ရင်ထဲမှာ နည်းနည်း စိမ်းတယ်လို့ ဝန်ခံရပါမယ်။ ဖေဖေလို့ ဆိုလိုက်တာနဲ့ မေမေ့ကို ခွေခနဲ လဲကျသွားအောင် ရိုက်တာတွေ၊



mgyoe.com

စိတ်ဆိုးရင် ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်တတ်တာတွေနဲ့ပဲ တွဲပြီး မြင်နေမိတာတော့ အမှတ်တရပါပဲ။

ဒါပေမဲ့လည်း ဖေဖေက မိုးမိုးကိုတော့ အရေးတယူ ရှိနေပြန်ရော။ မိုးမိုးကို လေးလေးစားစား ဆက်ဆံတယ်။ ဖေဖေက သူ့မိသားစုနဲ့ စကားပြောရင်တောင် အကြီးတွေကို ကိုကို မမ ခေါ်ပေမဲ့ မင်းနဲ့ ငါပဲ ပြောတာ။ မိုးမိုးကျ အဲဒီလို မပြောဘူး။ သူကိုယ်သူ 'ကျော်က' လို့ ပြောတယ်။ ဘိုးဘိုးဘွားဘွားကို ပြောသလိုပဲ ကျွန်တော်လို့ မပြောဘဲ နာမည်ကို ထည့်ပြောတာ။

ဒီတော့ မိုးမိုးကလည်း ဖေဖေ့ဆို 'ကိုကျော်ရေ ကိုကျော်ရေ၊ ကျော် သားလေး ရေ' လို့ ပြောတာ ကေသရီ ကြားရတော့ စိတ်ထဲမှာ ဘယ်လို ပြောရမလဲ၊ ဝမ်းသာသလိုလို ကြည်နူးမိတယ် ဆိုပါတော့။

ပြောလို့သာ ပြောတာပါ။ ဖေဖေက ကေသရီ့ကိုလည်း တခါမှ မရိုက်ဖူးပါဘူး။ မရိုက်ပေမဲ့လည်း ပြေးလွှားကြည့်တောင်မှ ဒီအဖေနဲ့ ဒီသမီးပဲ ရှိတာကို စိမ်းစိမ်း ကြီးနေတော့ ကေသရီကလည်း အလိုလို မချွဲတတ်ဘူး ဖြစ်သွားတယ် ထင်တာပဲ။ ချွဲတယ်ဆိုလို့ ကေသရီ့ရဲ့ သူငယ်ချင်း နီနီကို သတိရတယ်။

နီနီ ဆိုတာက ကေသရီရဲ့ တဦးတည်းသော သူငယ်ချင်းမ။ ကိုးတန်း ဆယ်တန်း နှစ်နှစ်၊ ကေသရီ့ကို အတော်လေးကို သည်းခံ ပေါင်းပေးနေခဲ့တဲ့ သူငယ်ချင်းဆိုလည်း မမှားနိုင်ဘူး။ ကေသရီက အပေါင်းအသင်း နည်းတယ်။ နည်းဆို မရှိသလောက်ပါပဲ။ အဲဒီအတွက်လည်း ဘယ်လိုမှ မခံစားရဘူး။ ဘာလို့လဲ ဆိုတော့ ကေသရီက မလိုအပ်ဘဲ ဘယ်သူနဲ့မှ မသိချင်ဘူး။ လူတွေကို တွေ့ရင် ရယ်ပြ ပြုံးပြတွေလည်း မလုပ်ချင်ဘူး။ အပိုလို့ ထင်တာတွေကို ဘာမှ မလုပ်ချင်မိတာတော့လည်း မတတ်နိုင်ဘူးလေ။

မိနီနီကတော့ အဲဒီလို မဟုတ်ဘူး။ သူကြည့်လိုက်ရင် အပြုံးကို အရင်ဆုံး တွေ့ရမှာ။ နှုတ်ကလည်း ချိုတယ်။ အပြောလည်း ကောင်းတယ်။ တွေ့စကဖြင့် သူ့ကြည့်ပြီး စိတ်တွေ ကုန်တာလေ။ လူတကာပေါ်မှာ အဲဒီလောက် လိုက်ချိုနေရ သလားလို့။ ရှုံ့ဂါး ကုတ်တက်တွေဆို ကေသရီက မုန်းမှ မုန်းဆိုတော့။

သူနဲ့ ကြာကြာပေါင်းကြည့်တော့မှ သူက လူတမျိုး ဖြစ်နေတယ် ဆိုတာ သိလာတယ်။ အထူးသဖြင့် ကေသရီလို မြင်သမျှကို စိတ်ကုန်နေတဲ့သူမျိုး မဟုတ်ဘူး။ နောက်ပြီး ရင်ထဲက မပါဘဲ ပေါ်လွင်စွာ စွတ်ကောင်းပြနေတဲ့ သူမျိုးလည်း မဟုတ်ဘူး။ သူက စာနာစိတ်နဲ့ နေတတ်တဲ့သူလို့ ပြောရမလား၊ စိတ်ရှည်တယ်လို့ ပြောရမလား၊ ကေသရီ မပြောတတ်ပါဘူး။ ဒါပေမဲ့ သူ့ကို ကေသရီ တဖြည်းဖြည်းနဲ့တော့


mgyoe.com

mgyoe.com
သဘောကျလာတယ်။ သဘောကျတယ် ဆိုပေမဲ့ သူ့လိုတော့လည်း မနေနိုင်၊ မနေတတ်ပါဘူးလေ။

မှတ်မှတ်ရရ ကေသရီနဲ့ သူ ခုံချင်းကပ်ရက် ထိုင်ကြရတော့ စကားပြော အဆင်ပြေတာ ရှိသလို အဆင်မပြေတာလည်း ရှိတော့ ရှိတာပေါ့။ တခါတလေလည်း ကေသရီက စိတ်ထဲမှာ မကြည်နေရင် သူ့ကို အသားလွတ် အော်မိတဲ့အခါမျိုးလည်း ရှိသေးတာ။

အဲဒီလို ဖြစ်ပြီးရင် ကေသရီက မျက်နှာကြီး အလိုလို တင်းသွားပြီး ဘာဆို ဘာမှ မပြောတော့ဘူး။ အဲဒီအခါမျိုးမှာ ပထမဆုံး စလျှော့တဲ့ သူဟာ နိုနိုပဲ အမြဲတမ်း ဖြစ်နေတတ်တယ်။ ကေသရီ စိတ်ဆိုးနေတဲ့ အချိန်မှာ ဘာမှ မပြောပေမဲ့ နောက် အေးဆေး ဖြစ်သွားတဲ့အချိန်ဆို သူက လေပြေအေးလေးနဲ့ ရှင်းပြတယ်။ ဘယ်သူ မှန်တယ်၊ ဘယ်သူ မှားတယ်လို့ မဝေဖန်ဘူး။ နောက်ဆုံးမှာ ကေသရီ မှားတာတွေ ကိုယ့်ဟာကိုယ် ပြန်မြင်ရတာမျိုးလည်း ရှိတယ်။ ကေသရီက -

"နိုရယ် နင် မှန်တယ်။ ငါ မှားတယ်။ ငါ့ကို ဘာလို့ စိတ်မဆိုးတာလဲ"

လို့ ပြောရင်တောင် -

"ငါလည်း မှားတဲ့အခါ ရှိဦးမှာလေဟယ်"

လို့ ပြန်ပြောတယ်။

"မှားတယ် ဆိုတာ ဆန်းတော့ မဆန်းဘူးဟဲ့။ လူတိုင်း အဆင်မပြေတဲ့အခါ မှားမှာပဲ။ နေရာတကာ ခွင့်မလွှတ်နိုင်လို့ မရဘူး"

လို့လည်း ပြောတတ်သေးတယ်။

အဲဒီ စကားကို ကြားတော့ ကေသရီ့စိတ်ထဲ တမျိုးကြီး ဖြစ်သွားမိသေးတယ်။ ကေသရီဟာ ခွင့်လွှတ်တယ် ဆိုတာ နားကို မလည်ခဲ့တာလား လို့လည်း တွေးမိသေးတယ်။ ဒါပေမဲ့ ကေသရီ သူနဲ့ မပြောဖြစ်တာတွေတော့ ရှိခဲ့တယ်။ မေမေနဲ့ ဖေဖေတို့ အကြောင်းပေါ့။ ပြောလို့ မကောင်းဘူး မဟုတ်လား။ ကေသရီလို အဖြစ်နဲ့ ကြုံခဲ့ရင် သူ ဘယ်လို သဘောထားမလဲ ခုထိ သိချင်နေသေးတယ်။ ဒါပေမဲ့ သူနဲ့ အဲဒီအကြောင်းကို လုံးဝ မပြောဖြစ်ခဲ့ဘူး။

မပြောဖြစ်ခဲ့တဲ့ အကြောင်းကလည်း နိုနိုတို့ မိသားစုနဲ့ ကေသရီတို့နဲ့က ဆန့်ကျင်ဘက် ဖြစ်နေတာလေ။ နိုနို ပြောပြလို့ သိရသလောက်ကတော့ သူ့အဖေနဲ့ အမေဟာ သိပ်ချစ်တဲ့ သူငယ်ချင်းတွေက ချစ်သူ ဖြစ်သွားပြီး ယူကြတာတဲ့။

"ဆင်းတော့ ဆင်းရဲကြတယ်။ ဒါပေမဲ့ တယောက်ကို တယောက် နားလည်ပြီး အဆင်ပြေအောင် ကြိုးစားခဲ့ကြတာလို့ ပြောတာပဲ ကေရယ်။ ငါတို့ ခုထိလည်း


mgyoe.com

ချမ်းတော့ မချမ်းသာကြပါဘူး။ အဖေနဲ့ အမေက ကျောင်းဆရာနဲ့ ဆရာမ ဆိုတော့ အိမ်စရိတ် ကာမိအောင် ကျူရှင်လည်း သင်ရတာပဲ။ ခုမှ မေမေက အိမ်မှာ စာကျက်ဝိုင်း ဂိုက်တန်းလေး ဖွင့်လိုက်လို့ ငါတို့ တော်တော်လေး ချောင်ချောင်ချိချိ ဖြစ်လာတာ။ အဆင်ပြေအောင် ဒီလိုပဲ ကြိုးစား ရုန်းကန်ရတာပေါ့"

လို့ ပြောနေတုန်းက နိုနိုဟာ ဆင်းရဲတာကို အရေးမကြီးဘူးလို့ ထင်နေသလိုပဲလို့ ကေသရီ ထင်လိုက်မိသေးတယ်။ နောက်တော့လည်း တွေးမိတာပေါ့၊ ဒေါ်လေးခင် အမြဲပြောသလိုပဲလေ၊ ကံပဲပေါ့။ နိုနိုတို့ ကံကောင်းတယ်ပေါ့။ အဲဒါ မှန်မယ်လို့လည်း ထင်တယ်။ ဘာပြုလို့လဲဆိုတော့ သားသမီး ဆိုတဲ့ လူသားကလေးဟာ မိဘ ဆိုတဲ့ ကျေးဇူးရှင်ကို ရွေးချယ်ခွင့် မရှိဘူး ဆိုတာ သေချာလို့ပဲ။ ကံစီမံရာကို ခံပြီး ဒီမိဘရဲ့ သားသမီး ဖြစ်ကို ဖြစ်စေတော့ ဒီလိုပဲ တွေးဖြစ်တယ်။

အဲဒါကြောင့် နိုနို့ကို လုံးဝ မနာလို မဖြစ်ဘူး။ ကေသရီက ဘဝကိုလည်း မနာကြည်းပါဘူး။ ဒါပေမဲ့ ကေသရီရဲ့ စိတ်ထဲမှာ မေမေလိုတော့ လုံးဝ မဖြစ်ချင်ဘူး။ မေမေက သူ မလုပ်ချင်တာကို ငြင်းဖို့ သတ္တိ မရှိခဲ့တဲ့ အမှား။

အဲဒီအမှားကြောင့် အမှားတွေ ဆက်တိုက် လုပ်ဖြစ်သွားတယ်လို့ ကေသရီ ယုံမှတ်ခဲ့တယ်။ ကေသရီက မေမေ့လို သတ္တိ မနည်းချင်ဘူး။ အရာရာကို ပြတ်သားမယ်လို့ တွေးထားတယ်။ ဒီတော့ အပိုတွေကို မကြိုက်ချင်တော့ဘူး။ လုပ်စရာ ရှိတာကို လုပ်လိုက်တယ်။ အထူးသဖြင့် လုပ်ချင်စိတ် ရှိတာကို လုပ်တယ်။ မလုပ်ချင်ရင် ဘာမှ မလုပ်ဘူး။ ကေသရီကို စိတ်ညစ်အောင် ဘာဆို ဘာမှ လာမပြောနဲ့၊ လုံးဝ လက်မခံဘူး။ သူများတွေကိုလည်း ကေသရီကြောင့် စိတ်ညစ်အောင် မလုပ်ဘူးလို့ပဲ အမြဲ တွေးတယ်။ ဒါလောက်ဆို ရပြီ မဟုတ်လား။

မရတာက ဖေဖေပဲ...။ ဖေဖေဟာ ကေသရီကို ပြည့်စုံလုံလောက်အောင် ဆင်သပေးထားပေမဲ့ သူ ဖြစ်စေချင်တာကိုတော့ ဖြစ်အောင်ကို လုပ်ဖို့ အမိန့်ပေးချင်တယ်။

ကေသရီက စာမတော်ဘူး။ စာတော်အောင် လုပ်ရမယ်လို့ ဖွတ်ပြောတယ်။ ကေသရီ နားလည်ထားတာက ဖွတ်လုပ်လို့ မရတဲ့ကိစ္စထဲမှာ စာကိစ္စ ပါကို ပါတယ်။ ကေသရီဆို စာ ကျက်ကို မကျက်ချင်တာ။ ပျင်းတယ် ဆိုလည်း ထားလိုက်ပါတော့၊ ငပျင်း ဆိုပါတော့။ ကေသရီက ပြောတယ်။

"စာကျက်တာ ဝါသနာကို မပါဘူး" လို့။

အဲဒီလို ပြောတော့ နိုနိုက ရယ်တယ်။

"နင့်နှယ်ဟယ်၊ စာကျက်တာ ဝါသနာ မပါဘူးရယ်လို့"တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဆို နင်က ဘာဝါသနာ ပါတာလဲ"

လို့ မေးသေးတာ။

အဲဒီလိုကျပြန်တော့လည်း အဖြေက မရှိပါဘူး။ ဘာရယ်လို့ကို မရှိဘူး။ နိုနို ဆိုရင် စာဖတ် ဝါသနာပါသတဲ့။ သူ့ကြည့်လိုက်ရင် ကျောင်းစာအပြင် ကဗျာစာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေနဲ့ အမြဲ ရှုပ်နေတတ်တာ။ ကေသရီလား၊ စာနဲ့ ပတ်သက်ရင် ဘာမှ လာမပြောနဲ့ ဆိုတဲ့ထဲက၊ ဘာစာမှ မဖတ်ပါဘူး။

ဖေဖေက စာကို လိုက်နိုင်အောင် ကူညီ ပေးမယ့်သူ ဆိုပြီး ဆရာမတယောက်ကို ခေါ်လာတယ်။ ဆိုးတော့ မဆိုးပါဘူး၊ ကေသရီ စာကျက်ပျင်းတာကို ကူကျက်ပေးတယ်။ သက်သက်သာသာ စာတွေရတော့ ကေသရီလည်း ပျော်သလိုလို ဖြစ်ကာရှိသေး ဆရာမက ဇာတ်လမ်းတွေ ရှုပ်ကုန်ပါလေရော။

ဆရာမလို့ချည်း ပြောရင် မတရား ဖြစ်နေပါဦးမယ်လေ။ အဲဒီဇာတ်လမ်းမှာ အဓိက ဇာတ်ကောင်က ဖေဖေပဲ။ ဆရာမကို ခေါ်လာကတည်းက ဖေဖေနဲ့ အဲဒီဆရာမ မရှင်းမရှင်း ဖြစ်နေတာ ကေသရီ မသိခဲ့ပါဘူး။

သူက အပြင်မှာ စာသင်တဲ့ ဆရာမလည်း မဟုတ်ဘူး ဆိုလား။ ဖေဖေ့ စက်ရုံတခုက စာရေးမလို့လည်း ပြောတာပဲ။ သူတို့ ဘယ်လို သဘောရလို့ ကေသရီကြားက အဆစ် စာသင်လိုက်ရတယ် မသိဘူး။ ဖေဖေက အဲဒီအမျိုးသမီးနဲ့ သူ့ဟာသူ အဆင်မပြေတွေ ဖြစ်ပြီး အလုပ်ကနေ ထုတ်ပစ်တယ် ဆိုလား၊ မိုးမိုး ပြောတာ ကေသရီကဖြင့် စိတ်ကို မဝင်စားဘူး။

စိတ်မဝင်စားလို့ ပြဿနာ မဖြစ်ရတာတွေ အများမှ အများကြီးရယ်။ ဖေဖေနဲ့ ပတ်သက်ပြီး ကေသရီ သိသမျှတွေကို ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်မှာစိုးလို့ မိုးမိုးကိုရော ဒေါ်လေးခင်ကိုပါ ဘာမှ ပြန်မပြောတာတွေ ရှိတယ်။ ဖေဖေက ကေသရီတို့ နေတဲ့ နေရာနဲ့ တော်တော်လေးဝေးတဲ့ စက်မှု မြို့သစ်မှာ သွားပြီး အလုပ်လုပ်ရတာ။ ဖေဖေ ပိုင်တဲ့ စက်ရုံတွေက ရေသန့်စက်ရုံတို့၊ သံဆူးကြိုး စက်ရုံတို့ ဆိုတော့ မိုးလင်းတာနဲ့ ကားတစီးနဲ့ ထွက်ရော။ တခါတလေ နေ့လယ်စာကို အိမ်ပြန်စားတယ်။ မဟုတ်ရင် မိုးမိုးက အိမ်သုံးကားနဲ့ ထမင်းချိုင့် ပို့ပေးရတယ်။ ညနေလေးနာရီလောက်မှ ပြန်လာတယ်။ အလုပ်အကြောင်းကို ဖေဖေက ပြောမပြတော့ ကေသရီတို့ ဘာမှ မသိကြပါဘူး။ ဒေါ်လေးခင်က သူ သိသလောက် ပြန်ပြောပြတယ်။

"အလုပ်သွားတယ် ဆိုပေမဲ့လည်း ဟိုမှာက သူခန့်ထားတဲ့ ဝန်ထမ်းတွေက အများကြီးပါအေ။ သူနေရာနဲ့သူ အကိုက်ပါ။ ညည်းအဖေဖြင့် အလုပ်လုပ်တယ် ဆိုတာထက် ဧည့်သည်နဲ့ပဲ တွေ့နေတယ် ထင်တာပါပဲ"တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လို ညှော်သည်မျိုးလဲ ဆိုတာတော့ ကေသရီက ခန့်မှန်းတတ်ပါ့။ ဟင်း ဟင်း...။

ကိုယ့်အဖေကိုယ် အကောင်း မမြင်ဘူးလို့ မထင်လိုက်ပါနဲ့နော်။ ကေသရီက လက်တွေ့ ပြောတာပါ။ မှတ်မိသေးတယ်။ ကေသရီ တက္ကသိုလ်ဝင်တန်းရောက်တဲ့ နှစ်မှာ နီနီ မဲဆွယ်လို့ ညပိုင်းကို ဂိုက်တန်းတက်ဖြစ်တယ်။ အဲဒီကိစ္စကို စတဲ့သူကတော့ ကေသရီပါ။ ဖေဖေ့ကို မပူဆာစဖူး ပူဆာတာလေ။

"ဖေဖေ၊ ကေ ညပိုင်းမှာ ဂိုက်တန်းတက်ချင်တယ်။ အဲဒီမှာ နားမလည်တဲ့ စာတွေကိုလည်း ပြန်ရှင်းပြပေးတယ်။ တခြားကို သွားရမှာတော့ မဟုတ်ဘူး။ ကေ့ သူငယ်ချင်း နီနီရဲ့ အမေ ဖွင့်တာ"

လို့ ပြောတော့ ဖေဖေက ကေ့ကို အံ့အံ့သြသြ သဘောတွေကျပြီး -

"ဝါ့သမီးက တယ်ဟုတ်နေပါလား။ တက်လေ တက်ပေါ့"

လို့ ဝမ်းသာအားရ ပြောတယ်။

"ဒီတိုင်း တက်လို့တော့ မရဘူး ဖေဖေ၊ တလကို တသိန်းပေးရမှာ"

ဆိုတော့လည်း -

"ရတယ်လေ ပေးမှာပေါ့"တဲ့။

"အဲဒါလည်း မပြီးသေးဘူး ဖေဖေရဲ့ ညဆို ကေ့ကို ဘယ်သူ လာကြိုမှာလဲ။ ကားသမား အဘကြီးက ညနေဆို ပြန်တာလေ။ ဟိုက ည ဆယ်နာရီမှ ပြီးမှာ"

လို့ ဆက်ပြောတော့ -

"ဒါလည်း ရတယ်။ ဖေဖေ ကြိုမယ်"

လို့ ရှောရှောရှူရှူ ကတိပေးသေးတယ်။

လာတော့ ကြိုပါရဲ့။ မပြောချင်ပါဘူး။ တယောက်တည်း လာမကြိုဘူး။ တခါ တလေမှာ မိန်းမတယောက် ပါပါလာတယ်။ ကေသရီက စာတွေ လုပ်လာရတော့ မောပြီ၊ အိပ်ချင်ပြီ ဆိုတော့ ပါလာတဲ့ မိန်းမကိုလည်း စိတ်ဝင်စားမနေပါဘူး။ အဲဒီ မိန်းမကို ဘယ်တော့မှ အိမ်အထိ လိုက်မပို့ဘူး။ လမ်းတလမ်းရဲ့ ထိပ်မှာ ချချထား ခဲ့တာ။ ထူးခြားတာက ချထားခဲ့တဲ့လမ်း တလမ်းတည်း ဟုတ်မနေတာပဲ။

နောက်တော့ နည်းနည်း ထူးဆန်းပါတယ် ဆိုပြီး နောက်ခန်းမှာ ပါပါလာ တတ်တဲ့ မိန်းမကို စောင်းငဲ့ကြည့်မိတယ်။

ဟောတော်... မိန်းမဟာ တယောက်တည်း မဟုတ်လေဘူး။ ကေသရီ့အထင် ပြောရရင် တပတ်မှာ သုံးရက်လောက် မိန်းမ ပါလာခဲ့ရင် တခါ တယောက် ဖြစ်နေ လေရော။


mgyoe.com

mgyoe.com SAMPLE BOOK

ကေသရီလား… မေးမနေပါဘူး။ ဒါ ဖေဖေ့ အပိုင်းလေ။ သူတို့ ဘယ်လို ပတ်သက်ပြီး ညကြီးမင်းကြီးမှာ ဒီလိုပါလာတယ် ဆိုတာလည်း မေးကောင်းတာမှ မဟုတ်ဘဲလေ။ မိန်းမတယောက်ကတော့ ကေသရီ့ကို ရောချင်ပုံ ရတယ်။

"သမီးက ဘယ်နတန်းလဲ" တို့၊ "ဒီချိန်ကြီးထိ စာလုပ်နေရတာ ပင်ပန်းမှာပဲနော်" တို့ လေပြေသွေးပြီး လာရောဖို့ ကြိုးစားသေးတယ်။ ကေသရီပဲလေ၊ ဘာပြန်ပြောနေလိမ့်မလဲ။ မျက်နှာ ရှုသိုးသိုးနဲ့ လှည့်တောင် မကြည့်ဘူး။ ဖေဖေက –

"မေးနေတယ်လေ သမီး"

လို့ ပြောတော့ –

"သမီးတက်နေတဲ့ အတန်း သိဖို့ လိုလို့လား"

လို့ ဖေဖေ့ကို အသံမာနဲ့ ပြန်ပြောမိသေး။ အမယ်လေး… ပြောပြီးမှ ကြောက်လိုက်တာ။ ကားမောင်းနေတုန်းမို့၊ မဟုတ်ရင် ရိုက်ချင်စရာကြီး။ ဒါပေမဲ့ ဖေဖေက ဘာမှ ပြန်မပြောဘဲ ငြိမ်သွားရှာတယ်။

မိန်းမတွေ ပါမလာတဲ့ အခါမျိုးမှာတော့ ဖေဖေ့ကို ကေက မေးလိုက်သေးတယ်။

"ဖေဖေ့မိန်းမတွေ ပါမလာဘူးလား"

ဆိုတော့ ဖေဖေက အသံထွက်ပြီး ရယ်တယ်။

ဖေဖေ ရယ်တဲ့အခါ အနံ့တမျိုးကို စူးခနဲ ရလိုက်တယ်။ မွှေးသလို ချိုသလိုမျိုး။ ဒါဆို ဖေဖေ နည်းနည်းတော့ သောက်လာပြီ ဆိုတာ သိနေပြီ။ အဲဒီလိုနေ့မျိုးဆို ဖေဖေက စကားများများ ပြောတယ်။

"အဲဒါတွေက ဖေဖေ့ မိန်းမတွေ မဟုတ်ပါဘူးကွာ။ ဖေဖေ မိန်းမ မယူပါဘူး" တဲ့။

ကေသရီ စိတ်အေးသွားတယ်။ ဒါဆိုလည်း ပြီးရော၊ ဘယ်လိုမိန်းမ ဖြစ်ဖြစ် မေးမနေပါဘူး။ မိုးမိုးတို့၊ ဒေါ်လေးခင်တို့ကိုလည်း ပြန်ပြောမနေတော့ပါဘူး။

နောက်ပိုင်းမှာတော့ ကေသရီက ဖေဖေနဲ့ ပိုပြီး အဆင်ပြေလာတယ်လို့ ထင်မိတယ်။ အထူးသဖြင့် နိုင်ငံအမေ ကျေးဇူးနဲ့ စာကျက်ပျင်းတဲ့ ကေသရီဟာ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့တော့ ဖေဖေ့မှာ ကေသရီ့ကို ဂုဏ်ပြုလို့ မဆုံးတော့ဘူး။ ဒါပေမဲ့ ကေသရီ ပူဆာတာကတော့ မရခဲ့ဘူး။

ကေသရီက ဆိုင်ကယ် လိုချင်တာ။ ကျောင်းကို ဆိုင်ကယ်နဲ့ လွတ်လွတ် လပ်လပ် သွားချင်ခဲ့တာ။ အဲဒါတခုတော့ အန္တရာယ်များလို့ ဆိုင်ကယ် မစီးရဘူးလို့ ပြောတယ်။


mgyoe.com